www.burmeseclassic.com



www.burmeseclassic.com



# မာတိကာ


၁။ တာတေ

ငရဲဂူမှတာရွှေထောင် .................... ၅

၂။ မင်းဘုန်းသိမ်သူ

မျောက်ခေါင်းဂူနှင့်ပန်းရနံ့ဖန်ဆင်းသူ ......... ၃၃

၃။ မောင်မောင်မိုးအောင်

ဗိုညဥ်လေလား တစ္ဆေလား ................ ၉၃

၄။ ဘိုး[illegible]ဒင်

ဆယ့်နှစ်ကြိုး ဖွားငွေမျှင်နှင့်

ဖိုးသူတော် ဦးရွှေသီး ................ ၁၃[illegible]


www.burmeseclassic.com

www.burmeseclassic.com



# ငရဲဂူမှ တစ္ဆေထောင်

## တာတေ

ဘယ်သူက ယုံမှာတုံးဗျာ။ ကျုပ်ပြောလည်း ခင်ဗျား မယုံဘူး။ ခင်ဗျားပြောလည်း ကျုပ်ယုံမှာမဟုတ်ဘူး။ ဒါပေမဲ့ ဒါက တကယ်ဗျ။ တကယ်ကိုရှိနေတာ။ အမှန်အတိုင်းပြောရရင် ကျုပ်လည်း ဒီအကြောင်းကို ဘယ်တုန်းကမှ သိခဲ့တာမဟုတ် ဘူးဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကိုလည်း ကျုပ်ရဲ့ဆရာသမားတွေက ဒီအကြောင်းကို ဘယ်တုန်းကမှ ပြောခဲ့တာမဟုတ်ဘူးလေဗျာ။ ဟုတ်တော့လည်း ဟုတ်တယ်ဗျ။ တာတေဆိုတဲ့ ကျုပ်က ဆရာ့မှ မဟုတ်တာ။ စပ်စပ်စုစုလုပ်ချင်လို့သာ ဆရာတွေနောက် လျှောက်လိုက်နေတဲ့ကောင်လေဗျာ။

ဒီတော့လည်း ကျုပ်ကို ဆရာအစဉ်အဆက် လက်ဆင့်ကမ်းပြီး ပညာပေးသလိုတော့ ဘယ်သူမှ ပေးကြမှာမဟုတ်ဘူးလေဗျာ။

ကျုပ် အဲဒီကိုရောက်သွားခဲ့တဲ့ အကြောင်းရဲ့အစက ဒီလိုဗျ။ ဘန့်ဘွေးကုန်းက သိန်းဇော်တို့အိမ်မှာ ပုဏ္ဏကတိုက်သလိုဘာလို ဖြစ်တာက စတာပေါ့ဗျာ။ ဘန့်ဘွေးကုန်းက ကျုပ်သူငယ်ချင်း သိန်းဇော်ဆိုတာ ကျုပ်ပြောခဲ့ဖူးပါတယ်။ ကျုပ်နဲ့ ဒီကောင်နဲ့က မြို့ကျောင်းတက်တုန်းက အတူတူတက်ကြတာလေဗျာ။

ဆောင်းတွင်းကြီးဗျ။ နတ်တော်လား၊ ပြာသိုလားသာ ကျုပ်မမှတ်မိတော့တာ။ ရွာထဲက ကျောက်ခဲတို့၊ သံမဏိတို့၊ မျက်ပြူးတို့အုပ်စုတွေနဲ့ ကျုပ်က ဝိုင်းထဲမှာ မီးလှုံနေတာဗျ။ နှမ်းရိုးတွေ မီးရှို့လို့ပေါ့ဗျာ။ ရေနွေးကြမ်းလေးသောက်လိုက်၊ ကျုပ်ကြုံခဲ့ဖူးတာလေးတွေ ဒီကောင်တွေကို ပြောပြလိုက်။ ဒီကောင်တွေကလည်း ကျုပ်ကို နိုက်နိုက်ချွတ်ချွတ်တွေ မေးကြတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် တာတေ၊ တာတေရေ။ ငါပါကွ။ သိန်းဇော်ပါ"

သိန်းဇော်ရဲ့ အသံကြီးက ဝိုင်းဝကနေ ပေါ်လာတာဗျ။ ကျုပ်တို့ရွာတွေမှာက ခင်ဗျားတို့ မြို့တွေမှာလို ဓာတ်မီးတိုင်ရှိတာမှ မဟုတ်တာ။ မှောင်လို့ပေါ့ဗျ။

"ဟင်...သိန်းဇော်ပါလား။ ဒီကောင် ညကြီးမိုးချုပ် ဘာဖြစ်လာတာတုံး"

ကျုပ်က တစ်ယောက်တည်း ခပ်တိုးတိုးပြောလိုက်ပြီး လှမ်းခေါ်လိုက်တယ်။

"ဟာ...သိန်းဇော်ကြီးလား။ လာလေကွာ၊ ဝင်ခဲ့၊ ဝင်ခဲ့"

ခပ်ဟဟ လှပ်ထားတဲ့ ဝိုင်းတံခါးကို တွန်းပြီး သိန်းဇော် ဝင်လာတယ်။ ဝိုင်းထဲဝင်တယ်ဆိုရင် ဒီကောင် ကျုပ်ဆီကို တန်းမလျှောက်လာတာဗျ။

"လာ...သိန်းဇော်၊ ဒီထင်းတုံးပေါ်မှာပဲ ထိုင်ကွာ။ ငါတော့ အေးတာနဲ့ ကလေးတွေခေါ်ပြီး မီးလှုံနေတာကွ"

သိန်းဇော်က ကျုပ်ထိုင်တဲ့ ထင်းတုံးကြီးမှာပဲ ကျုပ်ဘေးကပ်ပြီး ထိုင်လိုက်တယ်။ ဒီတော့မှ ကျုပ်က ဒီကောင့်ကို သေသေချာချာ ကြည့်လိုက်မိတာဗျ။ ဒီကောင့်တစ်ကိုယ်လုံး ချွေးတွေကို ရွှဲနေတာဗျို့။ ဒီလောက်အေးတဲ့ အချိန်ကြီးမှာ ဒီကောင် ချွေးတွေရွှဲနေတော့ သိန်းဇော် တရကြမ်းပြေးလာတဲ့ပုံပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



"သိန်းဇော်…မင်းပြေးလာတာလား။ ဘာအရေးကြီးလို့တုံးကွ"

ကျုပ်ကမ်းပေးလိုက်တဲ့ ရေနွေးကြမ်းပန်းကန်ကို နှုတ်ခမ်းမှာ တေ့ပြီး ဖရူး ဖရူးနဲ့ သောက်ချလိုက်တယ်ဗျို့။ ပြီးတော့ နောက်တစ်ခွက် ထပ်သောက်တယ်။ ဒီတော့မှ ဒီကောင် အမောပြေသွားပြီး ကျုပ်ကို ပြောတာဗျ။

"တာတေ…ငါတို့အိမ်မှာ ထူးထူးဆန်းဆန်းတွေ ထဖြစ်နေလို့။ ငါကြောက်ပြီး မင်းဆီကို တန်းပြေးလာတာကွ"

"ဟေ…ဘာတွေဖြစ်လို့တုံးကွ၊ သိန်းဇော်ရ"

"ငါတို့အိမ်ကြီးကို မင်းသိသားပဲ တာတေ။ ကျွန်းတိုင်ကြီးတွေနဲ့ အဘဆောက်ထားတာပဲဟာ။ ခေါင်ကလည်း နှစ်လုံးနဲ့ပဲဟာ"

"အေးလေ၊ ဟုတ်သားပဲ။ ဘန့်ဘွေးကုန်းမှာ မင်းတို့အိမ်ကြီးအိမ်ကောင်း စာရင်းဝင်တာပဲလေ"

"အေး..အခု အဲဒီအိမ်ကြီးက တကျွိကျွိနဲ့ ယိမ်းထိုးပြီး လှုပ်နေလို့ကွ"

"ဟေ…အိမ်ကြီးက လှုပ်နေတယ်။ ဟုတ်လား သိန်းဇော်"

"အေး…ဟုတ်တယ်။ ငါတို့အိမ်က အရှေ့လှည့်လေကွာ။ အဲဒါ တောင်နဲ့မြောက်ကို ယိမ်းထိုးလှုပ်တာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဘယ်လိုဖြစ်တာတုံးကွ"

"မသိဘူး ဟာတေ။ အိမ်နီးချင်း ဝိုင်းချင်းကပ်နေတဲ့ ဘိုးသီလတို့၊ အရီးစိန်ညိုတို့ကို ခေါ်ပြတော့လည်း ဘိုးသီလတို့က 'ဟ…မလှုပ်ပါဘူးကွ။ ဘယ်မှာလှုပ်လို့တုံး' လို့ ပြောတယ်ကွ။ ဒါပေမဲ့ ငါတို့အိမ်သားတွေကတော့ အိမ်ကြီးလှုပ်နေတာကို လူတိုင်း သိတယ်ကွ"

"ဟော…ဘယ်လိုဖြစ်တာတုံးကွာ"

"အဘနဲ့ အမေကလည်း တာတေကို ချက်ချင်းသွားခေါ်ချည်း ပြောနေတာကွ"

"အေးပါ…သိန်းဇော်ရာ၊ ငါလိုက်ခဲ့မှာပေါ့"

"ကိုကြီးတာတေ၊ ကျုပ်နဲ့ သံမဏိလည်း လိုက်ခဲ့မယ်"

"ဟာ…ကျောက်ခဲနဲ့ သံမဏိကလည်း မကြောက်မလန့်ကွာ။ ဒီကလေးတွေနှယ်…"

သိန်းဇော်က ကျောက်ခဲတို့ကို ဟန့်တာဗျ။ ကျောက်ခဲတို့ နှစ်ယောက်ကလည်း ဘန့်ဘွေးကုန်းတစ်ရွာလုံးနဲ့ လူခင်တွေပဲ ကိုဗျ။

"ကိုကြီးသိန်းဇော်…ကျုပ်တို့က ကိုကြီးတာတေနဲ့ လိုက်နေကြပါဗျ"

"ဟော…ဟုတ်လား တာတေ။ ဒီကောင်တွေပြောတာ"

"အေး…ဟုတ်တယ်ကွ သိန်းဇော်ရ။ ကျောက်ခဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



သံမဏိက တော်တော်တော့ အားကိုးရသားကွ”

“ဟာ…ဒါဆိုရင်လည်း လိုက်ခဲ့ကြပေါ့ကွာ။ ကိုကြီး သိန်းဇော်က သိမှမသိတာ”

ကျုပ်အိမ်ပေါ်တက်ပြီး အဘနဲ့ အမေ့ကို အကျိုးအကြောင်းပြော၊ ဆေးလွယ်အိတ်ယူပြီး လိုက်ခဲ့ရတာပေါ့ဗျာ။ ဝိုင်းထဲက မီးတွေငြိမ်းပြီး မျက်ပြူးတို့ကိုတော့ အိမ်ပြန်နိုင်းလိုက်ရတာပေါ့ဗျာ။

သိန်းဇော်တို့ အိမ်ဝိုင်းဝကို ရောက်တော့ အားလုံးငြိမ်လို့ဗျ။ ခွေးတောင် မဟောင်ဘူး။

“သိန်းဇော်…တစ်ဝိုင်းလုံး ငြိမ်လို့ပါလားဟ”

“ငြိမ်ဆို အဘရော၊ အမေရော၊ ငါ့အစ်မတွေရော ဘိုးသီလတို့ဝိုင်းထဲ ပြေးကြပြီလေကွာ။ ခွေးတွေပါ ပြေးတာကွ တာတေရ”

ကျုပ်က ဝိုင်းထဲဝင်ပြီး အိမ်ကြီးပေါ်ကို တက်ခဲ့တယ်။ သိန်းဇော်က မီးမှုတ်ထားတဲ့ လသာမှန်အိမ်ကို မီးခတ်ခတ်ပြီး မီးပြန်ထွန်းလိုက်တယ်။ အိမ်ကြီးထဲမှာ လင်းသွားတာပေါ့ဗျာ။

“ကျွိ…ကျွိ…ကျွိ…ကျွိ….ကျွိ…ကျွိ”

“ဟာ…လှုပ်ပြီဟေ့။ တာတွေ တွေ့လား၊ လှုပ်ပြီ၊ လှုပ်ပြီ”

ဟုတ်တယ်ဗျို့။ သိန်းဇော်ပြောတဲ့အတိုင်း အိမ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



တောင်မြောက် ယိမ်းထိုးပြီး လှုပ်တာဗျ။ ကျောက်ခဲနဲ့ သံမဏိတောင် လန့်ပြီး ထိုင်ချလိုက်တယ်။

ကျုပ်လည်း စလွယ်သိုင်းထားတဲ့ ဆေးလွယ်အိတ်ထဲက မျက်ကွင်းဆေးကို ထုတ်ယူပြီး သိန်းဇော်တို့ ကျောက်ပျဉ်မှာ သွေးလိုက်တယ်။

မျက်ကွင်းဆေးကွင်းပြီးတာနဲ့ ကျုပ်က ပြတင်းပေါက်နေ အပြင်ကိုကြည့်တယ်။ ဘာမှမတွေ့ဘူးဗျ။ အိမ်ရဲ့ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်၊ အရှေ့ဘက် စုံအောင်ကြည့်တယ်။ ဘာမှမတွေ့ရဘူး။

ကျုပ်လည်း အတွေးနည်းနည်းကျပ်သွားတယ်။

"ကျွီ…ကျွီ…ကျွီ…ကျွီ…ကျွီ"

အိမ်ကြီးကတော့ လှုပ်လာပြန်ပြီဗျို့။ ကျုပ်လည်း အိမ်ပေါ်က ဆင်းပြီး ဝိုင်းထဲမှာ လျှောက်ကြည့်တယ်။ ဘာမှမတွေ့ဘူးဗျ။ အိမ်ကို တစ်ပတ်ပတ်ကြည့်တယ်။ ကျုပ်နောက်က သိန်းဇော်နဲ့ ကျောက်ခဲတို့နှစ်ယောက်က ထက်ကြပ်မကွာ ပါလာတာပေါ့ဗျာ။

"ကျွီ…ကျွီ…ကျွီ‥ကျွီ"

အိမ်ကြီးက လှုပ်နေတာပဲဗျ။ ကျုပ်လည်း အကြံအိုက်နေပြီး ကျုပ်ဝိုင်းပေါက်ဝကို လျှောက်လာတယ်။ ကျုပ်သစ်ပင်ကြီးတွေကို မော့ကြည့်ပြီး စဉ်းစားတယ်။ အဲဒီမှာ သရက်ပင်ကြီးတစ်ပင်က တော်တော်ကို မြင့်တာဗျ။ ကျုပ်စိတ်ထဲမှာ ဝိုင်းကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံးကို အပေါ်စီးက ကြည့်ချင်စိတ်ဖြစ်လာတယ်။ လရောင်ဝါးဝါး လေးရဲ့ အကူအညီကိုယူပြီး ကျုပ် သရက်ပင်ကြီးပေါ်ကို တက်ခဲ့ တယ်။

"ကိုကြီးတာတေ၊ သတိထားဦးနော်။ ညဘက်ကြီး မမြင်မစမ်းနဲ့"

"အေး…အေး၊ ငါသတိထားတယ် ကျောက်ခဲ"

ကျုပ်က သရက်ကိုင်းတွေကို တစ်ကိုင်းပြီးတစ်ကိုင်း တက်လာခဲ့တယ်။ အမြင့်ဆုံးကိုင်းကြီးပေါ်မှာ သေသေချာချာ ထိုင်ချလိုက်ပြီး ဝိုင်းကြီးတစ်ခုလုံးကို အပေါ်စီးကနေ ငုံ့ကြည့် လိုက်တယ်။ ပြီးတော့ သိန်းဇော်တို့အိမ်ကြီးရဲ့ ခေါင်မိုးပေါ်ကို ကြည့်လိုက်မိတယ်။

"ဟာ…"

ကျုပ်ပါးစပ်က အသံတောင်ထွက်သွားသလား မသိပါ ဘူးဗျာ။ ခေါင်မိုးပေါ်မှာ ကားယားကြီးခွထိုင်နေတဲ့ အကောင် ကြီးဗျ။ နည်းတဲ့အကောင်ကြီး မဟုတ်ပါဘူးဗျာ။

ခေါင်းကြီးက စိတ်ဝင်ပုတ်လောက် ရှိမယ်ဗျို့။ ကိုယ် လုံးကြီးက ရာဝင်ပုတ်လောက်ရှိတယ်။ ကျုပ်ပြောတဲ့ ပုတ်ဆိုတာ စပါးထည့်တဲ့ပုတ်ကို ပြောတာလေဗျာ။ အောင်မလေးဗျာ… ခြေထောက်ကြီးတွေက သစ်ပင်ပင်စည်လောက်ကြီးတွေဗျ။

အမွေးအမှင်တော့ မရှိဘူး။ ဆင်ကြီးတွေရဲ့ အရေလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းတွန့်တွန့်ကြီးဗျ။ မြောက်ဘက်ကို လှမ်းကြည့်နေတာ
မျက်လုံးကြီးတွေက ဟင်းသောက်ပန်းကန်ကြီးတွေလောက် ရှိတ
ဗျို့။ နီရဲပြီး အပြင်ကို ပြူးထွက်နေတာဗျ။

ဒါဘာကြီးတုံးဆိုတာ ကျုပ်တွေးနေတာ။ တစ္ဆေကြီးလာ
သဘက်ကြီးလား။ နားရွက်ကတော့ သိပ်အကြီးကြီးမဟုတ်ဘူ
ကျုပ်တို့၊ ခင်ဗျားတို့ အိမ်မှာခတ်တဲ့ စလူယပ်တောင်ကြီးလော
ပဲ ရှိတာဗျ။

"ကျွိ…ကျွိ…ကျွိ…ကျွိ…ကျွိ"

လက်စသတ်တော့ ဒီလိုကိုး။ ခေါင်မိုးမှာ ကားယားပြ
ခွထိုင်နေတဲ့ အကောင်ကြီးက ကိုယ်လုံးကြီးကို ရှေ့တိုးနောက်
နဲ့ လှုပ်နေတာဗျ။ ဒါကြောင့် သိန်းဇော်တို့အိမ်ကြီးက တော
မြောက်ကို ယိမ်းထိုးနေတာကိုး။ ဟော…ဟော…ငြိမ်သွား
ပြီ။ အိမ်ကြီးလည်း ငြိမ်သွားရောဗျ။

"ကျွိ…ကျွိ…ကျွိ…ကျွိ…ကျွိ"

ဟော…လှုပ်ပြန်ပြီ၊ လှုပ်ပြန်ပြီ။ ကိုယ်လုံးကြီးကို ရှေ့
နောက်ငင်နဲ့ ယိမ်းထိုးပြန်ပြီဗျို့။ သူယိမ်းထိုးတိုင်း အိမ်ကြီး
ယိမ်းတော့တာပေါ့ဗျာ။

ကျုပ်ဟာ သရက်ပင်ကြီးပေါ်ကနေ သေသေချာချာ
ပြီး ပြန်ဆင်းလာတယ်။

"ကိုကြီးတာတော ဘာတွေ့တုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲက ကျုပ်အနားကိုကပ်လာပြီး လေသံခပ်အုပ်အုပ်နဲ့ မေးတာဗျ။ သိန်းဇော်လည်း ကျုပ်နားကို ကပ်လာတယ်။

"တာတေ…မြင်ခဲ့လား"

"အေး…ငါမြင်ခဲ့တယ် သိန်းဇော်။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးကွ။ မင်းတို့အိမ်ခေါင်မိုးပေါ်မှာ ကားယားကြီးခွထိုင်နေတာကွ။ အဲဒီကောင်ကြီးက ရှေ့တိုးနောက်ငင် ထထပြီးယိမ်းထိုးတာဟ။ ဒါကြောင့် မင်းတို့အိမ်ကြီးက ယိမ်းထိုးနေတာ"

"ဟော…ဒါဆိုရင် ဘယ်လိုလုပ်မတုံး တာတေ"

"သိန်းဇော်…ငါက ဆရာမှမဟုတ်တာ။ ငါဘယ်လုပ်တတ်မှာတုံး။ ဒါပေမဲ့ မင်းမပူပါနဲ့ကွာ။ ငါ ဖဲဝါကို မနက်ဖြန်ညမှာ သေသေချာချာပင့်ပြီး မေးပေး[illegible]"

"ဟော…မနက်ဖြန်ညမှ မေးမှာ ဟု[illegible]သား တာတေ။ ဒါဆိုရင် ဒီကောင်ကြီးက ငါတို့အိမ်ပေါ်မှာ[illegible]တိုင်းရှိနေမှာပေါ့ ဟုတ်လား။ မတော် ရွာထဲဝင်ပြီး ဒုက္ခပေးမှဖြင့်ကွာ။ သူငယ်ချင်းတာတေ…မင်းမဖဲဝါကို ဒီညပဲ ပင့်ပါလားကွာ။ ဘာတွေလိုလဲပြော တာတေရာ။ ငါချက်ချင်းစီစဉ်ပေးပါ့မယ်"

"ဟင်…ဒါဆိုရင် မင်းလက်က နာရီကို ကြည့်စမ်း သိန်းဇော်"

"ခုမှ ၈ နာရီပဲ ရှိသေးတာကွ တာတေရ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ဒါဆိုရင်တော့ မှီပါသေးတယ်။ ကြက်တစ်ကောင်ချက်၊ ဆန်တစ်ခွက် ထမင်းချက်ကွာ၊ ဖြစ်မလား"

"အို…သိပ်ဖြစ်တာပေါ့ကွာ။ လာ…တာတေ၊ ဘိုးသီလတို့ဝိုင်းကို သွားမယ်"

ကျုပ်တို့ ဘိုးသီလနဲ့ အရီးစိန်ညိုတို့အိမ်ကို ရောက်တော့ သိန်းဇော်က အကျိုးအကြောင်းအားလုံး ပြောပြတယ်။

"ဟာ…ဒါဆိုရင် အချိန်မဆိုင်းနဲ့လေကွာ။ သိန်းဇော် ဝိုင်းနောက်ဘက်ကိုသွားပြီး ကြက်တစ်ကောင်ဖမ်းပြီး လုပ်လိုက်လေ။ အသံမပြည်စေနဲ့နော်။ ဟဲ့…စိန်ညို၊ နင်က ဆန်တစ်ခွက် ကပျာကယာချက်စမ်း။ သမီးမယ်တင်နဲ့ မယ်ရင်က မီးကပျာကယာ မီးမွှေးတဲ့လူကမွှေး၊ ငရုတ်သီးတစ်ဆုံကို ထောင်းတဲ့လူက ထောင်း။ မီးဖိုကို နှစ်ဖိုခွဲပြီး မွှေးစမ်း။ ထမင်းချက်တုန်း ဟင်းပါ တစ်ပြိုင်တည်းချက်ရမယ်"

မြန်လိုက်တဲ့ ဘိုးသီလဗျာ။ တစ်နာရီလောက်ကြာတော့ ကျုပ်ကို ထမင်းတောင်းပြင်ပေးပြီးပြီဗျ။

ဘန့်ဘွေးကုန်းသင်္ချိုင်းကို သွားဖို့ ကျုပ်ပြင်ရတော့တာပေါ့ဗျာ။ သိန်းဇော်ကို စောင့်နေတာဗျ။ ဒီကောင် နတ်ကတော် သွားခေါ်တယ်။ တိုက်ဆိုင်လိုက်တာမှဗျာ။ မီးလောင်ကုန်းက ဒေါ်ထွန်းက ဒီည ဘန့်ဘွေးကုန်းမှာ အိပ်တယ်ဆိုပဲ။ မနက်ဖြန်မှာ ရွာတောင်ပိုင်းက အိမ်တစ်အိမ်မှာ နတ်တင်ပေးဖို့တဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဟော…လာပြီ၊ သိန်းဖော်လာပြီဗျို့။ ဟာ…သိန်းဖော် နောက်မှာ ဒေါ်ထွန်းလည်း ပါလာတာကိုး။ နေရာကျပြီပေါ့ဗျာ။

ဘန်ဒွေးကုန်းသင်္ချိုင်းထဲကိုရောက်တော့ ခပ်ကျယ်ကျယ် ဂူတစ်လုံးကို ရှာရတယ်။ ပြီးတော့ အဲဒီဂူကြီးပေါ်မှာ ငှက်ပျော ဖက်ခင်းပြီး မဖဲဝါအတွက် စားပွဲကို ပြင်လိုက်တယ်။ ရေတစ်ခွက် လည်း ဖလားနဲ့ချပေးထားတယ်။ ဂူပေါ်မှာ ဖယောင်းတိုင်တစ် တိုင်ထွန်းပြီး ကျုပ်က မဖဲဝါကို ပင့်လိုက်တယ်။

အရိုးဒေါ်စိန်ညို ချက်ပေးလိုက်တဲ့ ကြက်သားဟင်းနံ့က မွှေးကြိုင်ပြီး ထွက်လာတာဗျို့။ ကျုပ် မဖဲဝါကို စိတ်ညွတ်ပြီး သေသေချာချာ ပင့်တယ်။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်စူဝံအတွင်း ရောက်ရာအရပ်၊ ရှိရာအရပ်ကနေ မြန်မကြာ လှမ်းကာကြွခဲ့ပါ။ သင်္ချိုင်းရှင် မဖဲဝါဗျာ။ ဟနောင်းကုန်းက ကျုပ် တာတေ ပင့်ဖိတ်ပါတယ်"

ဒေါ်ထွန်းက ဒီအလုပ်ကို ကျုပ်နဲ့လုပ်နေကျဆိုတော့ ပြော စရာမလိုတော့ဘူးပေါ့ဗျာ။ ဂူရှေ့မှာ ဆံပင်ဖြေချပြီး ကျုံ့ကျုံ့လေး ထိုင်နေတယ်။ လက်အုပ်ကလေးချီလို့ပေါ့ဗျာ။

"ဟီး…ဟီး…ဟီး"

ဟော…မဖဲဝါရောက်လာပြီဗျို့။ ဒေါ်ထွန်းက ခြေတွေ၊ လက်တွေ ကွေးကောက်ပြီး "အဟိ…ဟီး"နဲ့ အော်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟော…မတ်တတ်ထရပ်ပြီဗျို့။ ဟော…ခုန်ပြီ၊ ဒေါ်ထွန်းခုန်ပြီဗျို့။ ဒေါ်ထွန်း လွှားခနဲခုန်လိုက်တာ ဖက်ရွက်ကလေးလွင့်သွားသလိုပါပဲဗျာ။

ဟော…မဖဲဝါ စားပြီဗျို့၊ စားပြီ။ ထမင်းရော၊ ဟင်းရောကို အားရပါးရကို စားတာဗျို့။ ထမင်းစားရင်းနဲ့ ကျုပ်ကိုမော့ကြည့်တယ်။

ကျုပ်သိတာပေါ့။ မဖဲဝါ ကျုပ်ကိုမေးပြီလေဗျာ။ ကျုပ်မဖဲဝါကို ပြောပြလိုက်တယ်။

"မဖဲဝါ…ဘန့်ဘွေးကုန်းက အိမ်ကြီးတစ်အိမ်ရဲ့ ခေါင်မိုးပေါ်မှာ အကောင်ကြီးတစ်ကောင် ရောက်နေတယ်ဗျ။ တစ္ဆေကြီးလား၊ သဘက်ကြီးလားတော့ ကျုပ်မသိဘူးဗျ။ ဆင်ကြီးတစ်ကောင်ရဲ့ အရေခွံလို မည်းမည်းကြီးဗျ"

"ဟင်…ဟုတ်လား တာတေ။ ဟာ…ဒီကောင်ကြီး တစ္ဆေထောင်က ထွက်ပြေးတာလာပါလား။ ဒီကောင်က အင်းဝခေတ်တည်းက ကောင်ကြီး။ သိပ်ဆိုးလွန်းလို့ ထောင်ချထားတာ"

"ဗျာ…တစ္ဆေတွေကို ထောင်ချလို့ရသလားဗျ။ တစ္ဆေထောင်ဆိုတာ ဘယ်မှာရှိတုံး မဖဲဝါ"

"ရှိတယ်။ ငရဲဂူထဲမှာ တစ္ဆေထောင်ရှိတယ်။ နင်ကြည့်ချင်ရင် ငါပို့ပေးမယ်"

"ဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့။ ငါ့ခွေးကြီး နက်ကျော်ကို နင်စီးပြီး လိုက်သွား။ နက်ကျော် နင့်ကို လိုက်ပို့လိမ့်မယ်။ အခု နင်ပြန် တော့။ အင်းဝတစ္ဆေကြီးကို ငါ ပြန်ဖမ်းခိုင်းလိုက်မယ်။ ဒီကောင် ကြီးကို လွှတ်ထားလိုက်ရင် ဘန့်ဘွေးကုန်းသားတွေ အူတွေ၊ အသည်းတွေ နုတ်စားခံရလိမ့်မယ်"

"ဟာ"

မဖဲဝါက ဒေါ်ထွန်းကို စီးပြီးပြောတာဆိုတော့ သိန်းဇော် တို့၊ ကျောက်ခဲတို့လည်း ကြားတာပေါ့ဗျာ။

ထမင်းရော၊ ဟင်းရော စားလို့ကုန်တော့ မဖဲဝါ ထွက် သွားရောဗျာ။ ကျုပ်နဲ့ သိန်းဇော်လည်း ခွေခေါက်ပြီး လဲကျသွားတဲ့ ဒေါ်ထွန်းကို ပြေးပွေ့ပြီး သတိရအောင် လုပ်ကြရတာပေါ့ဗျာ။

ကျုပ်တို့ ဘန့်ဘွေးကုန်းကို ပြန်ရောက်တော့ ကျုပ်က သိန်းဇော်တို့ဝိုင်းထဲက သရက်ပင်ကြီးပေါ်ကို ပြန်တက်ပြီး အိမ် ခေါင်မိုးပေါ်ကို ကြည့်လိုက်တယ်။

ဟာ…ဟိုအကောင်ကြီးက ရှိနေတုန်းပဲဗျ။ စောစောက လိုပဲ မြောက်ဘက်ကို မျှော်ကြည့်နေတာဗျ။ မဖဲဝါပြောသလိုဆို ရင်တော့ သူနေခဲ့တဲ့ အင်းဝမြို့တော်ကြီးကိုပဲ လွမ်းဆွတ်တမ်းတ နေတာလားတော့ မသိနိုင်ဘူးပေါ့ဗျာ။

"ကျွိ…ကျွိ…ကျွိ…ကျွိ…ကျွိ"

ဟော…လုပ်ပြန်ပြီဗျို့။ ဆင်ကြီးတစ်ကောင်ထက်ကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်လုံးကြီးကို ရှေ့တိုးနောက်ငင်လုပ်ပြန်ပြီဗျို့။ သိန်းဇော်တို့ အိမ်ကြီးလည်း တောင်နဲ့မြောက်ကို ယိမ်းထိုးပြန်ပြီပေါ့ဗျာ။

"ဝီ...ဝီ...ဝီ..ဝီ"

ဟာ...ဘာသံတွေတုံးဗျ။ ကျုပ်အသံကြားတဲ့ဘက်ကို မော့ကြည့်လိုက်တယ်။ မည်းမည်းအကောင်ကြီးသုံးကောင်ဗျို့။ ကောင်းကင်မှာ ပျံလာတာ။

အတောင်ပံကြီးနှစ်ဖက် ဖြန့်ထားတာ ယာကွက်တစ်ကွက်လောက် ရှိမလားပဲဗျာ။

သုံးကောင်ဗျ။ ဟော...လရောင်တောင် ကွယ်သွားပြီဗျို့။ ဒီအကောင်ကြီးတွေရဲ့ အတောင်ပံကြီးတွေက လရောင်ကို ကွယ်သွားလိုက်တာ။ ဘန့်ဘွေးကုန်းရွာတစ်ရွာလုံးကို မှောင်ကျသွားတာဗျို့။

"ဟီး...ဟီး..ဟီး...ဟီး"

ဟာ...အိမ်ခေါင်မိုးက အကောင်ကြီး မြင်သွားပြီဗျို့။ ချက်ချင်းလို မတ်တတ်ထရပ်လိုက်တာဗျာ။ ပါးစပ်ကြီးကလည်း "ဟီးဟီး...ဟီးဟီး" နဲ့ အော်နေတယ်ဗျ။ ဒါပေမဲ့ နောက်ကျသွားပြီဗျို့။

ကောင်းကင်က ပျံလာတဲ့ အကောင်ကြီးသုံးကောင်ထဲက တစ်ကောင်က လက်ထဲက ဝင်းခနဲ လက်ခနဲ ဖြစ်သွားတဲ့အရာ တစ်ခုနဲ့ လှမ်းပစ်လိုက်တယ်။ ဟာ...သိန်းဇော်တို့အိမ်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်မှာ မတ်တတ်ရပ်နေတဲ့ ဆင်ထက်ကြီးမယ့် အင်းဝ တစ္ဆေကြီးကို ကြိုးတုပ်ပြီးသား ဖြစ်နေပြီဗျို့။ တစ္ဆေကြီး လှုပ်ကို မလှုပ်နိုင်တော့ဘူးဗျာ။ ဒီတော့မှ နောက်က ထိုးဆင်းလာတဲ့ အတောင်မည်းမည်းကြီးတွေနဲ့ သရဲကြီးနှစ်ကောင်က အင်းဝ တစ္ဆေကြီးရဲ့ လက်မောင်းကြီးတွေကို တစ်ဖက်စီမပြီး ကောင်းကင် ကို ပျံတက်သွားလေရဲ့ဗျာ။

ဆင်ကြီးတစ်ကောင်ထက်ကြီးတဲ့ တစ္ဆေကြီးကို ဆွဲခေါ် သွားလိုက်တာများ ခေါင်းအုံးတစ်လုံးကို ဆွဲသွားသလို ပေါ့ပေါ့ ပါးပါးလေး ပါသွားတာဗျို့။

မဖဲဝါပြောသလိုဆိုရင်တော့ ငရဲဂူကြီးထဲမှာရှိတဲ့ တစ္ဆေ ထောင်က တစ္ဆေဆိုးကြီးတွေကိုထိန်းတဲ့ တစ္ဆေထိန်းကြီးတွေ လိုက်လာပြီး ပြန်ခေါ်သွားတာဖြစ်မယ်ဗျ။

ကျုပ်မြင်လိုက်ရတဲ့ အဖြစ်အပျက်တွေကို သရက်ပင် အောက်ရောက်တော့ သိန်းဇော်တို့၊ ကျောက်ခဲတို့ကို ပြန်ပြောပြ လိုက်တယ်။

ဒီကောင်တွေဆိုတာ အံ့ဩလွန်းလို့ ပါးစပ်ဟောင်း လောင်းတွေကို ဖြစ်နေကြတာဗျ။ ကျုပ်ပြောပြတာမို့လို့ သူတို့ ယုံကြတာ။ တခြားသူပြောတာဆိုလို့ကတော့ နည်းနည်းမှကို ယုံ ကြမှာ မဟုတ်ဘူးဗျ။

သိန်းဇော်က သူ့အဘနဲ့ အမေရော၊ သူ့အစ်မတွေရော



www.burmeseclassic.com

www.burmeseclassic.com



သွားခေါ်ပြီး အိမ်ပေါ်ပြန်ပို့လိုက်တယ်။ ကျုပ်ကလည်း သိန်းဇော်တို့မိသားစုကို အားလုံးရှင်းသွားပြီဆိုတာကို သေသေချာချာ ပြောပြလိုက်ပါတယ်။

"အောက်…အီးအီးအွတ်"

သန်းခေါင်ကြက်တောင် တွန်ပြီဗျ။ ကျုပ်တို့ကို သိန်းဇော်က လိုက်ပို့မယ် ပြောသေးတာဗျ။

"ဟာ…မလိုက်နဲ့ သိန်းဇော်။ ငါနဲ့ ကျောက်ခဲတို့နှစ်ယောက်နဲ့ ပြန်မယ်။ မင်းနေခဲ့တော့။ နောက်ရက်ကျရင်သာ ဘုန်းကြီးပင့်ပြီး ဆွမ်းကပ်။ ပရိတ်တွေဘာတွေ နာလိုက်ကွာ"

ကျုပ် အိမ်ပြန်ရောက်တော့ သန်းခေါင်ကျော်ပေါ့ဗျာ။ အိမ်မှာ ငြိမ်ထိုင်လိုက်တော့မှပဲ ချမ်းမှန်းသိတော့တာဗျို့။ နဂါးဆေးပေါ့လိပ်ကလေး နှစ်ဖွာသုံးဖွာ ဖွာလိုက်ပြီးတော့ ကျုပ်လည်း အိပ်ရာဝင်ခဲ့တယ်။

လေတွေတိုက်လိုက်တာဗျာ။ သစ်ပင်ကြီးတွေဆိုတာ ယိမ်းထိုးနေတော့တာဗျို့။ ကျုပ်က တစ်ပင်လုံး ဝါထိန်နေအောင် ပွင့်တဲ့ ဆယ့်နှစ်ရာသီပင်ကြီးအောက်မှာ ရပ်နေတာဗျ။

"ဟဲ့…တာတေ၊ နင်တစ္ဆေထောင်ကို သွားကြည့်မလို့ဆို"

အသံကြားတော့မှ ကျုပ်က နောက်ကို လှည့်ကြည့်မိတာဗျ။ ဆယ့်နှစ်ရာသီပင်ကြီးရဲ့ ဟိုတစ်ဖက်ကနေ ထွက်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်မကြာမကြာတွေ့နေတဲ့ ကျူပ်အရွယ်လောက်ရှိတဲ့ ကောင်မ လေးဗျ။

ဖားလျားချထားတဲ့ ဆံပင်မှာ ဆယ့်နှစ်ရာသီပန်း အဝါပွင့် လေးတစ်ပွင့် ပန်ထားတယ်။ ကျူပ်ကြောက်မှာစိုးလို့ မဖဲဝါ အမြဲတမ်း ဖန်ဆင်းပြတဲ့ ပုံစံလေဗျာ။

ကျူပ်က ဘာမှမပြောရသေးဘူးဗျ။ ငေးကြည့်နေတာ။

"တာတေ...နင်သွားမယ်မို့လား။ ငါ နက်ကျော်ကို ခေါ်လိုက်မယ်။ ဘာမှမကြောက်နဲ့။ ဟိုရောက်ရင်သာ နက်ကျော် ကိုယ်ပေါ်က မဆင်းနဲ့။ နက်ကျော်နားရွက်နှစ်ဖက်ကို ကိုင်ထား"

"တစ္ဆေထောင်ဆိုတာ တော်တော်ဝေးလား မဖဲဝါ"

"အဲဒီနေရာကို ငါတို့ မပြောရဘူး။ နက်ကျော်ကိုစီးသွား ရင်တော့ ခဏလေးနဲ့ ရောက်မှာပါ။ ကဲ...ငါ နက်ကျော်ကို ခေါ်လိုက်မယ်"

"ဝူး...ဝူး...အီး...အီး..ဝူး...ဝူး"

ဟော...မဖဲဝါရဲ့ခွေး နက်ကျော်ကြီး ရောက်လာပြီဗျို့။ အူသံရှည်ကြီးဆုံးတာနဲ့ မဖဲဝါဘေးမှာ ဘွားခနဲ ပေါ်လာတော့ တာဗျ။

"နက်ကျော်...တာတေ့ကို ငရဲကူလိုက်ပို့လိုက်။ တာတေ က တစ္ဆေထောင်ကို ကြည့်ချင်လို့တဲ့။ နင်လိုက်ပို့လိုက်။ အချိန်စေ့ ရင် ပြန်ခေါ်ခဲ့ ကြားလား။ ကဲ...တာတေ၊ နက်ကျော်ကျောပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်"

ကျုပ်လည်း ဘာမှမတွေးတော့ပါဘူး။ မဖဲဝါရဲ့ခွေးနက်ကြီး ကျောပေါ်ကို တက်စီးလိုက်တယ်။

"ဖျောင်း"

မဖဲဝါက လက်ခုပ်တစ်ချက် တီးလိုက်တယ်။

"ဟာ..."

ခွေးနက်ကြီးက မြင်းကြီးတစ်ကောင်လောက် ဖြစ်သွားရောဗျ။ ကျုပ်လည်း ကြောက်ကြောက်နဲ့ နက်ကျော်ကြီးရဲ့ နားရွက်နှစ်ဖက်ကို ကိုင်ထားလိုက်တယ်။

'ဂီး..."

ခွေးနက်ကြီးက တစ်ချက်မာန်ဖီလိုက်ပြီး လွှားခနဲ ခုန်ထွက်လိုက်တယ်။

ပြေးပြီဗျို့၊ ပြေးပြီ။ နက်ကျော်ကြီး ပြေးပြီ။ မြေကြီးပေါ်မှာ ပြေးနေတာလား၊ လေထဲမှာ ပြေးနေတာလားဆိုတာကို ကျုပ် သေသေချာချာမသိတော့ဘူးဗျ။ ကျုပ်ခေါင်းက ဆံပင်တွေဆိုတာ နောက်ဘက်ကို လွင့်ထွက်နေတာဗျ။ နားထဲမှာ လေတိုးတဲ့အသံကြီးပဲ ကြားနေရတယ်။

"ဝီး...ဝီး...ဝီး...ဝီး"

မျက်စိဖွင့်ထားပေမဲ့ ဘာကိုမှ သဲသဲကွဲကွဲ မြင်ရတာ မဟုတ်ဘူးဗျ။ ရိပ်ခနဲ ရိပ်ခနဲ တွေ့လိုက်ရတာ။ လျှို့တွေ၊ မြောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ တောင်ကမ်းပါးတွေ၊ တောနက်ကြီးတွေကို ဖြတ်ပြီး နက်ကျော်ကြီး ပြေးနေတာဗျ။

ဟော...နက်ကျော် ပြေးရင်းကနေ အရှိန်လျှော့လိုက်ပြီ။ တောင်အမြင့်ကြီးနှစ်လုံးကြားက လမ်းကလေးတစ်ခုမှာ နက်ကျော် ပြေးနေတာဗျ။ ဖြည်းဖြည်းမှန်မှန်ပဲ ပြေးတော့တယ်။ ဟာ...ရှေ့မှာ လမ်းဆုံးနေပြီဗျ။ တောင်ကြီးတစ်လုံးက ကန့်လန့်ကြီးခံပြီး ပိတ်ထားတယ်။

နက်ကျော်ကတော့ ပြေးတုန်းပဲဗျ။ တောင်ခြေရောက်တော့ လမ်းက နှစ်ခွဗျ။ ဘယ်ဘက်ကလမ်းကို နက်ကျော် ကွေ့ချလိုက်တယ်။

ကျုပ်လည်း နက်ကျော်ရဲ့ နားရွက်နှစ်ဖက်ကို မဖဲ့ဝါပြောတဲ့အတိုင်း မိမိရရ ဆုပ်ထားတယ်။ ဟာ...ရှေ့မှာ ဂူပေါက်ကြီးတစ်ခုဗျ။

နက်ကျော်က အဲဒီဂူပေါက်ကြီးထဲကို ပြေးဝင်တယ်။ အိုး...မှောင်ပိန်းနေပါရောလား။ ကျုပ်ဖြင့် ဘာဆိုဘာမှ မမြင်ရတော့ဘူးဗျို့။ ဒီအမှောင်ကြီးက ရိုးရိုးအမှောင် မဟုတ်ဘူးဗျ။ အမှောင်ထက်ပိုပြီး မှောင်တဲ့ အမိုက်မှောင်ကြီးဗျ။

ဒါပေမဲ့ နက်ကျော်ကတော့ အမှောင်ထဲမှာ သေသေချာချာ မြင်နေရတဲ့ ပုံစံပဲဗျ။ တန်းသွားနေတော့တာဗျို့။ တစ်ချက်မှကို မရပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟာ…လင်းပြီ၊ လင်းပြီ။ ဟိုရှေ့မှာ မီးရောင်တွေ မြင်ရပြီဗျို့။ မှောင်ထဲကနေ ရုတ်တရက် အလင်းရောင် မြင်လိုက်ရတော့ ကျုပ်မျက်စိတွေက ကျိန်းသွားတာဗျို့။ မျက်စိတွေကို ခဏမှိတ်ထားရသေးတယ်။

လမ်းက ဆုံးသွားပြီး ရှေ့မှာ လမ်းမရှိတော့ဘူး။ နက်ကျော်လည်း တုံ့ခနဲရပ်သွားတယ်။ လက်စသတ်တော့ ကျုပ်မြင်ရတဲ့ အလင်းရောင်တွေက အောက်ကနေ တက်လာတဲ့ အရောင်ပဲဗျ။

နက်ကျော်ရပ်လိုက်တဲ့နေရာက တောင်ကမ်းပါးကြီးဗျ။ ဂူကြီးထဲမှာမှ ကမ်းပါးကြီးဖြစ်နေတာ။ အောက်ကို ငုံ့ကြည့်လိုက်တော့ ဂူကြီးအကြီးကြီးဗျ။ ကျောက်နံရံတွေမှာ မီးတိုင်ကြီးတွေ ထွန်းထားတယ်။

မီးတိုင်တွေက ကျောက်မီးတိုင်ကြီးတွေဗျ။ ဘယ်လိုဖြစ်လို့ မီးတောက်နေတာတုံးတော့ ကျုပ်မသိဘူး။

တစ်တိုင်၊ နှစ်တိုင်၊ သုံးတိုင်၊ လေးတိုင်၊ ငါးတိုင်၊ ဟာ…မီးတိုင်တွေကို ကျုပ်လိုက်ရေကြည့်တာ ရာကျော်တယ်ဗျ။ ဂူနံရံမှာ လိုဏ်ပေါက်တွေရှိတယ်။ သံတံခါးကြီးတွေတပ်လို့ဗျ။ ဆင်နှစ်ကောင်စာလောက် ကိုယ်လုံးရှိတဲ့ အကောင်ကြီးတွေက လက်ထဲမှာ ဆူးချွန်တွေပါတဲ့ တင်းပုတ်ကြီးတွေကို ကိုင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟော…ရှေ့က နံရံမှာတပ်ထားတဲ့ သံတံခါးကြီးကို ဆွဲဖွင့်ပြီး လိုဏ်ခေါင်းကြီးထဲကို တင်းပုတ်ကိုင်တဲ့ အကောင်ကြီး တစ်ကောင် ဝင်သွားတယ်။ ကျုပ်နေရာကနေကြည့်ရင် အဲဒီ လိုဏ်ခေါင်းကြီးကို မြင်နေရတယ်။

ဟာ…လိုဏ်ပေါက်က တကယ်တော့ လမ်းတစ်ခုပဲဗျ။ အဲဒီကျောက်သားလမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်က နံရံမှာ သံတံခါးတပ်ထားတဲ့ အချုပ်ခန်းလို အခန်းတွေရှိတာကိုးဗျ။ လမ်းက အရှည်ကြီးဗျာ။ အထဲမှာ အချုပ်ခန်းတွေ ဘယ်လောက်ရှိသလဲ ဆိုတာတော့ ကျုပ်မသိဘူးဗျ။ ကျောက်လမ်းတစ်လျှောက်မှာ လည်း ကျောက်မီးတိုင်တွေ ထွန်းထားတာ လင်းထိန်နေတာဗျို့။ ဟော…အချုပ်ခန်းတစ်ခန်းကို တံခါးဖွင့်ပြီး အထဲက မည်းမည်း အကောင်တစ်ကောင်ကို ဆွဲထုတ်လာပြီဗျို့။ အဲဒီအကောင်ကို ဆွဲခေါ်လာတဲ့အချိန်မှာ နောက်ထပ် တစ္ဆေထိန်းကြီးနှစ်ယောက်က ပြေးပြီး တစ်ဖက်တစ်ချက်က ညှပ်ပြီးချုပ်လိုက်တယ်။

ဟာ…ကျောက်ဖျာကြီးတစ်ချပ်ပေါ်ကို ခေါ်သွားပြီဗျို့။ ဩော်…ကျောက်ဖျာကြီးပေါ်မှာ တိုင်ကြီးနှစ်တိုင်ရှိတယ်ဗျ။ ကျောက်တိုင်ကြီးတွေဗျို့။ ဟော…အခန်းထဲက ထုတ်လာတဲ့ အကောင်ကြီးကို ကျောက်တိုင်နှစ်တိုင်ကြားမှာ သံကြိုးကြီးတွေနဲ့ ချည်ထားလိုက်ပြီဗျို့။ လက်နှစ်ဖက်ရော၊ ခြေထောက်နှစ်ဖက်ရော လေးဘက်၊ လေးပေါင် တုပ်ထားတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ…ဟိုကောင်ကြီးပဲ"

ဒါ…သိန်းဇော်တို့အိမ်ခေါင်မိုးပေါ်မှာ ထိုင်ပြီး ကိုယ်လုံးကြီးကို ရှေ့တိုးနောက်ငင် လုပ်နေတဲ့ အကောင်ကြီးပဲကိုး။

ဒီအကောင်ကြီးကို အပြစ်ပေးတော့မှာကိုး။ ဟာ…စောစောက ဆွဲခေါ်သွားပြီး သံကြိုးနဲ့ချည်တဲ့အကောင်ကြီးနှစ်ကောင်က အရှေ့ဘက်ကိုတစ်ကောင်၊ အနောက်ဘက်ကိုတစ်ကောင် ထွက်သွားတယ်။ ဟာ…ဘာကြီးတွေ တွန်းလာတာတုံး။

မတ်တတ်ကျောက်ပြားကြီးတွေဗျ။ ဟာ…ကျောက်ပြားကြီးတွေမှာ သံချွန်ကြီးတွေတပ်လို့ဗျ။ အောက်က ကျောက်ပြားကြီးပေါ်မှာ သံချွန်တပ်ထားတဲ့ မတ်တတ်ကျောက်ပြားကြီးက မှုပ်ထားတာထင်တယ်။

ဟော…ကျောက်ဖျာကြီးအတိုင်း တွန်းလာတာဗျို့။ ချုပ်နှောင်ထားတဲ့ တစ္ဆေကြီးရဲ့ ရှေ့ကတစ်ယောက်၊ နောက်ကတစ်ယောက် တွန်းလာတာဗျ။ အနားရောက်လေ အရှိန်က မြန်လာလေပဲဗျို့။

ဟာ…ပြေးပြီး ပြိုင်တူတွန်းတာဗျို့။

"အား"

ထောင်ထဲက ထွက်ပြေးလာတဲ့ အင်းဝတစ္ဆေကြီးရဲ့ ရင်ဘတ်နဲ့ နောက်ကျောကို တစ်ပြိုင်နက်တည်း သံချွန်ကြီးတွေ ဖောက်ဝင်သွားတာဗျို့။ ကျောနဲ့ ရင်ကို တစ်ပြိုင်နက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဝင်သွားကာဗျ။ တစ္ဆေကြီးရဲ့ အော်သံက ရောမဂူကြီးထဲမှာ ဟိန်းထွက်သွားရောဗျို့။

ဟော…ကျောက်ပြားကြီးတွေကို နောက်ပြန်ဆွဲသွားကြပြန်ပြီဗျို့။ ဟော…ဟော…ရှေ့ကို ပြိုင်တူပြေးပြီး တွန်းလာကြပြန်ပြီ။ ဟော…ကျောနဲ့ရင်ကို ပြိုင်တူညှပ်ပြီဗျို့။

"အား"

တစ္ဆေကြီးရဲ့အော်သံက ဂူကြီးထဲမှာ လွှမ်းသွားပြန်ရောဗျာ။

ဂူကြီးက ကျုပ်စိတ်အထင် ပြောရရင် ကျုပ်တို့ရွာထနောင်းကုန်းရယ်၊ သိန်းဇော်တို့ရွာ ဘန့်ဘွေးကုန်းရယ်၊ မီးလောင်ကုန်းရယ် သုံးရွာပေါင်းထားတာလောက် ကျယ်မယ်ထင်တယ်ဗျ။

ကျောက်နံရံကြီးတွေမှာ လိုဏ်ပေါက်တွေ အများကြီးဗျ။ အဲဒီ လိုဏ်ပေါက်တိုင်းမှာ ကျောက်လမ်းကြီးတွေရှိတယ်။ အဲဒီ ကျောက်လမ်းကြီးတွေရဲ့ တစ်ဖက်တစ်ချက်မှာ သံတံခါးတပ်ထားတဲ့ အချုပ်ခန်းတွေ ရှိတယ်ဗျ။

ဒီဂူကြီးထဲမှာ အဲဒီလို ကျောက်လမ်းပေါင်း ဘယ်လောက်ရှိပြီး၊ အချုပ်ခန်းပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ်မမှန်းနိုင်ဘူးဗျ။

ဒီဂူကြီးကို မဖဲဝါကတော့ ငရဲဂူလို့ ပြောတယ်။ တစ္ဆေထောင်ကျနေတဲ့ အကောင်ပေါင်း ဘယ်လောက်ရှိပြီးတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေတွေကို ဖမ်းဆီးချုပ်နှောင်ပြီး အပြစ်ပေးရတဲ့ တစ္ဆေထောင်ရဲ့ ပါးကွက်အာဏာသား သရဲကြီးတွေက ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ်ဘယ်လိုမှ မှန်းတတ်မှာမဟုတ်ဘူးဗျ။

"အား…ဂူး…ဂူး"

အော်သံကြီးကြားလို့ ကျုပ်လှမ်းကြည့်လိုက်တယ်။ ဟာ…နားရွက်အကြီးကြီးနဲ့၊ အမွေးရှည်တွေ တစ်ကိုယ်လုံးဖုံးနေတဲ့ သဘက်ကြီးတစ်ကောင်ကို ခေါက်ထိုးဆွဲထားပြီး ဆူးခက်၊ တင်းပုတ်ကြီးတွေနဲ့ မည်းမည်းအကောင်ကြီး သုံးကောင်က မနားတမ်းရိုက်နေတာဗျို့။

ဒီသဘက်ကြီးက ဘာအပြစ်ကျူးလွန်ထားလို့တုံးဆိုတာတော့ မသိဘူးပေါ့ဗျာ။

"အူး…အီး…အီး"

ဟာ…ကျုပ်က ရှေ့ကိုပဲ ကြည့်နေတာကိုး။ ကျုပ်ရဲ့ဘေးဘက်တွေမှာလည်း တစ္ဆေတွေကို ပြစ်ဒဏ်အမျိုးမျိုးပေးနေတာဗျ။

ဟာ…ဒီအကောင်ကြီးတော့ ခြေတွေ၊ လက်တွေ ကြိုးနဲ့တုပ်ပြီး ဝမ်းလျားမှောက်ကြီး သံကြိုးနဲ့ဆွဲထားတာဗျို့။ သံကြိုးက ကျောက်စက်သီးကြီးမှာ ချိတ်လို့ဗျ။

သံကြိုးကို စက်သီးနဲ့ ဆွဲတင်သွားပြီး ဂူအမိုးမှာ သွားပြီးကပ်တော့မှ စက်သီးကြိုးကို လုံးဝလွှတ်ချလိုက်တာဗျ။ ကြိုးတုပ်



www.burmeseclassic.com

www.burmeseclassic.com



ခံထားရတဲ့ တစ္ဆေက ခြေလွတ်လက်လွတ်ကို ပြုတ်ကျလာတာ ဗျို့။ အောက်မှာက ကျောက်ဖျာချပ်ကြီးဗျ။ အဲဒီ ကျောက်ဖျာချပ်ကြီးမှာက ကျောက်သားအချွန်တွေက ဆူးချွန်ကြီးတွေလို ထောင်နေတာဗျ။ အချွန်ပေါင်းရာနဲ့ချီနေတာ။ အဲဒီကျောက်ဆူးချွန်ကြီးတွေပေါ်ကို မှောက်လျက်ကြီး ပြုတ်ကျလာတာလေဗျာ။

"အား…အီး"

ဆိုပြီး အော်တဲ့အသံကြီးက ဂူကြီးထဲမှာ လွှမ်းသွားတော့တာပေါ့ဗျာ။

ကျုပ်တို့ ရှာသုံးရှာလောက်ရှိတဲ့ ဂူကြီးထဲမှာ ကျောက်မီးတိုင်ကြီးတွေ ထွန်းထားလိုက်တာ ထိန်နေတာဗျ။ အဲဒီမီးရောင်အောက်မှာ ပုံစံတစ်မျိုးစီ အပြစ်ပေးခံနေရတဲ့ တစ္ဆေကြီးတွေရဲ့ အော်သံကြီးတွေက သွေးပျက်မတတ်ပါပဲ။

ဒီငရဲဂူကြီးထဲမှာ ဒီတစ္ဆေကောင်ကြီးကို ဘယ်သူက ဖန်တီးသွားခဲ့တာတုံးဆိုတာ ကျုပ်ဖြင့် တွေးလို့ကို မရပါဘူးဗျာ။

ဒီငရဲဂူကြီးထဲမှာ ထောင်ကျပြီး ပြစ်ဒဏ်တွေအမျိုးမျိုး အပေးခံနေရတဲ့ တစ္ဆေကြီးတွေ ဘယ်လောက်ရှိပြီး တစ္ဆေထောင်ရဲ့ ထောင်ဝန်ထမ်း ပါးကွက်အာဏာသား တစ္ဆေသရဲကြီးတွေ ဘယ်လောက်ရှိတယ်ဆိုတာလည်း ကျုပ်တွေးလို့မရပါဘူးဗျာ။

ကျုပ်မျက်စိနဲ့ မမြင်ရတဲ့ ဂူကြီးရဲ့ တခြားနေရာတွေမှာရော ဒီလို အပြစ်ပေးခံနေရတဲ့ တစ္ဆေတွေ ဘယ်လောက်များ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုတာ ကျုပ် ဘယ်လိုမှ မသိနိုင်ဘူးပေါ့ဗျာ။

ကျုပ်က ဒါတွေကို မကြည့်ချင်တော့ဘူးဗျာ။ ဒါပေမဲ့ နက်ကျော်ကြီးက တောင့်တောင့်ကြီး ရပ်နေတုံးဗျ။

အချိန်မစေ့သေးလို့ ရှိမှာပေါ့ဗျာ။ ကျုပ်က နက်ကျော်ရဲ့ နားရွက်တွေကို နည်းနည်းဆွဲလှုပ်ပြီး ပြန်ဖို့ သတိပေးတယ်။

ဒီကောင်ကြီးက နည်းနည်းမှကို မလှုပ်ဘူးဗျ။ ကျုပ် လည်း ဘာမှမတတ်နိုင်တော့ဘူးဗျို့။ ဒါပေမဲ့ ခဏကြာတော့ ဒီကောင် လှုပ်လာတယ်။ နောက်ဘက်ကို ဆတ်ခနဲ လှည့်လိုက် ပြီး ကျုပ်တို့ဝင်လာခဲ့တဲ့ အမိုက်မှောင်ကြီးထဲကို ဝင်သွားရောဗျ။

ကျုပ်လည်း ဘာဆိုဘာမှ မမြင်ရတော့ဘူး။ အမိုက်မှောင် ကြီးကို တော်တော်ကြာအောင်ဖြတ်ပြီးတော့မှ ကျုပ်တို့ဝင်ခဲ့တဲ့ ဂူပေါက်ကြီးကို ရောက်လာတယ်။

အပြင်မှာ လရောင်ဖျော့ဖျော့လေးက လင်းနေတယ်ဗျ။ ဒီတော့မှပဲ ကျုပ်လည်း အသက်ကို ဝဝရှူလိုက်မိတော့တာပေါ့ ဗျာ။

"ဂီး...ဂီး...ဂီး"

ဟာ...ကျုပ်မျက်စိမှိတ်ပြီး အသက်ရှူနေတုန်း ရှိသေး တယ်ဗျ။ ငှက်အော်သံကြီးတွေ ကြားလိုက်လို့ ကျုပ်မျက်စိဖွင့် ကြည့်လိုက်တော့ ဟာ...လင်းငှက်ကြီးတွေဗျ။ အတောင်မည်းမည်း ကြီးတွေကို ဖြန့်ပြီးပျံနေတာ။ နှစ်ကောင်တောင်ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကျုပ်တို့အဝင်မှာ ဘာမှမတွေ့ပေမဲ့ အထွက်မှာ တည့်တည့်ကြီး တိုးနေတာဗျို့။

"ဂီး…ဂီး…ဂီး…ဂီး"

ဟာ…နက်ကျော်ကြီး မာန်ဖီနေပြီဗျို့။ ကျုပ်လည်း တစ်ကိုယ်လုံး ကြက်သီးတွေထပြီး ဘာလုပ်ရမှန်းမသိတော့တာနဲ့ နက်ကျော်ရဲ့ နားရွက်တွေကိုပဲ တင်းတင်းဆုပ်ထားလိုက်ရတော့တာပေါ့ဗျာ။

"ဂူး"

နက်ကျော်က ခေါင်းကြီးမော့ပြီး တစ်ချက်အူလိုက်တယ်။ ဟော…ပြေးပြီဗျို့၊ ပြေးပြီ။ နက်ကျော်ပြေးပြီ။ လွှားခနဲ လွှားခနဲနေအောင် ပြေးတာဗျ။ မြေပေါ်မှာ ပြေးတာလား၊ လေထဲမှာပြေးတာလားဆိုတာ ကျုပ်မသိတော့ဘူးဗျာ။

"ဂီး…ဂီး…ဂီး…ဂီး…ဂီး"

ဟာ…လိုက်လာပြီဗျို့။ တစ္ဆေငှက်ကြီးတွေ လိုက်လာပြီ။ အတောင်မည်းမည်းကြီးတွေကို တဖျန်းဖျန်းခတ်ပြီးတော့ကို လိုက်လာတာဗျို့။

ကျုပ်တော့ ဒီတစ်ခါ သွားပြီလို့ တွေးလိုက်မိတာဗျို့။ ဘယ်အချက်များ နောက်ကနေ ကုပ်လှမ်းဆွဲလိုက်မလဲလို့ တွေးရင်းနဲ့ နက်ကျော်ကြီးရဲ့ နားရွက်တွေကို တင်းနေအောင် ဆွဲထားရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဖျန်း…ဖျန်း…ဖျန်း…ဂိ…ဂိ…ဂိ"

ဟာ…လိုက်တုန်းပဲ။ တစ္ဆေငှက်ကြီးနှစ်ကောင် တော်တော်ကို နီးလာပြီဗျို့။

ဟော…နက်ကျော်က ပြေးရင်းနဲ့ သစ်ချိုင်းကုန်းကြီးတစ်ခုထဲကို ဖြတ်ပြေးလာတယ်ဗျ။ ကျုပ်က ဂူကြိုဂူကြားမှာ ပါလာတာပေါ့ဗျာ။ ကျုပ်ကြောက်ကြောက်နဲ့ နောက်ကိုလှည့်ကြည့်တယ်။ ဟာ…မရှိတော့ဘူးဗျို့။ တစ္ဆေငှက်ကြီးတွေ နေခဲ့ပြီဗျ။ သင်္ချိုင်းက နက်ကျော်တို့ပိုင်နက်ကိုဗျ။ ဒါကြောင့် ဆက်မလိုက်တော့တာကိုး။

ဟော…ပြန်သွားပြီ၊ ပြန်သွားပြီ။ လူငှက်ကြီးတွေ ပြန်သွားကြပြီဗျို့။ နက်ကျော်က အရှိန်ကို မြှင့်ပြီး ပြေးတယ်။

ကျုပ်လည်း ပြုတ်မကျအောင် မနည်းကို ကိုင်ထားရတာဗျ။ တစ်နေရာရောက်တော့ နက်ကျော်ကြီးက ကျုပ်ကို သူ့ကိုယ်ပေါ်က ဆတ်ခနဲ ခါချလိုက်တယ်။

ကျုပ်ပြုတ်ကျသွားရောဗျို့။ အသည်းထဲမှာ အေးခနဲဖြစ်သွားပြီး ကျုပ်လန့်အော်လိုက်မိတယ်။

"အား…"

ကျုပ်ခြေထောက်ကို တစ်ယောက်ယောက်က ဆောင့်ဆွဲလိုက်တယ်။

"ဟဲ့…တာတေ၊ ဘာဖြစ်တာတုံး"



www.burmeseclassic.com

www.burmeseclassic.com



အမေဗျို၊ အမေ့အသံ။ ကျုပ်မျက်လုံးဖွင့်ကြည့်လိုက်တော့ အမေက ကျုပ်အိပ်ရာခြေရင်းမှာ ထိုင်လို့ဗျ။

"အမေ...ကျုပ် ဘယ်ပေါ်ကိုကျသွားတာတုံး"


"ဟဲ့...တာတေ၊ နင်က ဘယ်အပေါ်ကို ကျရမှာတုံး။ နင့်အိပ်ရာမှာ နင်အိပ်နေတာလေ။ လန့်အော်လို့ ငါလာနှိုးတာ"

"တုံ...တုံ...တုံ...တုံ...တုံ..."

ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံကို ကြားလိုက်ရတယ်။ အရုဏ်တောင် တက်နေပါပေါ့လား။

◆ ◆ ◆

တာတေ





www.burmeseclassic.com

www.burmeseclassic.com



# မျောက်ခေါင်းဂူနှင့် ပန်းရနံ့ဖန်ဆင်းသူ

## မင်းဘုန်းသိင်္ခသူ

ကျွန်တော်သည် တောလိုက်စားမြှောင်ကို သစ်မြစ်ဆုံကြီးရှိ အမြစ်တက်တစ်ခုပေါ်သို့ ထိုးစိုက်လိုက်ပြီး မှန်ဘီလူးတစ်လက်ဖြင့် တောတစ်ခွင်ကို လိုက်လံကြည့်ရှုနေသော တင်ထွန်းအောင်ကိုလည်း ကြည့်လိုက်ပါသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တောသည် စိမ်းမှောင်ထူထပ်ကာ နေပြောက်မထိုးအောင် အရိပ်အာဝါသ ကောင်းလှသည်။ ကျွန်တော်က -

"ဘယ်လိုလဲ တင်ထွန်းအောင်၊ တို့လိုက်ရှာနေတဲ့ မျောက်ခေါင်းဂူဆိုတာ ရောက်ဖို့ အရိပ်အယောင်မြင်သေးရဲ့လား ကွာ။ တောက တောထူထပ် နက်မှောင်လာတာ အသေအချာပဲ ကွ။ တိတ်ဆိတ်လိုက်တာလည်း ပြောမနေနဲ့တော့။ တစ်ခုတော့ ရှိတယ်။ မျောက်ခေါင်းဂူကို မရောက်ခင် တို့ လမ်းမမှားဖို့ အရေးကြီးတယ်ကွ"

တင်မျိုးဆွေသည် ရေဘူးကို လှမ်းယူလိုက်ပြီး တင်ထွန်း အောင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဘာမှတော့ မပြော ပေ။ ကျွန်တော်တို့သုံးယောက်စလုံးသည် တောနက်ကြီးထဲသို့ ပထမဦးဆုံး ခြေချမိကြခြင်း ဖြစ်သည်။ အတန်ကြာမှ တင်ထွန်း အောင်က မှန်ဘီလူးကို အသာချကာ သူ၏ ထင်မြင်ချက်ကို ပြောသည်။

"ဘုန်းမြင့်ရာ…မင်းတို့၊ ငါတို့ အားလုံး ဒီတောဒီတောင် ထဲကို ခုမှ ခြေချဖူးကြတာပါ။ မျောက်ခေါင်းတောင်ဆိုတာ လူပြောသူပြော များနေတာ တစ်ခုပဲ ရှိခဲ့တာမဟုတ်လားကွာ။ အဲ…အဲဒီနေရာကို ရောက်ဖူးတဲ့လူရှိသလို ကြားတောင်မှ မကြား ဖူးတဲ့လူတွေလည်း ရှိတယ်ကွ။ တစ်ခုတော့ရှိတယ် ဘုန်းမြင့်။ မှဆိုးကြီး ဖထီးစောဂေးမိုးရဲ့ မြေပုံအညွှန်းအရဆိုရင် ချောက်ခါ



www.burmeseclassic.com

www.burmeseclassic.com



နီးပြီလို့ပဲ ယူဆလိုက်တော့ကွာ။ စိတ်မပျက်ကြနဲ့လေကွာ။ ကဲ… ခရီးဆက်ကြစို့"

တင်မျိုးဆွေက ခေါင်းခါလိုက်သည်။ နှုတ်က ညည်းညူလိုက်သေးသည်။

"ငါတို့ စိတ်ပျက်လို့ ပြောတာမဟုတ်ဘူး တင်ထွန်းအောင်။ တောထဲမှာ လမ်းမှားပြီး တဝဲလည်လည်ဖြစ်နေမှာစိုးလို့ပါ။ တို့ ဒီလောက်ခရီးပေါက်နေတာ နောက်ဆုတ်ပြန်လှည့်လို့ မဖြစ်တော့ဘူး။ သိက္ခာကျတယ်ကွာ"

"ဟုတ်တယ်"ဟု ကျွန်တော်က ဝင်ပြောလိုက်သည်။ မှန်ပါသည်။ 'ကျွန်တော်တို့ သုံးယောက်စလုံး ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် ကြီးကြီးကျယ်ကျယ် ပြောဆိုလာကြပြီးမှ ပုရွက်ဆိတ်ကို ခါးတောင်းကျိုက်ဖမ်းဖို့ မဖြစ်ဘူး မဟုတ်လား။

ကျွန်တော်တို့အားလုံး စကားမဆိုကြတော့ဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေလိုက်ကြသည်။ ကျွန်တော်တို့ ရောက်ရှိနေကြသော ရိုးမအရှေ့မြောက်ဘက် တောကြီးကား နက်ရှိုင်းထူထပ်လှပါသည်။ တောင်ကုန်းများ၊ ချိုင့်မြောင်များ၊ ကမူများဖြင့် စုံလင်လှသည်။ သစ်အမျိုးအစားပေါင်းစုံကလည်း များပြားစွာပေါက်ရောက်လျက်ရှိသည်။ အင်၊ အင်ကြင်း၊ သစ်ရာ၊ ပိတောက်၊ သဖန်း၊ သရက် စသည်ဖြင့် အမျိုးအစား စုံလင်လှသည်။

သစ်ပင်ကြီးများအထက်ဆီမှ သာယာစွာ မြည်တွန်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြွေးနေကြသော ကျေးငှက်များကလည်း ဟိုသည်ပျံသန်းရင်း တော၏ သဘာဝအလှကို ရောင်စုံခြယ်မှုန်းနေကြပေသည်။ အချို့ ငှက်ကလေးများက တောခေါင်ခေါင်အလယ်မှ လူသားသုံးဦးဖြစ်သော ကျွန်တော်တို့ကို အထူးအဆန်းသဖွယ် လေ့လာကြည့်ရှုဟန်ဖြင့် ငြိမ်သက်နေကြသည်။ အချို့ငှက်ကလေးတွေကတော့ ကြောက်လန့်တကြားဖြင့် တကျီကျီမြည်ကြွေးကာ ပျံပြေးသွားကြသည်။ လေတွေ ဝေါခနဲမြည်ကာ တိုက်ခတ်သွားသည်။

တစ်ခါတစ်ရံ ချေဟောက်သံ၊ ကျားဟိန်းသံ၊ မြွေတွန်သံတို့ကို ကြောက်မက်ဖွယ် ကြားနေရတတ်သေးသည်။ ကျွန်တော်တို့အဖို့ ပထမဦးဆုံးအကြိမ် တောကြီးထဲကို ဝင်ရောက်ခါစမို့ အတွေ့အကြုံမရှိလှသဖြင့် စိတ်အားငယ်ကာ ကြောက်ရွံ့မိကြသေးသည်။ နှစ်ရက်ခန့် အနေကြာသောအခါမှသာ တောတိရစ္ဆာန်ရိုင်းများ၏ အော်သံ၊ တစ်သံ၊ ဟစ်သံ၊ ကိုက်ဖဲ့သံတို့ဖြင့် တဖြည်းဖြည်း ရိုးအီသွားခဲ့ရသည်။

ယခု ကျွန်တော်တို့အဖွဲ့ ပဲခူးရိုးမ၏ အရှေ့မြောက်ဘက်ယွန်းယွန်းအရပ်သို့ ရောက်ရှိနေသည်မှာ စတုတ္ထမြောက်ရက်ဖြစ်သည်။ ကျွန်တော်တို့အုပ်စုမှာ သုံးဦးအဖွဲ့သာ ဖြစ်သည်။ စိတ်တူကိုယ်တူများ စုပေါင်းထားကြခြင်း ဖြစ်သည်။

ဤခရီးကို စတင်အကောင်အထည်ဖော် လှုပ်ရှားသူမှာ တင်ထွန်းအောင်။ တင်ထွန်းအောင်သည် ဦးလေးတော်စပ်သူ



www.burmeseclassic.com

www.burmeseclassic.com



တောလိုက်မုဆိုးကြီး စောဂေးမိုး၏ ဖိတ်ကြားချက်အရ ကျောက်ကြီးမြို့၏ ၁၂ မိုင်အကွာ သဖန်းကုန်းရွာကလေးသို့ အလည်အပတ်ရောက်ရှိရင်း လေ့လာရေးခရီး စခဲ့သည်ဟုဆိုက မှားလိမ့်မည်မဟုတ်ပေ။

ပထမအစီအစဉ်မှာ သဖန်းကုန်းရွာတွင် အလည်အပတ်သဘောဖြင့် ခေတ္တနေထိုင်ပြီး တောတောင်၏ သဘာဝအလှအပများကို လေ့လာရန်သာ ဖြစ်သော်လည်း မုဆိုးကြီး စောဂေးမိုး၏ စေ့ဆော်ပြောပြချက်နှင့် ထူးဆန်းလှသော ဂမ္ဘီရဆန်ဆန် တောတွင်းရတနာပစ္စည်းတစ်ခုကြောင့် ကျွန်တော်တို့အဖွဲ့၏ ခရီးသည် စိတ်ဝင်စားဖွယ်ရာ ဖြစ်ခဲ့ရခြင်းပင်။

× × ×

စောဂေးမိုး၏နေအိမ်ကို ကျွန်တော်တို့ရောက်ရှိချိန်တွင် ညနေစောင်းနေပေပြီ။ သူ၏ တဲကား ခြံကျယ်ကြီးထဲမှာ ဆောက်လုပ်ထားခြင်းဖြစ်ပြီး တိရစ္ဆာန်အရေခွံ၊ အရိုးများဖြင့် နေရာအနှံ့ ကျဲပြန့်နေသည်။ ကျွန်တော်တို့မှာ ရထားလမ်း၊ ကားလမ်း၊ ခြေကျင်လမ်းဖြင့် သဖန်းကုန်းရွာသို့ ဆိုက်ရောက်လာရခြင်းဖြစ်ပါသည်။

တောင်ခြေရွာကလေးကား ပန်းချီကားတစ်ချပ်နှယ် လှပသာယာလှပါသည်။ မွန်၊ ကရင်နှင့် မြန်မာလူမျိုးအများစု နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ဥပဓျာဥ်စိုက်ပျိုးခြင်း၊ တောတက်သစ်ဝါးခုတ်ခြင်း၊ အမဲလိုက်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုကြသည်။

မုဆိုးကြီး စောဂေးမိုးကား ပွင့်လင်းဖော်ရွေလွန်းလှသည်မက ကျွန်တော်တို့တစ်သက် မေ့မရသည့် အစားအသောက်များဖြင့် ညှည့်ခံလိုက်သည်ဖြစ်ရာ ကျွန်တော်တို့မှာ မျက်နှာမထားတတ်အောင် အားနာခဲ့ရပါသည်။

ရောက်ရောက်ချင်း ရွာ၏အရှေ့ဘက် စမ်းချောင်းကလေးတွင် ရေချိုးကြသည်။ နွေရာသီဖြစ်သော်လည်း စမ်းချောင်းကလေးကား ကြည်လင်အေးမြလှပါသည်။ ခရီးပန်းလာသဖြင့် ကျွန်တော်တို့ ကြာရှည်စွာ ရေချိုး၊ ရေကူးရင်း မိုးချုပ်မှ အိမ်သို့ပြန်လာကြသည်။ အိမ်ရောက်တော့ အစားအသောက် ဖွယ်ဖွယ်ရာရာနှင့် စောင့်ကြိုနေလေသည်။

"ကဲ...မြို့ကြီးသားတွေ၊ အဝသာ စားကြစမ်းကွဲ့။ ဖထီးကိုယ်တိုင် ရှာဖွေချက်ပြုတ်ထားတာကလား။ မင်းတို့မြို့တွေပေါ်မှာ ဘယ်လိုမှ မရနိုင်ဘူးကွ။ အားရပါးရသာ ကြိတ်ကြကွ"ဟု ပြောပြီး ဟင်းတစ်မျိုးချင်းစီ၏ အရသာကိုပါ ရှင်းပြလေသည်။ ဖထီး၏ ဇနီးကပါ ပြုံးပြုံးရွှင်ရွှင် ရေနွေးဇန်းတွေချပေးသည်။

ဟင်းများကား စုံလင်လှပါသည်။ မျောက်ချေးခါးပင်း၊



www.burmeseclassic.com

www.burmeseclassic.com



မှိုအစိမ်းသုပ်၊ ယုန်နားရွက်ကြော်၊ ချေသားအဖိုဆီပြန်၊ တောဝက်လျှာ စသည်ဖြင့် ဟင်းပွဲတွေ စုံလင်လှပါသည်။ ဘယ်ရှိများ ရှာဖွေချက်ပြုတ်ထားကြပါလိမ့်။ သို့သော် ဆန်ကတော့ မာ၍ ကြမ်းလှပါသည်။ တောင်ပေါ်ဆန်ဟု ဆိုသည်။ ကျွန်တော်တို့ အုပ်စုမှာ ဆန်ကြမ်းသည်၊ ဆန်ညံ့သည်ကို စစ်တမ်းထုတ်မနေနိုင်တော့ဘဲ ခေါင်းမဖော်တမ်း အားရပါးရ လွေးကြလေသည်။ တချို့ဟင်းတွေက ငရုတ်သီးစပ်လှသည်။

ကျွန်တော်၏ တစ်သက်နှင့်တစ်ကိုယ် ဤမျှထူးဆန်းသော စားသောက်ဖွယ်ရာ တောတွင်းစာကို တစ်ကြိမ်မျှ စားဖူးခြင်းမရှိသည်ကို ဝန်ခံလိုပါသည်။ စားသောက်ပြီးသောအခါ ကျွန်တော်တို့အားလုံး အစာမျိုထားသော စပါးကြီးမြွေကြီးများပမာ မလှုပ်မရှား ငြိမ်သက်နေကြပြီး ဖစီးစောဂေးမိုး ပြောသမျှ တောတွင်းအတွေ့အကြုံများကို နားထောင်နေမိကြသည်။

ကျွန်တော်နှင့် တင်ထွန်းအောင် အကြိုက်ဆုံးဟင်းလျာမှာ မျောက်ချေးခါးဟင်း ဖြစ်သည်။ တင်မျိုးဆွေကတော့ ချေသား ဆီပြန်ကို ကြိုက်သည်။ မှိုအစိမ်းသုပ်ကိုတော့ မစားရဲဟု ဆိုသည်။

ကျွန်တော်က မျောက်ချေးခါးဟင်း ပြုလုပ်ထုတ်ယူပုံကို မေးမြန်းသောအခါ ဓာဂေးမိုးက သေသေချာချာရှင်းပြလေသည်။

“မျောက်ချေးခါးဟင်းအတွက် မျောက်ချေးခါးဖမ်းတယ် ဆိုတာ မျောက်အသေလတ်လတ်ဆတ်ဆတ်ကို ဗိုက်ခွဲပြီး အူကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူရတာကွဲ့။ အူကို နေရောင်မှာ ထောင်ပြီးကြည့်လိုက်ရှင် စိမ်းရောင်သန်းနေတဲ့ အူအပိုင်းကို ယူရတယ်။ မည်းနက်နေတဲ့ အူအပိုင်းက စားလို့မရတော့ဘူး။ သူက အစာဟောင်းနေရာလေ။ စားလို့မရတော့ဘူး။ သူက ချေးဖြစ်နေပြီ။ စိမ်းနေတဲ့နေရာက တော့ ဖြတ်ပြီး ကြိုက်သလို ချက်ပြုတ်၊ ကြော်လှော်စားပေတော့ ပေါ့။ ကောင်းမှကောင်းပဲကွ"

မျောက်ချေးခါးထုတ်ယူပုံကို အားရပါးရ ရှင်းပြလေ သည်။

ထိုညအဖို့ ကျွန်တော်တို့ လူငယ်ချင်းတစ်စုသည် သာယာအေးချမ်းလှစွာသော သဖန်းကုန်းရွာကလေးတွင် အပူပင် ကင်းမဲ့စွာ အနားယူရင်း စိတ်ဝင်စားဖွယ်ကောင်းလှသည့် တော တွင်းအတွေ့အကြုံတစ်ခုကို ဖထီးက ပြောပြလေသည်။

"မင်းတို့ လူငယ်တွေ စိတ်ဝင်စားမယ့် တောတွင်း အတွေ့အကြုံတစ်ခုကို ဖထီးပြောပြမယ်ကွာ။ ဒီလိုပေါ့...အမဲ လိုက်တာတို့၊ ကျားပစ်၊ ဆင်ပစ်၊ တောဝက်ထောင်တာတွေ မပြော ပြတော့ဘူးကွာ။ မင်းတို့ပဲ အဲဒီ သတ်တာ၊ ဖြတ်တာတွေ စာအုပ် တွေထဲမှာ ဖတ်နေကျဆိုတော့ သိပ်ထူးဆန်းမှာ မဟုတ်တော့ဘူး။ အဲဒါတွေ မပြောဘူးပေါ့"

ဖထီး စကားဆုံးတော့ တင်မျိုးဆွေသည် သူ၏ ခပ်ပါး ပါး ဆံပင်ကို ပွတ်သပ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဖထီးရေ…ကျွန်တော်တို့က ထူးဆန်းတဲ့အကြောင်းအရာတွေကို သိချင်၊ မြင်ချင်၊ ကြားချင်လို့ သဖန်းကုန်းကို လာခဲ့တာနော်။ ဖထီးက ဘယ်လိုထူးဆန်းတာတွေကို ပြောပြမှာလဲ"

တင်ထွန်းအောင်က စီးကရက်ကို မီးညှိရင်း တစ်ရှိုက်နှစ်ရှိုက် ဖွာလိုက်လေသည်။ ကျွန်တော့်ကို လှမ်း၍ပြုံးပြလိုက်ပါသည်။

ဖထီး စောဂေးမိုးသည် ကြမ်းပြင်ပေါ်မှာ ချထားသောရေနွေးကြမ်းပန်းကန်လုံးကို ယူ၍ ပူပူလောင်လောင်သောက်ချလိုက်လေသည်။ သူကား တောလိုက်မုဆိုးပီပီ သန်မာထွားကျိုင်းလှသည်။ အသက် ၄၀ ခန့်ရှိပြီး ဆံပင်တိုတိုညှပ်ထားသည်။ ကျန်းမာသန်စွမ်းမှုကတော့ ကျွန်တော်တို့ လူငယ်တွေ လိုက်၍မီနိုင်မည်မထင်ချေ။ စိတ်ကြမ်း၊ လူကြမ်းဖြင့် တုံးတိုက်တိုက်ကျားကိုက်ကိုက် ရင်ဆိုင်မည့်သူဖြစ်သည်။

ဖထီးသည် ကျွန်တော်တို့စားသောက်ရန် ချထားသောဆတ်သားခြောက်တစ်ဖတ်ကို မြိန်ရေရှက်ရေ ကောက်ဝါးနေပြန်သည်။ စကားပြောရန် အရှိန်ယူနေခြင်းဖြစ်သည်။

နက်ရှိုင်းသိပ်သည်းသော အမှောင်ကား တောင်ခြေရွာကလေး၏ ကျောကုန်းပေါ်သို့ တဖွဲဖွဲခုန်ချလျက်ရှိသည်။ တောအုပ်စိမ်းစိမ်းတွေဆီသို့ ရွှေ့လျားတိုက်ခတ်နေသော လေပြည်တွင်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းမြလတ်ဆတ်မှု အပြည့်ပါသည်။ ရိုးမလေသန့်ကို ရှူရှိုက်ခြင်း ကပင် ခွန်အားတစ်ရပ် မဟုတ်လား။

"အဖြစ်အပျက်ကတော့ သိပ်မကြာသေးခင်က ဖြစ်သွားတဲ့ အဖြစ်အပျက်တစ်ခုပဲ။ ငါတောလည်ထွက်တဲ့နေရာဆိုတာ အပ်ကြောင်းထပ်နေပြီ။ မရောက်ဖူးတဲ့နေရာ မရှိဘူး။ တောကောင်ဆိုလည်း အကောင်ကြီးကြီး ဆင်ကနေ အငယ်ဆုံး ပျားတူကောင်အထိ ဖမ်းဖူးတယ်တဲ့။ တို့အလုပ်က ဒါပဲလေ။ ဝမ်းတစ်ဝမ်းအတွက် မုဆိုးအလုပ်ပဲအဓိက မဟုတ်ဘူးလား။ တောထဲက ဖမ်းမိတဲ့ တိရစ္ဆာန်တွေရဲ့ အသား၊ အရိုး၊ အရေခွံတို့ကို မြို့ကနေဆင်းဝယ်တဲ့ လူတွေဆီ သွားရောင်းရင် ပိုက်ဆံဆိုတာ ဖြစ်လာတာပဲမဟုတ်လား"

အင်း…တစ်နေ့ တောလည်ရင်း ဒဏ်ရာရသွားတဲ့ တောဝက်ကြီးနောက်ကို လိုက်ရင်း…လိုက်ရင်း…လိုက်ရင်း…။

× × ×

"အားပါး…တော်တော်ဒုက္ခပေးတဲ့ တောဝက်ပါလား ငတောက်တူ"

စောဂေးမိုးသည် တူမီးသေနတ်ကို ကျောက်ကမူစွန်းတွင် အသာထောင်ပြီး သက်ပြင်းမောကြီးကို ရှည်လျားစွာ ချလိုက်ကာ သူ၏ နောက်လိုက်တပည့်ကျော် တောက်တူကို လှမ်း၍ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်း ဖြစ်လေသည်။

ငတောက်တူသည် ဒူးလေးဖြင့် တောဝက်ကို ပစ်ခတ်ရာတွင် ချက်ကောင်းကို မထိဘဲ ကိုယ်လုံးအနောက်ပိုင်း ပေါင်ရင်းကို ထိသွားခြင်းဖြစ်သည်။ ထို့ကြောင့် တောဝက်ကြီးမှာ ဒဏ်ရာဖြင့် လွတ်ထွက်သွားခြင်းဖြစ်လေသည်။ ထို့ကြောင့် တောဝက်နောက်သို့လိုက်ရင်း တောနက်ကြီးထဲသို့ ရောက်မှန်းမသိ ရောက်ကာ တဖြည်းဖြည်းတိုးဝင်လာခဲ့ကြခြင်း ဖြစ်လေသည်။

စောဂေးမိုးသည် တပည့်ခပ်ညံ့ညံ့ ငတောက်တူကို လှမ်း၍ မကျေမချမ်းကြည့်လိုက်စဉ် တောဆင်ရိုင်းတစ်ကောင်၏ အော်သံကို ကြားလိုက်ရသည်။ ဆောင်းဦးပေါက်ကာလမို့ တောထဲတွင် လေရိုင်းတွေ တိုက်ခတ်နေရာ အပ်ဖျားဖြင့် ထိုးဆွသကဲ့သို့ အေးမြနာကျင်လှပါသည်။ ငတောက်တူသည် စောဂေးမိုးကို စကားပင် ပြန်မပြောနိုင်ဘဲ သစ်ပင်ရင်းတွင် ဒူးလေးကို အသာချကာ အမောဖြေနေရလေသည်။

စောဂေးမိုးသည် စိတ်မြန်လက်မြန်သူပီပီ လွတ်ထွက်သွားသော တောဝက်ကို မိမိရရ ဖမ်းဆီးနိုင်ရန် တူမီးသေနတ်ကို ဆွဲလျက် ဒေါသတကြီး ထွက်သွားလေသည်။

"နင် ဒီမှာ စောင့်နေရစ် ငတောက်တူ"

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ စောဂေးမိုး ပြန်ရောက်လာလေသည်။ သူ၏ အမူအရာမှာ အရေးတကြီးနိုင်လှ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ငတောက်တူသည် ဆရာဖြစ်သူ၏ သုတ်သီးသုတ်ပျာ မှုံကို ကြည့်ပြီး ဒူးလေးကို ဆတ်ခနဲဆွဲယူလိုက်လေသည်။

"ငတောက်တူ"

"ဗျို့…ဖထီး"

စောဂေးမိုးသည် နဖူးကြောကြီးရှုံ့သွားအောင် တွန့်လိုက်သည်။

"ငတို့ တောမှောက်ပီလား မသိဘူး။ တောဝက်ဆင်းသွားတဲ့ လျှိုပေါက်ကနေ ငါဆင်းလိုက်သွားတာ မှောက်ခေါင်းဂူကို ငါတွေ့ခဲ့ရတယ်"

"ဟင်"

စောဂေးမိုးသည် တံတွေးကို ထွီခနဲ ထွေးလိုက်သည်။ ငတောက်တူသည် အံ့သြတကြီးမျက်နှာဖြင့် ငေးကြည့်နေလေသည်။

"ဟုတ်ရဲ့လား ဖထီး"

"ဟ…ငါ့လခွေး၊ နင့်ကို ငါက လိမ်ရပါ့မလား…။ လာ…နင်မယုံရင် ငါ့နောက်လိုက်ခဲ့၊ ငါပြမယ်"

စောဂေးမိုး ခေါင်းဆောင်ရာနောက်သို့ ငတောက်တူလိုက်သွားလေသည်။ ကုန်းနှစ်ခု၊ ချုံနွယ်ပိတ်ပေါင်းအချို့ကို ကျော်လွှန်ဖြတ်သန်းပြီးသောအခါ ချောက်ကမ်းပါးကြီးတစ်ခုကို ဘွားခနဲတွေ့လိုက်ရလေသည်။ ချောက်ကမ်းပါးကြီး၏ ကျောက်နံရံဆို



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်ကာ ထိပ်ဖျားဆီသို့ လေရိုင်းတွေ တဝေါဝေါမြည်ကျေး နေပုံမှာ ကြောက်မက်ဖွယ်ရာအတိပင်။

"ဟိုမှာ…အဲဒါ မျောက်ခေါင်းဂူပဲ"

စောဂေးမိုး လက်ညှိုးညွှန်ရာသို့ ငတောက်တူ လှမ်းကြည့် လိုက်သည်။

"ဟာ…"

မျောက်ခေါင်းပုံသဏ္ဌာန် တောင်ကုန်းကြီးတစ်ခုက သူတို့ ရှေ့ရှိ ချောက်ကမ်းပါးဟိုမှာဘက်တွင် ထင်ထင်ရှားရှားကြီး ပေါ် ထွက်နေခြင်းပင် ဖြစ်လေသည်။ ပုံသဏ္ဌာန်မှာ ဒေါသခက်ထန် ထန်ဖြင့် မျောက်ကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်၍ကြည့်နေ ဟန် တောင်ကုန်းကြီးတစ်ခုသာ ဖြစ်လေသည်။ ငတောက်တူအဖို့ မျောက်ခေါင်းဂူကို နာမည်သာကြားဖူးလေသည်။ ယုံတမ်းပုံပြင် တစ်ပုဒ်သဖွယ် လူကြီးသူမ ပြောစကားအဖြစ်သာ မှတ်ယူထား ခြင်း ဖြစ်လေသည်။ ယခုကဲ့သို့ မျောက်ခေါင်းဂူကို မျက်ဝါးထင် ထင် မြင်တွေ့ရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ချေ။ သူငယ် ငယ်က ကြားဖူးသည်မှာ မျောက်ခေါင်းဂူတောင်ကြောမှာ ရွှေ ကြော၊ ငွေကြောတွေ ရှိသတဲ့။ ထိုရွှေငွေကျောက်သံပတ္တမြားတွေ ကို ဥစ္စာစောင့်တွေက စောင့်ရှောက်နေတတ်ကြသတဲ့။ ထိုနေရာ ကို တွေ့ဖို့ အင်မတန်ခက်ခဲပြီး အန္တရာယ်များပြားသတဲ့ဟုသာ ကြားဖူးပြီး ထိုမျောက်ခေါင်းဂူကို ရောက်ဖို့ နှစ်ရက်အိပ်ခရီး



www.burmeseclassic.com

www.burmeseclassic.com



သုံးရက် ခြေကျင်အပြင်းနှင်မှ ရောက်ရှိသည်ဟု ဆိုလေသည်။

ယခု သူတို့ မျောက်ခေါင်းဂူကို လှမ်းမြင်နေရသည်မှာ နေ့ဝက်ခရီးသာသာမျှသာ ရှိသေးသည်။ ဖထီးပြောတာ ဟုတ်ပါ့မလားဟု ငတောက်တူ သံသယဝင်နေသည်။ ဒါဘာသဘောလဲ။ တစ်ခုခု မှားယွင်းနေပြီ ထင်သည်။

"ဟို…ဟို…မျောက်ခေါင်းဂူဆိုတာ သုံးရက်ခရီးသွားရတယ်လို့ ကြားဖူးတယ်"

စောရေးမိုးက အဓိပ္ပာယ်ပါပါဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး -

"ဒီဒေသမှာ မျောက်ခေါင်းဂူဆိုတာ နှစ်ခုမရှိဘူး။ ငတောက်တူ မျောက်ခေါင်းဂူဆိုတာ တစ်ခုပဲရှိတယ် မှတ်ထားကွ။ ခု ငါတို့မြင်နေရတဲ့ ဂူဟာ အစစ်ပဲ။ နင်တော်တော် အ,ပါလား။ ဘာဖြစ်လို့ နေ့ဝက်ခရီးနဲ့ ရောက်လာသလဲဆိုတာ နင်မသိဘူး မဟုတ်လား"

ငတောက်တူသည် ရှိးသားစွာဖြင့်ပင် ခေါင်းကို ခပ်ငွွ်တွင် ယမ်းခါနေမိလေသည်။ စောရေးမိုးသည် အဓိပ္ပာယ်ပါပါဖြင့် မျောက်ခေါင်းဂူရှိရာသို့ လှမ်းကြည့်လိုက်ပြီး ကွမ်းတံတွေးကို ထွီခနဲ တစ်ချက်ထွေးလိုက်ပြန်လေသည်။

"မှတ်ထား ငတောက်တူ၊ ငါတို့ဖြတ်လမ်းက ရောက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဖြတ်လမ်းက"

"ဟုတ်တယ်၊ ဖြတ်လမ်းက ရောက်လာတာ"

ငတောက်တူသည် အံ့ဩတကြီး မျက်နှာဖြင့် ကြောင်အနေသည်။

"ငါတို့လမ်းက ဖြတ်လမ်းဖြစ်နေပြီး သုံးရက်ခရီးကို နေ့ဝက်နဲ့ရောက်လာတာ ကံကောင်းလို့ပဲမှတ်။ ဒီခရီးကို ဘယ်သူမှ မသိသေးဘူး ငတောက်တူ။ နင်နဲ့ ငါပဲသိတာ။ တို့ဖြတ်သန်းလာတဲ့ ခရီးတစ်လျှောက်မှာ အမှတ်အသားတွေလုပ်ခဲ့ကြတာ နင်မှတ်မိတယ် မဟုတ်လား"

ငတောက်တူသည် ယောင်အမ်းအမ်းဖြင့် ခေါင်းညိတ်လိုက်သည်။ သူသည် ဆရာသခင်ဖြစ်သူ စောဂေးမိုးကို အထင်တကြီးအားကိုးစွာဖြင့် ကြည့်နေပြန်သည်။

"ကျုပ်မှတ်မိသလောက်တော့ မှတ်မိပါတယ်ဗျ"

စောဂေးမိုး၏ မျက်နှာတွင် ကရုဏာဒေါသော မျက်နှာပေါ်လာသည်။

"အဲဒီ မျောက်ခေါင်းဂူမှာ ရတနာတွေရှိတယ်။ ပြီးတော့ ကမ္ဘာပေါ်မှာ အရှားပါးဆုံး သစ်ခွပန်းပင်တွေရှိတယ်လို့ လူကြီးသူမတွေ ပြောနေကြတာ နင်မမှတ်မိတော့ဘူးလား ငတောက်တူရယ်၊ အ,ပါ့ကွာ"

ငတောက်တူသည် မျက်နှာချက်ချင်းညှိုးငယ်သွားပြီး-



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ကျယ်ဝန်းလှတဲ့ တောတောင်ထဲမှာ ရတနာတွေကို ကျုပ်တို့ ဘယ်လိုရှာတွေ့နိုင်မှာလဲ။ ဘယ်နေရာမှာ သွားရှာကြမှာလဲ"

စောဂေးမိုးသည် တံတွေးကို ထွီခနဲ ထွေးလိုက်ပြန်သည်။

"အေး…နင်ပြောသလို ရတနာရှာဖွေတဲ့ကိစ္စ ခဏထားလိုက်ဦးဟဲ့။ ရှားပါးတဲ့ သစ်ပင်တစ်မျိုးကိုတော့ တွေ့နိုင်စရာအကြောင်းရှိတယ်။ အဲဒီသစ်ပင်ကို လိုချင်လို့ လောဘတကြီးလိုက်နေကြတဲ့ မုဆိုးတွေ၊ စီးပွားရေးသမားတွေ အများကြီးပဲကွ။ နင်ဘာသိသလဲ။ နင်အရက်သောက်ဖို့ပဲ သိတယ်မဟုတ်လား"

ငတောက်တူသည် စောဂေးမိုးကို အံ့သြတကြီး ငေးကြည့်နေမိသည်။ သူ၏မျက်ဝန်းများတွင် လောဘရိပ်လား၊ အံ့သြမှုလား မသေချာသောအရိပ်တစ်ခု ဖြတ်သန်းသွားသည်ကို စောဂေးမိုး သတိပြုမိလိုက်သည်။

"ဘာ…ဘာပင်လဲ"

စောဂေးမိုး၏ မျက်ဝန်းညိုညိုများက ငတောက်တူကို စိုက်ကြည့်နေမိသည်။ ငတောက်တူ၏ မျက်နှာသည် အလိုရမ္မက်ဖြင့် သေးကွဲ့သွားသည်ဟု ခံစားမိသည်။ ထို့ကြောင့် ငတောက်တူသည် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ သို့သော် စောဂေးမိုးက အေးဆေးတည်ငြိမ်စွာဖြင့် တစ်ခွန်းချင်းပြောလေသည်။

"သစ်ခွနက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

"ဟုတ်တယ်…သစ်ခွနက်။ သူ့အရွက်ကဲ မြို့ပေါ်တွေမှာ အစိုက်များကြတဲ့ ဒန်းဇင်းလေ။ ဒီအပင်က အရွက်လိုပဲ။ ဒါပေမဲ့ သူ့အရွက်က ပိုပြီးထူတယ်။ စိမ်းတယ်။ အရွက်ရဲ့အနားစောင်းတွေမှာ အနက်ရောင်ကွပ်ထားသလို လိုင်းတွေပါတယ်။ ပင်စည်က အနီရောင်ရင့်ရင့်၊ အင်း…အပွင့်ကတော့ အနက်ရောင်။ ငတောက်တူ…မီးသွေးကတောင် အရှုံးပေးရမယ်။ ဆေးဖက်လည်း ဝင်တယ်။ ကင်ဆာရောဂါလောက်တော့ အပျော့ပေါ့။ ငါ့လူ ပန်ကွေါးပါးကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ရင် ယူပစ်သလို ပျောက်သတဲ့။ ဒါ…လူကြီးတွေ ပြောခဲ့တာ။ ငါလည်း မြင်ဖူး၊ တွေ့ဖူးတာ မဟုတ်ဘူး။ ဟဲ့ကောင်…နင်အဲဒီအပင်ရရင် ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဖြစ်ပြီ။ ရှင်းပြီလား၊ နင်သိပ်အ,တာပဲ"

× × ×

သူတို့နှစ်ယောက် မည်မျှကြာအောင် စကားကောင်းနေလိုက်သည်ကိုပင် သတိမပြုမိချေ။ နေပင် အတော်စောင်းလှပေပြီ။ အိပ်တန်းဝင်တော့မည့်ငှက်များ၏ အော်မြည်သံ၊ မျောက်များ၏ ဆူညံအော်ဟစ်သံများကိုပင် ခပ်သဲ့သဲ့မျှသာ ကြားနေရတော့၏။

"ဟေ့ကောင်…ငတောက်တူ၊ ငါတို့နှစ်ယောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီည သစ်ပင်ပေါ်တက်အိပ်မှ ဖြစ်တော့မယ်။ ဒီတော့ နွယ်ကြိုး ကောင်းကောင်းနဲ့ ဝါးလုံးကောင်းကောင်း သွားခုတ်ချေ"

ငတောက်တူထွက်သွားသောအခါ စောဂေးမိုးသည် အတက်အဆင်းလွယ်သော သစ်ပင်ကို ရှာဖွေရလေသည်။ အတန် ကြာသောအခါ နွယ်ကြိုးများ၊ ဝါးလုံးများ ထမ်းကာ ငတောက် တူရောက်လာလေသည်။ သူရောက်လာပုံမှာ ပျာယီးပျာယာနိုင် လှသည်။ သူသည် ရှာဖွေခုတ်ယူလာသော ပစ္စည်းများကို သစ်ပင် ခြေရင်းတွင် စုပုံပြီးသောအခါ စောဂေးမိုးဆီသို့ တန်းတန်းမတ် မတ်လျှောက်လာသည်။

"ဘယ်လို အရေးတကြီးဖြစ်လာတာလဲ ငတောက်တူ"

ငတောက်တူ၏ အံ့ဩတကြီးမျက်ဝန်းများမှာ ညနေ နေခြည်ရင့်ရော်ရော်အောက်တွင် ပြောင်လက်စွာရှိနေသည်။

"ဖထီး…ကျုပ်…ကျုပ်"

"ငတောက်တူ…နင်ဘာဖြစ်လာသလဲ ပြောစမ်း"

ငတောက်တူမျက်နှာမှာ အံ့ဩမှုနှင့် ဝမ်းသာမှုနှစ်ခု ရော နေသော ခံစားမှုသည် လွင့်ပြယ်မသွားသေးပေ။ သူ့နှုတ်မှ စကား လုံးများက ထစ်ထစ်ငေါ့ငေါ့။

"ကျုပ်…ကျုပ်…သစ်ခွနက်"

"သစ်ခွနက် ဟုတ်လား။ သစ်ခွနက် ဘာဖြစ်သလဲ"

"ကျုပ် သစ်ခွနက်ကို တွေ့ခဲ့ပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဟုတ်လား၊ ဘယ်မှာတွေ့ခဲ့တာလဲ"

ငတောက်တူသည် ခပ်ဖွဖွပြုံးလိုက်လေသည်။ သူ့အပြုံး က မသေသပ်ပေ။ တစ်ခုခုငြိစွန်းနေသည်။ ထိုအပြုံးကို တစ်စုံ တစ်ရာက လွှမ်းမိုးချုပ်ကိုင်ထားသည်။

"မျောက်ခေါင်းဂူရှေ့ကနေ လှမ်းကြည့်ရင် မြင်နေရတဲ့ ချိုင့်ဝှမ်းကြီးထဲမှာ ကညင်ပင်ကြီးတစ်ပင်ရှိတယ်။ အဲဒီအပင်ကြီး ရဲ့ ထိပ်ဖျားပေါ်မှာ ဖ…ဖထီးပြောသလိုပဲ အနက်ရောင်သစ်ခွ ပွင့်နေတယ်ဗျ။ ကျုပ်…ကျုပ်…သေသေချာချာကို တွေ့ခဲ့ရတာ ဗျ။ ကျုပ်…ကျုပ်တို့ သူဌေးဖြစ်ပြီဗျ"

စောဂေးမိုးသည် ဦးခေါင်းတစ်ချက် ညိတ်လိုက်ကာ ရိုးသားပွင့်လင်းစွာ ရယ်မောလိုက်သည်။

"ငါတို့ သစ္စာရှိဖို့လိုတယ်။ တောက ပရိယာယ်ကြွယ် တယ်။ မမြင်အပ်တဲ့အရာတွေကိုပါ သစ္စာရှိဖို့လိုတယ်"

ငတောက်တူကပါ ရောယောင်၍ ရယ်မောလိုက်လေ သည်။ စောဂေးမိုးကို လှမ်း၍ကြည့်လိုက်သော သူ၏မျက်ဝန်း တွေထဲမှာ လောဘတွေလား၊ လျှို့ဝှက်မှုတွေလား တစ်ဝက်တစ် ပျက် ညနေခင်း မှုန်ရီဝိုးတဝါး အလင်းရောင်အောက်တွင် စောဂေးမိုးကတော့ အရိပ်အကဲ သိနိုင်လိမ့်မည်မဟုတ်ပါ။

ငတောက်တူသည် တောတွင်းတစ်နေရာသို့ လှမ်း၍ ကြည့်လိုက်လေသည်။ ဟိုးဝေးဝေးဆီမှ စိမ်းမှောင်သော သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တောင်ကုန်းများသည် အချိုးအဆစ်များစွာဖြင့် အမှောင်ရိပ် ထင်ဟပ်စပြုနေပြီဖြစ်သည်။ ငှက်တွေ အိပ်တန်းပျံစပြုနေပေပြီ။

"ဖထီး…ဗီး…ပီး…တော့…အံ့ဩစရာ…တစ်…တစ်ခု…တွေ့ခဲ့"

စောဂေးမိုးသည် ဝါးလုံးကို ဖြတ်တောက်ပိုင်းစိတ်ဖြာနေရာမှ ဓားကို ပစ်ချလိုက်ပြီး ငတောက်တူကို လှမ်းကြည့်လေသည်။

စောဂေးမိုးတစ်စုံတစ်ခုကို မေးမည်ကြံနေစဉ် ငတောက်တူက…

"ကျုပ်…အသံတစ်သံ ကြားခဲ့ရတယ်။ ကျုပ်ကြောက်လို့ ထွက်ပြေးလာတာ"

"ဘာသံလဲ"

ငတောက်တူ၏ ခပ်ဆဆတွန့်ဆုတ်မှု လေသံအဆုံးတွင် စောဂေးမိုးသည် ဝါးလုံးကို လက်မှပစ်ချလိုက်လေသည်။

"နင်ဘာသံကြားခဲ့ရတာလဲ"

ငတောက်တူ၏ အထိတ်တလန့်မျက်နှာကို လှမ်းကြည့်လိုက်သည်။

"သီချင်းဆိုသံ"

စောဂေးမိုး၏ အံ့ဩတကြီးအသံသည် ကျယ်လောင်စွာ ဟိန်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟုတ်တယ် ဖထီး၊ မိန်းကလေးတစ်ယောက်ရဲ့ သီချင်းဆိုသံ"

စောဂေးမိုးသည် မြေကြီးပေါ် ခြေပစ်လက်ပင် ထိုင်ချလိုက်မိသည်။ ငတောက်တူ ဘာတွေဖြစ်လာတာလဲ။ ထူးဆန်း၍ ရှားပါးလှသော သစ်ခွနက်ကို တွေ့လိုက်၍ ကြောင်တောင်တောင် ဖြစ်သွားပြီလား။ ဒါမှမဟုတ် မကောင်းဆိုးဝါးကောင် ပူးကပ်သွားလေပြီလား။ လူစည်း၊ ဘီလူးစည်း၊ တောစည်း၊ တောင်စည်းဆိုတာရှိသည်။ ဒီကောင် ဘာတွေမှောက်မှားကျူးလွန်လာမြီလဲ။ သူ့ကို လိမ်လည်ပြောဖို့ ကြိုးစားနေတာလား။ ငတောက်တူ၏ မျက်နှာကို အကဲခတ်သလို ကြည့်လိုက်သည်။

"ဒီလိုတောကြီးမျက်မည်းထဲမှာ ဘယ်က လူမိန်းကလေးက သီချင်းဆိုမှာလဲဟ အရူးရ။ ပေါက်ပေါက်ရှာရှာ နင်စိတ်မှန်ရဲ့လား။ လေတိုးသံများလား"

ငတောက်တူသည် ခေါင်းကို တွင်တွင်ယမ်းခါနေလေသည်။

"ဖထီး…ကျုပ် မလိမ်တတ်ဘူး။ ကောင်မလေးတစ်ယောက်ရဲ့ သီချင်းဆိုသံ စစ်စစ်ပါ။ ကညင်ပင်ကြီး ခြေရင်းနားကနေ သီချင်းသံ ထွက်နေတာဗျ။ တော်တော်ကြာကြာကို ဆိုနေတာ"



www.burmeseclassic.com

www.burmeseclassic.com



စောဂေးမိုးသည် အံ့သြတကြီး ညည်းညူလိုက်သည်။

"ငတောက်တူ၊ ငါတို့တော့ တောခြောက်ခံရပြီထင်တယ်"

× × ×

မှောင်ရီပျိုးစအခန်းကလေးထဲတွင် နှင်းငွေ့တွေ ဝဲပျံ့နေသည်။ ဆောင်းနှောင်းကာလမို့ အအေးဓာတ် သိသိသာသာ မရှိတော့ပေ။ တင်ထွန်းအောင်က စီးကရက်ကို တစ်ဖွာနှစ်ဖွာ ရှိုက်လေသည်။ ဖထီး၏ဇနီး အမိုး နော်ဖူးသာက ဒီဇယ်ဆီဖြင့် ထွန်းညှိသော ဟာရီကိန်းမီးအိမ်ကလေးကို ဆီဖြည့်နေလေသည်။

တင်မျိုးဆွေသည် ပန်းကန်ပြားထဲမှ ဆတ်သားခြောက် တစ်ဖတ်ကို ကောက်၍ဝါးလေသည်။ လတ်လတ်ဆတ်ဆတ်မို့ အရသာထူးကဲလှသည်။ ရေနွေးကြမ်းဖြင့် ပို၍လိုက်ဖက်လေသည်။

ကျွန်တော်သည် တဖြည်းဖြည်း အေးစိမ့်လာသော ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်ရင်း သိလိုသော ငတောက်တူအကြောင်းကို ဆက်၍မေးလိုက်မိသည်။

"ဒါနဲ့ ဖထီးတပည့် ငတောက်တူ ဘာဖြစ်သွားသေးသလဲဗျာ"

စောဂေးမိုးသည် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်ဝန်းများသည် ချက်ချင်းညှိုးမှိုင်းသွားပြီး တဲအပြင်ဘက်သို့ အကြည့်ကို ရွှေ့လိုက်လေသည်။

"ဒီအကောင် ဇာတ်သိမ်းမလှပါဘူးကွယ်။ နောက်နေ့မနက် အစောကြီး ငါမသိအောင် ကညင်ပင်ဆီကို သွားတယ်ထင်ပါရဲ့။ မနက်မိုးလင်းတော့ လင့်စင်ပေါ်မှာ ဒီကောင်မရှိတော့ဘူး။ ငါလိုက်ရှာတော့ တောစပ်မှာတွေ့ရတယ်။ ဒါပေမဲ့ စကားမေးမရတော့ဘူးကွ။ တစ်ကိုယ်လုံးပြာနှမ်းပြီး အသက်ငင်နေပြီ။ သွေးရူးသွေးတန်း ဖြစ်နေပြီ။ နောက်တော့ မကြာပါဘူး။ အသက်ထွက်သွားတာပဲ"

စောဂေးမိုးစကားဆုံးတော့ ကျွန်တော်တို့အားလုံး သက်ပြင်းရှည်ကြီးချကာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေမိလေသည်။

"အကောင်တစ်ကောင် ကိုက်မိသွားသလား။ ဒါမှမဟုတ် အဆိပ်ရှိတဲ့ အသီးတစ်လုံးလုံးကို မနက်စောစောစီးစီးဆာဆာနဲ့ စားမိသလား"

ဟု ကျွန်တော်က ဝင်၍ မှတ်ချက်ပေးမိသည်။

စောဂေးမိုးက စိတ်မကောင်းဟန်ဖြင့်...

"မသိပါဘူးကွယ်။ ငါလည်း တောထဲမှာ ခရီးကဝေး၊ နှစ်ယောက်ရှိရာကနေ တစ်ယောက်က တစ်ကိုယ်လုံး ပြာနှမ်းပြီး သေတော့ သူ့အလောင်းကိုလည်း သေသေချာချာ စစ်ဆေးမကြည့်တော့ဘူး။ ချက်ချင်းမြေမြှုပ်ပစ်လိုက်တယ်လေ။ တောအုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်ကြွယ်တယ်ကွဲ့။ မာယာများတယ်။ တောထဲမှာမွေး၊ တောထဲမှာ ကြီးပြင်းရုန်းကန်နေကြတဲ့ ငါတို့တောင် မသိတာတွေ အများကြီးရှိသေးတယ်”

ထို့နောက် စကားဝိုင်းသည် အခြားစိတ်ဝင်စားဖွယ်ရာ အရာများဆီသို့ ရောက်သွားပြန်လေသည်။ သို့သော် ကျွန်တော်တို့အားလုံး၏ ရင်ထဲမှာတော့ စိတ်ဝင်စားဖွယ်ရာ၊ ထူးဆန်းဖွယ်ရာ အကြောင်းတွေနှင့် ပြည့်နှက်နေသော သစ်ခွနက် မျောက်ခေါင်းဂူ၊ ဖြတ်လမ်းခရီး စသည့် စကားလုံးများနှင့်အတူ ပဟေဠိများဖြင့် ပြည့်နှက်နေသည့် မိန်းကလေးတစ်ယောက်၏ သီချင်းသီဆိုသံတို့ဆီသို့သာ စိတ်တွေ စီးမျောလွင့်ပါးနေကြပေသည်။

ထို့ကြောင့် နောက်နေ့များတွင် ကျွန်တော်တို့ သုံးဦးစလုံးသည် ဖထီးစောဂေးမိုးကို နားပူနားဆာ လုပ်ပြီး ထိုခရီးကို စွန့်စားသွားလာရန် အတင်းအကျပ် ပြောဆိုစည်းရုံးကြလေသည်။ စောဂေးမိုးကလည်း ထိုခရီးကိုမသွားရန် ဒုက္ခတွေ့နိုင်ကြောင်း၊ အန္တရာယ်များလှကြောင်း ကန့်ကွက်ပြောဆိုသည်။

ပိတ်ပင်တားမြစ်မှုများကြားမှ ကျွန်တော်တို့သုံးဦးက အလျှော့မပေးဘဲ စိတ်အားထက်သန်စွာ ပြောနေသဖြင့် နောက်ဆုံးမှာတော့ စောဂေးမိုး လက်လျှော့လိုက်ရလေတော့သည်။

ထို့နောက် လိုအပ်သော လက်နက်ကိရိယာများဖြစ်သည့် ပွိုင့်တူးတူးသေနတ် တစ်လက်၊ ဒူးလေး တစ်လက်၊ တောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခားမြှောင်၊ ကိုင်းခုတ်ဓား စသည်တို့ကို ယူဆောင်ကာ စေ့စပ်သေချာစွာ လမ်းညွှန်လိုက်သော ဖထီးစောဂေးမိုး၏ မြေပုံညွှန်းကို ယူဆောင်ကာ မျောက်ခေါင်းဂူရှိရာသို့ ဖြတ်လမ်းအတိုင်း ထွက်ခဲ့ကြလေသည်။

× × ×

"ဖထီးညွှန်တဲ့အတိုင်းဆိုရင် ခုရောက်နေတဲ့ လျှိုက နောက်ဆုံးလျှိုပဲကွ။ ဒီလျှိုကိုဖြတ်ပြီး မြောက်ဘက်ကို ဆက်သွားမယ်ဆိုရင် ချောက်ကမ်းပါးကြီးတစ်ခုကို ရောက်ပြီ။ အဲဒါဆို ငါတို့ခရီးဆုံးမှတ်တိုင်ပဲ"

တင်ထွန်းအောင်သည် ပတ်ပတ်လည်ရှိ တောတောင် ချောက်ကမ်းပါးတို့ကို ဝေ့ဝဲအကဲခတ်လိုက်ကာ အားတက်သရော ပြောလေသည်။ ခရီးလမ်းတစ်လျှောက် ရှုပ်ထွေးလှသော နွယ်ပင်၊ ဆူးချုံပုတ်တို့ကို ရှင်းလင်းပြီး ခရီးသွားရသည်မှာ မလွယ်ကူလှပေ။ ထို့အတူ တောတိရစ္ဆာန်ရိုင်းများ၏ လတ်လတ်ဆတ်ဆတ် ခြေရာများ၊ မစင်ပုံများကို တွေ့ရသဖြင့် စိုးတထိတ်ထိတ်ဖြင့် တိုးဝင်ခဲ့ရသည့် နေရာတွေလည်း ရှိသေးလေသည်။ မြွေများ၊ တောယုန်ရိုင်းများ၊ တောကြက်၊ တောကြောင်တို့ကတော့ မကြာခဏ တွေ့နေရတတ်လေသည်။ သို့သော် ကျွန်တော်တို့၏ လိုရင်း ပန်းတိုင်ဖြစ်သော မျောက်ခေါင်းဂူရှိရာသို့ ရောက်ရှိရေးသာ ပဓာန



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် တောတိရစ္ဆာန်များကို ပစ်ခတ်ခြင်းမပြုကြပေ။ သေနတ်နှင့် ဒူးလေးပါလာခြင်းကလည်း တိရစ္ဆာန်များကို သတ်ဖြတ်ဖို့မဟုတ်။ မိမိအသက်အန္တရာယ်ကို ကာကွယ်ဖို့သာ ဖြစ်ပေသည်။ ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ တောလိုက်ပစ်ခတ်ဖို့မဟုတ်ဘဲ ထူးဆန်းရှားပါးသော သစ်ခွနက်ကို ရရှိရေးမဟုတ်လား။

ကျွန်တော် လက်ပတ်နာရီကိုကြည့်လိုက်တော့ ၁၁ နာရီရှိပြီ။ စောဂေးမိုး၏ လမ်းညွှန်မြေပုံအတိုင်း နေမစောင်းခင် မျောက်ခေါင်းဂူကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိဖို့ လိုပေသည်။ တင်ထွန်းအောင်နှင့် တင်မျိုးဆွေသည် ပါလာသော ငါးသေတ္တာဘူးနှင့် ကိတ်ခြောက်တို့ကို ထုတ်ယူကာ နံနက်စာ စားသောက်ဖို့ ပြင်ဆင်ရလေသည်။

စားသောက်ပြီးသောအခါ ...

"ကဲ...ဆယ့်ငါးမိနစ်လောက် နားပြီးရင် ခရီးဆက်ကြမယ်"

တင်မျိုးဆွေက ဒူးလေးကို လှမ်းယူရင်း ပြောလိုက်လေသည်။ သူသည် စောဂေးမိုး၏ ဒူးလေးကြီးကို လွန်စွာ သဘောကျကာ ကိုင်တွယ်ပစ်ခတ်နေချင်သူ ဖြစ်လေသည်။ ခပ်ဝေးဝေးဆီမှ ချိုးကူသံ၊ ငှက်နွားအော်သံတို့သည် တောင်ကမ်းပါးယံကို ပဲ့တင်ရိုက်ကာ ပေါ်လာသည်။ သစ်ရွက်တွေကို လေတိုးသံအော



www.burmeseclassic.com

www.burmeseclassic.com



တရှဲရှဲမြည်လျက်…။

"ဝေး…ဟေး…ဟေး"

ချောက်ကမ်းပါးစွန်မှ ရပ်ကာ လက်နှစ်ဖက်ကို ဆန့်တန်းလျက် အားရပါးရ အော်လိုက်သော တင်ထွန်းအောင်အသံကို ကြားလိုက်ရပြီဆိုကတည်းက ကျွန်တော်တို့အဖို့ မျောက်ခေါင်းဂူကို တွေ့လိုက်ရပြီဖြစ်ကြောင်း နားလည်လိုက်ရလေပြီ။ ဆူညံစွာ ပျော်ရွှင်အော်ဟစ်နေသော တင်ထွန်းအောင်ဆီသို့ ကျွန်တော်တို့ နှစ်ယောက် ကလေးသူငယ်များပမာ ဝမ်းသာအားရ ပြေးထွက်သွားခဲ့ကြသည်။

"ဟိုမှာ မျောက်ခေါင်းဂူ"

တင်ထွန်းအောင် လက်ညှိုးညွှန်ရာသို့ ကျွန်တော်တို့ လှမ်းကြည့်လိုက်ကြသည်။ မှန်ပေသည်။ မလွဲချော်နိုင်သော အရာဖြစ်ပါသည်။ ကျွန်တော်တို့ရှေ့ ကိုက်သုံးရာမျှ ကွာဝေးသော ချောက်၏ နှုတ်ခမ်းထိပ်စွန်းတွင် မျောက်ခေါင်းပုံသဏ္ဌာန် ကြီးမားသော ကျောက်တုံးကြီးကို ဘွားခနဲ တွေ့လိုက်ရလေသည်။

"ဟုတ်တယ်ဟေ့၊ မျောက်မျက်နှာကြီးအတိုင်းပဲကွ"

"ဒါကြောင့် မျောက်ခေါင်းဂူလို့ ခေါ်ကြတာပေါ့"

ကျွန်တော်တို့သည် တစ်ယောက်တစ်ပေါက်ဖြင့် ကျယ်လောင်စွာ အော်ဟစ်ပြောဆိုကြလေသည်။ ထို့နောက် မျောက်ခေါင်းဂူနှင့် စပ်လျဉ်းသော အချက်အလက်များကို ခပ်ဝေးဝေးမှ



www.burmeseclassic.com

www.burmeseclassic.com



လေ့လာခဲ့ကြသည်။

စောဂေးမိုးပြောပြသည့် ကညင်ပင်ကြီးကိုလည်း ရှာဖွေကြသည်။ တောက်တူ သေဆုံးခဲ့သည့်နေရာ၊ မြေမြှုပ်ခဲ့သည့်နေရာတို့ကိုတော့ ရှာဖွေရန် မလွယ်ပေ။ တောချုံတွေ ကြီးစိုးနေသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့သည် ကျွန်းပင်ကြီးတစ်ပင်၏ ခြေရင်းတွင် သယ်ဆောင်လာသော ပစ္စည်းများကို စုပုံခဲ့ကြသည်။ ထို့နောက် အနားယူရင်း ပတ်ဝန်းကျင်ကို လေ့လာရန် အကြောင်းဖန်လာခဲ့သည်။

ကျွန်တော်သည် မျောက်ခေါင်းဂူရှိရာသို့ တစ်ယောက်တည်း ထွက်လာမိသည်။ တင်ထွန်းအောင်တို့နှစ်ယောက်ကတော့ ယာယီတဲထိုးရန် ကျန်ရစ်ခဲ့သည်။ ကျွန်တော်က နွယ်ကြိုးရှာရန် အကြောင်းပြချက်ဖြင့် ထွက်လာခြင်းဖြစ်သည်။ နွယ်ပင်တွေ၊ ချုံပုတ်တွေကို တိုးဝှေ့ရင်း မျောက်ခေါင်းဂူနှင့် နီးနိုင်သမျှနီးအောင် တိုးကပ်လိုက်မိသည်။

မျောက်ခေါင်းဂူနှင့် အနီးဆုံး တစ်ဖက်ချောက်ကမ်းပါးအစွန်းထိပင် တိုးဝှေ့လျှောက်လာပြီး ဂူကိုလှမ်းကြည့်လိုက်မိသည်။

ကျွန်တော်သည် ဂူ၏မျက်နှာပြင်ထက်မှာ တရွေ့ရွေ့လှုပ်ရှားပြေးလွှားနေသော အရာအချို့ကို မြင်လိုက်ရသဖြင့် သဲသဲကွဲကွဲဖြစ်စေရန် မှန်ဘီလူးဖြင့် ကြည့်လိုက်မိသည်။ မှန်ဘီလူးမျက်နှာပြင်တွင် ပေါ်လာသည့်အရာများကား . . .



www.burmeseclassic.com

www.burmeseclassic.com



"အား…မျှောက်တွေ"

ရာပေါင်းများစွာသော မျှောက်များသည် ဂူ၏ နှာခေါင်းပေါက်၊ ပါးစပ်၊ ခေါင်းပေါ်တို့တွင် ဆူညံစွာ လှုပ်ရှားသွားလာနေကြသည်ကို တွေ့လိုက်ရပါသည်။ မျှောက်များသည် ချောက်၏သည်ဘက်ကမ်းပါးထိပ်မှနေကာ ဂူရှိရာသို့ လှေလာကြည့်ရှုနေသော ကျွန်တော့်ကို တွေ့မြင်သွားသည်နှင့် တစ်ပြိုင်နက် ဆူညံစွာ အော်ဟစ်ရင်း တစ်ကောင်နှင့်တစ်ကောင် အချက်ပေးလိုက်ဟန်တူသည်။ မျှောက်များသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး တောကြီးအလယ်တွင် လူသားတစ်ယောက်ကို ပထမဦးဆုံး မြင်လိုက်ရသည့်ပမာ ခုန်ဆွခုန်ဆွ လုပ်သည့်အကောင်ကလုပ်၊ အော်သည့်အကောင်က အော်ဟစ်၊ သစ်ပင်ပေါ် ပြေးတက်သည့်အကောင်က ပြေးတက်နှင့် မျှောက်ကမ္ဘာတစ်ခုလုံး ဆူညံပွက်လောရိုက်သွားလေ့သည်။ အချို့အကောင်များက လျှို့ထဲသို့ ဆင်းပြေးကြသည်။ တချို့က ဒေါ်ပွကျန်ရစ်ခဲ့သည်။

ထိုအချိန်တွင် ကျွန်တော်၏ နောက်ကျောမှ တိတ်တိတ်ဆိတ်ဆိတ်ရောက်နေသော တင်မျိုးဆွေက…

"ဘုန်းမြင့်…မင်းတို့အမျိုးတွေ မင်းကိုတွေ့လို့ ဝမ်းသာအားရ နှုတ်ဆက်နေကြတာကွ" ဟု ဝင်၍နောက်လေသည်။ ထို့နောက် တင်ထွန်းအောင် ရောက်လာပြန်သည်။ ကျွန်တော်တို့သည် ပင်ပန်းနွမ်းနယ်မှုဒဏ်ရာချက်များကို မေ့ပျောက်ကာ ဂူကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



မျှော်ကြည့်ရင်း လှို့ဝှက်ဆန်းကြယ်မှုများနှင့် ပျော်ဝင်စီးမျောနေသော သစ်ခွနက်ဆီသို့ စိတ်လွင့်ပါးရင်း ထိုနေ့တစ်နေ့ကို ကုန်လွန်စေခဲ့ပေသည်။

× × ×

နောက်တစ်နေ့နံနက်စောစောတွင် တင်ထွန်းအောင်တို့ကို တဲတွင်ထားခဲ့ကာ မျောက်ခေါင်းဂူရှိရာသို့ ကျွန်တော်တစ်ယောက်တည်း ထွက်လာခဲ့သည်။ ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ ကညင်ပင်ကြီးကို ရှာဖွေတွေ့ရှိရေးနှင့် သစ်ခွနက်ကို လက်ဝယ်ပိုင်ပိုင် ရရှိရေးပင် မဟုတ်ပါလား။

ကျွန်တော်သည် နေပြောက်မထိုးအောင် ထူထပ်သိပ်သည်းလှသော ပင်ခြေအောက်မှနေကာ တဖြည်းဖြည်းတိုးဝင်ကာ လျှောက်လာသည်။ လှပစိမ်းစိုသော တော၏ နက်ရှိုင်းမှု၊ ရှေးဦးကာလ ကျေးငှက်သာရကာတို့၏ တွန်ကျူးသံတို့သည် မြို့ပြတွင် အနေအထိုင်များခဲ့သော ကျွန်တော့်အဖို့ တစ်ခဏချင်းမှာပင် ကြည်နူးသွားခဲ့ရပါသည်။ ထို့ကြောင့် လူ၏ အသက်အန္တရာယ်ကို နှောင့်ယှက်ထိပါးနိုင်သော တောရိုင်းတိရစ္ဆာန်တို့၏ အန္တရာယ်၊ တော၏ ပရိယာယ်မာယာ ကြွယ်ဝမှုတို့ကို သတိလက်လွတ်မေ့ပျောက်မိသွားပြီး ဟိုဟိုသည်သည် လှည့်လည်ရွေ့လျားကာ အထူးဆန်းများကို လှည့်လည်ကြည့်ရှုမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော တောလိုက်ဓားမြှောင်ကို အားကိုးလျက် တောအတွင်း မိနစ်ပေါင်းများစွာ လှည့်လည်နေလေသည်။ တဖြည်းဖြည်းနှင့် မနေ့ညက တွေ့ခဲ့သော မျောက်ခေါင်းဂူအစပ်သို့ ဝင်ရောက်လာသည်။

ထိုအချိန်တွင် ကျွန်တော်တွေ့လိုသော အရာမှာ ချိုင့်ဝှမ်းထဲရှိ ကညင်ပင်ကြီးသာဖြစ်ကြောင်း စိတ်အာရုံက နှိုးကြားလျက်ရှိသည်။ ထိုစိတ်အာရုံ(လောဘရမ္မက်ဟုဆိုက ဆိုနိုင်သည်)ဖြင့် ကျွန်တော်၏ ခြေလှမ်းများသည် ရွေ့လျားနေသည်ဟု ဝန်ခံရပေမည်။

ကျွန်တော်သည် ချောက်ကမ်းပါး၏အစပ်သို့ တိုးဝင်နိုင်သမျှ တိုးဝင်လိုက်ချိန်တွင် ရှေ့မှာ ထီးထီးမားမားကြီး ပေါက်ရောက်နေသော သစ်ပင်ကြီးတစ်ပင်ကို ဘွားခနဲတွေ့လိုက်ရပါသည်။ ထိုအပင်ကြီးကို တွေ့လိုက်ရသည်နှင့် ကျွန်တော့်ဘဝတွင် နောက်ထပ် မည်သည့်ပျော်ရွှင်မှုမျိုးကိုမှ ထပ်မံမလိုချင်တော့ပါ။

ထိုအပင်ကြီးသည် ကညင်ပင်ကြီးဖြစ်နေသောကြောင့်ပင်တည်း။ ထိုအပင်ကြီးသည် မည်မျှကြီးမားပါသနည်းဆိုရသော် အပင်ထိပ်ဖျားသည် ချောက်နှုတ်ခမ်းကိုပင် ထိလုထိခင်ရှိအောင် မြင့်မားလှသည်ဟု ဆိုရပေမည်။ ကျွန်တော် အံ့သြတကြီးဖြင့် ငေးကြည့်နေမိလေသည်။ ထိုအပင်ထိပ်ဖျားကို ရောက်ဖို့ ပထမဦးစွာ ချောက်ထဲသို့ ခက်ခက်ခဲခဲ ဆင်းရမည်။ ချောက်ရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



အပင်ပေါ်သို့ ပြန်တက်ရမည်။ သစ်ရွက်သစ်ခက်များဖြင့် ထူထပ် ရှုပ်ထွေးစွာပေါက်နေသော အပင်ပေါ်မှ သစ်ခွနက်ကို ရှတ်တရက် ရှာဖွေရသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။

သို့သော် ကျွန်တော်၏ အလိုရမ္မက်နှင့်ယှဉ်သော စိတ်ကူး ယဉ်ဆန်မှုနှင့်အတူ စိတ်ထွေပြားနေစဉ်မှာပင် **မြက်ရိုင်းပင်များ** ပေါက်နေသော ချောက်ကမ်းပါးဆီမှ တရွေ့ရွေ့**တက်လာသော** ခပ်ဖွဖွခြေသံတစ်စုံကို ကြားလိုက်ရပါသည်။

× × ×

ကျွန်တော်၏ အသိစိတ်သည် ဖျတ်ခနဲ ရှန်းကြွသွားခဲ့ ရသည်။ ထို့ကြောင့် တောလိုက်ဓားမြှောင်ကို ဆတ်ခနဲယူပြီး နီးစပ်ရာ သစ်ပင်၏ပင်စည်သို့ လျင်မြန်စွာပြေးကပ်ရင်း ငြိမ်သက် စွာ ရပ်နေလိုက်မိသည်။ တောတိရစ္ဆာန်တစ်ကောင်ကောင် ဖြစ် လေမလား၊ သို့မဟုတ် တင်မျိုးဆွေတို့များ ဖြစ်လေမလားဟု အသိဖြင့် စောင့်ကြည့်နေမိခြင်းဖြစ်သည်။

သို့သော် ကျွန်တော်၏ အထင်နှင့် ယူဆချက်များ လုံးဝ မှားယွင်းသွားပြီဖြစ်ကြောင်း မြင်ကွင်းက သက်သေခံလိုက်ပေ သည်။ တောတိရစ္ဆာန် တစ်ကောင်ကောင်လည်းမဟုတ်၊ တင်မျိုး ဆွေတို့လည်း မဟုတ်ပေ။

ကျွန်တော်မြင်လိုက်ရသည့်အရာကား ချောက်ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ခပ်ဖွဖွခြေသံအစုံဖြင့် တဖြည်းဖြည်းတက်လာသော ကောင်မလေးတစ်ယောက် ဖြစ်နေသောကြောင့်ပင်တည်း။

× × ×

ဘုရားရေ...

ကျွန်တော်၏ နှုတ်ဖျားမှ အံ့သြတကြီး ရေရွတ်သံနှင့် အတူ ထိုကောင်မလေးကို အံ့သြတကြီး သတိလက်လွတ် ငေး ကြည့်နေမိလိုက်သည်။ သူမသည် လက်ထဲမှာ တုတ်တစ်ချောင်း ကိုင်ထားပြီး ထိုတုတ်ဖြင့် မြက်ရိုင်းပင်များကို ဖွေ့ယမ်း၍ စိတ် လက်ပေါ့ပါးစွာ တက်လာခြင်းဖြစ်သည်။ သူမသည် ပန်းနုရောင် ဖျော့ဖျော့ အင်္ကျီနှင့် ထဘီကို ထက်အောက်ဆင်တူ ဝတ်ဆင်ထား သည်။ နုနယ်သော သူမ၏ မျက်နှာကလေးနှင့် လိုက်ဖက်စွာ နွယ်ပင်ရိုင်းများသဖွယ် ရှည်လျားသော ဆံနွယ်များက လေ အဝှေ့တွင် ဖွာရရာ လွင့်ကြဲနေသည်။

ထိုအချိန်တွင် ငှက်ကလေးတွေ၏ အသံက ချိုရှရှမြည် လျက်။

ပန်းရနံ့များကလည်း သင်းရီမွှေးမြလျက်။

ကျွန်တော်သည် သူမ၏ လှပနုဖပ်သော မျက်နှာကလေး ကို သတိလက်လွတ် ငေးကြည့်မိရင်း ရင်ထဲသို့ မေးခွန်းပေါင်း မြောက်မြားစွာ ဝင်လာလေသည်။ သည်လိုလှပတဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ သည်တောသည်တောင်ထဲမှာ တစ်ယောက်တည်း ဘာလာ လုပ်နေတာလဲဟူသော အသိနှင့်အတူ ရင်ထဲမှာ ဖြန်းခနဲဖြစ်သွား လေသည်။ တစ်ဆက်တည်းမှာပင် ကွယ်လွန်သွားသော ငတောက် တူ၏ "ကောင်မလေးတစ်ယောက်ရဲ့ သီချင်းဆိုသံ"က ဦးနှောက်ထဲက အသိစိတ်ကို ရှန်းကြွသွားစေပြန်သည်။

ကောင်မလေးဟာ လူစင်စစ်လား၊ ဒါမှမဟုတ် ဒဏ္ဍာရီ ထဲက…

ကျွန်တော်သည် အံ့သြတကြီး ငေးမောကြည့်ရှု စိတ်တွေ ပြားကာ အတွေးဖြင့် ငြိမ်သက်စွာ ရပ်နေဆဲမှာပင် ရှေ့တူရူသို့ လျှောက်လာသော ကောင်မလေးနှင့် ရုတ်တရက် မျက်နှာချင်းဆိုင် သွားမိလေသည်။

ကျွန်တော်တို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ် ယောက် အံ့သြတကြီး ငေးကြည့်မိနေကြခြင်းဖြစ်သည်။ သူမက တော့ နံနက်ခင်းနေရောင်ခြည်တွေ စီးပျော်ကျခါစ နှင်းစက်တွေ စိုလူးနေဆဲဖြစ်သော မြက်ရိုင်းပင်တွေကြားမှာ မတုန်မလှုပ်ရပ်နေ ဆဲ။ ကျွန်တော်တို့နှစ်ယောက်ကြားရှိ အကွာအဝေးသည် ပေ အနည်းငယ်သာ ဝေးကွာလိမ့်မည်။ သူမသည် ပင်စည်တွင် ကျော မှီကပ်ကာ ရပ်နေသော ကျွန်တော့်ကို တွေ့မြင်လိုက်သည်နှင့် ရွေ့လျားနေသော ခြေလှမ်းများက ရုတ်တရက် ရပ်တန့်သွားကာ ခန္ဓာကိုယ်သည် ခပ်တောင့်တောင့် ဖြစ်သွားလေသည်။ မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



များက ဝိုင်းစက်လျက် ထူထူဖောင်းဖောင်း နှုတ်ခမ်းက စေ့ပိတ်လျက်။

သူမ၏ အေးစက်တည်ငြိမ်သော မျက်ဝန်းစိုစိုများတွင် ကျွန်တော်တစ်ကြိမ်မှ မမြင်ဖူးသော အရိပ်အရောင်တစ်ခုကို တွေ့လိုက်ရပါသည်။ ထို့နောက် ဖျတ်ခနဲ မျက်နှာလွှဲကာ လှိုဏ်ထဲသို့ ပြန်ဆင်းသွားလေသည်။ နောက်ကို တစ်ချက်မျှ လှည့်မကြည့်ပေ။

ထိုအခါကျမှ ကျွန်တော်၏ ခန္ဓာကိုယ်နှင့် အသိစိတ်သည် ပြန်လည်ပူးကပ်သွားပြီး သတိပြန်ဝင်လာသည်။ ထို့ကြောင့် သူမ ဆင်းသွားရာသို့ အပြေးတစ်ပိုင်းဖြင့် လိုက်ကြည့်မိသည်။ မည်သည့် လှုပ်ရှားမှုမျိုးမှ မတွေ့ရတော့ချေ။ ကျွန်တော့်မှာ မျက်မှောက်မြင်ကွင်းမှပင် ရုတ်ခြည်းပျောက်ကွယ်သွားသော သူမကို စိတ်ထွေပြားစွာ မေးခွန်းများနှင့် နစ်မျောနေစဉ် တစ်သက်နှင့် တစ်ကိုယ် တစ်ကြိမ်မှ မခံစားဖူးသေးသော ပန်းရနံ့တစ်မျိုးသည် ရင်ထဲသို့ နက်နက်ရှိုင်းရှိုင်း ဝင်လာလေသည်။

တကယ်ဆို ကျွန်တော်သည် သူမကို တစ်ခုခုမေးမြန်းလိုက်ဖို့ကောင်းသည် မဟုတ်လား။ မင်းဘယ်သူလဲဆိုသော မေးခွန်းမျိုး၊ ဒါမှမဟုတ် တောထဲကို တစ်ယောက်တည်း ဘာလာလုပ်တာလဲဆိုသော မေးခွန်းမျိုး၊ တစ်ခုခုမေးဖို့သင့်သည်။ သို့သော် ကျွန်တော့် မည်သည့်မေးခွန်းမျိုးကိုမှ မမေးမြန်းခဲ့ရပါ။

ကျွန်တော်၏ အသိအာရုံကို လှုပ်ရှားမရလောက်အောင် တစ်စုံတစ်ရာက ချုပ်ကိုင်ထားခဲ့သည်ဟု ခံစားရသည်။ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်တစ်ခုလို လစ်ဟာနေခဲ့ရသည်။ ကောင်မလေးနှင့်အတူ ပန်းရန့်တွေ ထုံရိုင်းစွာ ပါလာတာကတော့ ထူးဆန်းသည်။ သူမဟာ ပန်းရန့်တွေကို လိုက်လံစုဆောင်းနေသူလား၊ ကြောင်စီစီနိုင်လှသော ထိုအတွေးက ရယ်စရာတော့ ကောင်းနေပါသည်။

× × ×

"ဘုန်းမြင့်···မင်း ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရတယ်ဆိုတဲ့ နေရာက ဒီနေရာသေချာရဲ့လားကွ။ ဒီလိုတောခေါင်ခေါင်ကြီးမှာ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရတယ်ဆိုတဲ့ကိစ္စက တော်တော်ဆန်းကြယ်တာပဲနော် ဘုန်းမြင့်"

တင်ထွန်းအောင်က ပွိုင့်တူးတူးသေနတ်ကို ပခုံးပေါ်ထမ်းရင်း သူ၏မျက်ဝန်းများက ဟိုသည် ရွေ့လျားလျက် ပြောလိုက်သည်။ ကျွန်တော်က ကောင်မလေး ဖျတ်ခနဲဆင်းသွားသောနေရာကို သေသေချာချာ လိုက်၍ ပြသသည်။ ချောက်ကမ်းပါးထိပ်မှ ဆီး၍မြင်ရသော မြင်ကွင်းမှို့ အကြည့်ရှင်းသည်။ ကျွန်တော်သည် မှုန်ဝါးဝါးသံသယတစ်ခုဖြင့် စဉ်းစားနေစဉ် တဇီဇီမြည်ကာ ပျံသန်းလာသော အကောင်တွေကို တွေ့လိုက်ရ၍ အတွေးစ ပြတ်သွားမိသည်။

"ဘုန်းမြင့်···ပျားတွေကွ"

"ဟုတ်တယ် တင်ထွန်းအောင်၊ ပျားတွေ တစ်ခုခုတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပဲကွ။ ဒီကောင်တွေ တရှန်းရှန်းဖြစ်နေတာ ထူးခြားတယ်။ ဘာဖြစ်နေကြတာလဲ မသိဘူးဗျ''

ကျွန်တော်တို့ ဦးခေါင်းပေါ်မှ ခပ်နိမ့်နိမ့်ဝဲပျံနေသော ဖျားများသည် တဝီဝီမြည်ကာ ဒေါသတကြီးဖြင့် တစ်စုံတစ်ရာကို ရှာဖွေနေကြလေဟန် ရှိပေသည်။

တင်ထွန်းအောင်သည် ပခုံးပေါ်ထမ်းလာသော ပွိုင့်တူးတူးသေနတ်ကို ဖြောင်းခနဲမည်အောင် မောင်းတင်လိုက်လေသည်။ ကျွန်တော်တို့သည် ပင်ခြေရှင်း၍ နေပြောက်မျှမထိုးသော တောစိုးသစ်ပင်များကို စိုးရိမ်တကြီးလိုက်လံ ရှာဖွေကြည့်ရှုနေမိသည်။

''ဘုန်းမြင့်...အသာနေစမ်း၊ တရှပ်ရှပ်အသံကြားတယ်။ ဘာလဲမသိဘူး''

ကျွန်တော်သည် လက်မြန်ခြေမြန်နိုင်လှသော တင်ထွန်းအောင်ကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။ သူ၏ မျက်ဝန်းများက ရှေ့သို့ စူးစိုက်ရွေ့လျားလျက်။

ကျွန်တော်သည် တစ်စုံတစ်ခုသော အန္တရာယ်၏ ရနံ့ကို ရလိုက်မိသည်။ ထိုအသိဖြင့် နောက်ကျောဆီသို့ လှည့်အကြည့်မှာပင် ကျွန်တော်တို့ နောက်ကျောဘက်ရှိ ကြီးမားလှသော သစ်ပင်ကြီးတစ်ပင်ပေါ်မှ အသာဖွဖွ ဆင်းလာသော ခြေသံတစ်စုံကို ကြားလိုက်ရလေသည်။

× × ×

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မြင်လိုက်ရသည့် မြင်ကွင်းကား သစ်ပင်ပေါ်မှ ဒရောသောပါး ဆင်းလာသော အညိုရင့်ရောင် ဝက်ဝံကြီးတစ်ကောင်သာ ဖြစ်လေသည်။ ဝက်ဝံကြီးသည် ပါးစပ်မှ ထမင်းစားပန်းကန်ပြားတစ်ချပ်စာခန့်ရှိ ပျားသလက်တစ်ချပ်ကို ကိုက်ချီထားပြီး မြေပြင်ပေါ်သို့ ဝုန်းခနဲချလိုက်လေသည်။ သူ၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်အနှံ့အပြားဆီတွင် ပျားကောင်ရေ ရာပေါင်းများစွာက တဝီဝီအသံပေးကာ ဒေါသတကြီး ကိုက်ခဲနေသည်။ သို့သော် ပါးစပ်မှာ ကိုက်ချီထားသော ပျားသလက်ကိုတော့ မလွှတ်ပေ။ ပျားသလက်မှ ပျားရည်တွေက တစက်စက်ယိုကျနေလေသည်။ သဲသဲမဲမဲ ဝိုင်းတုပ်ခဲနေသော ပျားအုပ်စု၏ ရန်ကို လွတ်အောင် ရုန်းကန်နေရပုံရသည်။

ထိုမြင်ကွင်းကို မြင်သည်နှင့် တင်ထွန်းအောင်သည် "ဝက်ဝံကြီး" ဟု အော်ကာ သေနတ်ဖြင့် ထိုးချိန်လိုက်လေသည်။

"မပစ်နဲ့"

ကျွန်တော် အသံကုန်အော်ဟစ်ကာ ဝက်ဝံကြီးကို ထိုးချိန်ထားသော သေနတ်ပြောင်းကို တွန်းဖယ်ပစ်လိုက်သည်။ "ဒိုင်း" ခနဲ သေနတ်သံနှင့်အတူ ကျည်ဆန်က ဝက်ဝံကြီးကို မထိဘဲ လွဲချော်သွားသည်။ ကျည်ဆန်က သစ်ရွက်တွေကြားသို့ တိုးဝင်သွားသည်။

"မင်း...ဘယ်လိုလုပ်လိုက်တာလဲ ဘုန်းမြင့်"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းအောင်သည် ဒေါသမျက်ဝန်းများဖြင့် ကျွန်တော့်ကို စိုက်ကြည့်ပြီး ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။

"တင်ထွန်းအောင်…လူ့လောကမှာ အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်အပေါ် ကိုယ့်အပေါ် ရန်မမူဘဲနဲ့ မရက်စက်ချင်ပါနဲ့။ ငါတို့ ရည်ရွယ်ချက်က တိရစ္ဆာန်တွေကို သတ်ဖြတ်ဖို့မဟုတ်ဘူးလေ"

တင်ထွန်းအောင်သည် တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ မောင်းတစ်ချက် ထပ်တင်လိုက်ပြန်သည်။ ကျွန်တော်သူ့ကို စိတ်မဆိုးရက်ပါ။ နောက်တော့ သူ သဘောပေါက်ကာ စိတ်ဆိုးပြေသွားမှာပါ။

"တင်ထွန်းအောင်…မင်းပြောလို့မရဘူးလား"

"ဘုန်းမြင့်…ဝက်ဝံကွ။ ဝက်ဝံသည်းခြေဆိုတာ"

ကျွန်တော် ခေါင်းခါလိုက်သည်။

"ဝက်ဝံသည်းခြေတန်ဖိုးကြီးမားတယ်ဆိုတာ ငါသိတယ်။ သိန်းတစ်ထောင်တန်ချင် တန်ပလေ့စေ။ ငါမမက်မောဘူးကွ"

တင်ထွန်းအောင်သည် ဝက်ဝံကြီးရှိရာသို့ သေနတ်ပြောင်းကို ထိုးချိန်လိုက်ပြီး ဟက်ခနဲ တစ်ချက်ရယ်လိုက်လေသည်။ မောင်းတစ်ချက် တင်လိုက်သည်။

"မင်း အဲဒီဝက်ဝံကို ပစ်ပြီးရင် ငါ့ကိုပဲ ဆက်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းအောင်။ မင်းဝက်ဝံကြီးကို သေသေချာချာကြည့်လိုက်စမ်း"

တင်ထွန်းအောင် ဝက်ဝံကြီးကို သေသေချာချာ ကြည့်လိုက်မိသည်။ ဝက်ဝံကြီးမှာ အထီးမဟုတ်၊ အမကြီး ဖြစ်သည်။ ထို့ပြင် ကိုယ်ဝန်နှင့် ဝက်ဝံမကြီး ဖြစ်နေသည်။

"မင်း သဘောပေါက်ပြီလား။ သူငယ်ချင်း…မပစ်ပါနဲ့ကွာ။ သူ့ဗိုက်ထဲမှာ သားကလေးတွေ ဘယ်နှကောင်ရှိသလဲဆိုတာ မခန့်မှန်းနိုင်ဘူးကွာ။ မင်းပစ်လိုက်တဲ့ ကျည်ဆန်တစ်တောင့်က တစ်သက်မဘူးကွ။ နှစ်သက်မကဘူး။ အနည်းဆုံး သုံးလေးသက် ဖြစ်နိုင်တယ်"

တင်ထွန်းအောင် ဆွတ်ခနဲ ခေါင်းညိတ်လိုက်သည်။ တင်းမာခက်ထန်လှသော သူ၏မျက်နှာသည် အပြုံးဘက်သို့ တဖြည်းဖြည်းပြောင်းလဲသွားသည်။ သူ၏မျက်ဝန်းများတွင် ကျွန်တော့်အပေါ် အားနာမှု၊ တောင်းပန်လိုမှုဖြင့် နွေးထွေးသော အရိပ်အယောင်တွေ ယှက်သန်းနေခဲ့သည်။ သူသဘောပေါက်သွားတာ ကြည်နူးစရာပဲ မဟုတ်လား။

ထိုအချိန်တွင် ဝက်ဝံကြီး မရှိတော့ချေ။ ကျွန်တော်တို့ကို ရန်မူဖို့မဆိုထားနှင့်။ ပျားတုပ်သည့်ဒဏ်ကို လွတ်အောင်ရှောင်ရှားရင်း တောနက်ထဲသို့ အော်ဟစ်ကာ ဝင်ပြေးသွားပြီ ဖြစ်လေသည်။

"ဆောရီးကွာ…ကိုယ်မှားတော့မလို့၊ တောင်းပန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ''

သူစကားဆုံးတော့ ကျွန်တော် နွေးထွေးစွာ ပွေ့ဖက်လိုက်ပါသည်။ ထိုအချိန်တွင် ကျွန်တော်နှင့် ယဉ်ပါးခဲ့ဖူးသော မွှေးရနံ့တစ်မျိုးလည်း လေစီးကြောင်းထဲတွင် ဒုတိယလွင့်မျောလာပြန်လေသည်။

''ဘာဖြစ်လို့များ ပန်းတွေ ရိုင်းရိုင်းသဲသဲ မွှေးနေရတာလဲ''

တင်ထွန်းအောင်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တွန့်သွားသည်။

''ဘုန်းမြင့်…အမွှေးတိုင်နံ့လိုလို ရတယ်ကွ။ ကြာယန်းနံ့နဲ့ တူတယ်၊ ထူးဆန်းတယ်''

ကျွန်တော် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ မွှေးပျံ့သော ရနံ့သည် ပတ်ဝန်းကျင်မှာ စက္ကန့်ပေါင်းများစွာ ဝေ့ဝဲနေလေသည်။ ကျွန်တော် ယဉ်ပါးနေသော ရနံ့မဟုတ်လား။

ကျွန်တော်သည် နက်ရှိုင်းဆန်းကြယ်လှသော တောတောင်၏ သဘာဝ၊ မမြင်နိုင်သော အန္တရာယ်တို့မှ ကင်းဝေးစေရန် မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးတို့ကို စိတ်ထဲမှ မေတ္တာပို့နေမိသည်။

ဝေနေယျသတ္တဝါများ အန္တရာယ်ကင်းပါစေ…။

× × ×

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြ၏ အနံ့အသက်၊ အရိပ်အငွေ့တို့ဖြင့် ခြားနားလျက်ရှိသော တောတောင်၏ အလှအပတို့အောက်တွင် ပျော်ဝင်လျက်ရှိသော ကျွန်တော်တို့သည် ပတ်ဝန်းကျင်နှင့် တဖြည်းဖြည်း နေသားတကျ ရှိလာခဲ့ကြပေပြီ။

မြူပြာများ လေထု၏ နံရံထူထူတွင် အနှံ့အပြား တွယ်ကပ်ချိန်မှာ ပတ်ဝန်းကျင်တွင် အမှောင်ထုသည် တစ်စတစ်စ သိပ်သည်းမှုဖြင့် နက်ရှိုင်းလာလေသည်။ ခပ်ဝေးဝေးတွင် ငှက်အော်သံများ၊ မျောက်အော်သံများ တိတ်ဆိတ်သွားပြီး တောကောင်ကြီးများ၏ ဟိန်းဟောက်မာန်ဖီသံကိုသာ တစ်ချက်တစ်ချက် ကြားရလေသည်။ စိုးစိုးစီစီ မြည်နေသော တောပုရစ်ကလေးများ၏ အသံဖြင့် ကျွန်တော်တို့၏ ရင်ထဲဝယ် အားငယ်စိတ်ဝင်လာသည်ကိုတော့ ဝန်ခံလိုပေသည်။

တောတောင်နှင့် ကျွမ်းဝင်ခြင်းမရှိသော ကျွန်တော်တို့ အဖို့ အရေးကိစ္စပေါ်ပေါက်လာပါက အားကိုးအားထားပြုရာ အရာသည် မည်သည့်အရာပါလဲ။ သုံးဦးစလုံး၏ စည်းလုံးညီညွတ်မှုက အဓိကမဟုတ်လား။ သည်အချိန်မှာ တစ်ယောက်ကို တစ်ယောက်က အားပေးမှု၊ နွေးထွေးစွာ ဆက်ဆံမှုတို့ဖြင့် ခရီးကြမ်းကို ဖြတ်သန်းရမှာပဲ မဟုတ်လား။

ကျွန်တော်တို့ဘေးမှာ ဘယ်သူမှ မရှိဘူး။

တောကား တဖြည်းဖြည်း နှင်းမြူဖြင့် အေးမြလာပြီး



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်ထူထပ်လျက် ကြောက်မက်စရာကောင်းစပြုလာလေသည်။ အရှေ့ဘက်မှာ ကြယ်ပြာကလေးတွေပင် ကောင်းကင်မှာ ဟိုတစ်စ သည်တစ်စ ပေါ်လာသည်။ ကျွန်တော်တို့သည် ညစာကို လင့်စင်ပေါ်တွင်ပင် သက်သောင့်သက်သာ စားသောက်ကြပြီး သစ်ခွနက်အကြောင်း အေးအေးလူလူ အစထုတ်ဖော်ကာ ပြောဆိုနေကြပေသည်။

ကျွန်တော်တို့အုပ်စု တွေရာလေးပါး ပြောနေကြစဉ် ထူးဆန်းသော ဖြစ်ရပ်တစ်ခုက ရုတ်တရက် ဖြစ်သွားခဲ့သည်။ အသံတစ်သံကို ကြားလိုက်ရခြင်း ဖြစ်သည်။ ထိုအသံကြောင့် အားလုံးကြောင်အသွားကာ အထိတ်တလန့် ဖြစ်သွားခဲ့သည်ကို ဝန်ခံလိုသည်။

မြွေကြီးတစ်ကောင်၏ တွန်သံလား၊ တောကောင်တစ်ကောင်၏ ညည်းညူသံလား။

ဒါမှမဟုတ် သစ်ရွက်ကြွေသံလား၊ တိရစ္ဆာန်တစ်ကောင်၏ ခြေဖွနင်းသံလား။

ဒါမှမဟုတ်…မြက်ရိုင်းပင်တွေကို တိုးဖြတ်လာသော လေတိုးသံလေလား။

ကျွန်တော်တို့အားလုံး ပီပီသသကြားလိုက်ရသည့်အသံကား တောင်ကမ်းပါးယံကို ပဲ့တင်ထပ်ကာ လေနှင့်အတူ လွင့်မျောလာသော ကောင်မလေးတစ်ယောက်၏ သာယာနာပျော်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုသံသာတည်း။

သီဆိုနေပုံမှာ တစ်ကြိမ်တစ်ခါမှ ကျွန်တော်တို့ မကြားဖူးသော သီချင်းစာသားဖြစ်သော်လည်း စိတ်လွတ်ကိုယ်လွတ် သီဆိုနေဟန်ရှိသည်။ နားထောင်၍တော့ ကောင်းလှပါသည်။ တင်မျိုးဆွေသည် ဒူးလေးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ကြောင်စီစီနိုင်လှသော မျက်ဝန်းများဖြင့် ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုလေသည်။

ညကား အမှောင်ထုထုဖြင့် နံရံသဖွယ် ခြားလျက်ရှိသည်။ အမှောင်ထုထုထဲတွင် အရာအားလုံး နစ်မြုပ်နေသည်။

"ငါတို့ကို တစ္ဆေခြောက်ပြီ"

မိနစ်ပေါင်းများစွာ ကြာသည်အထိ သာယာသော သီချင်းဆိုသံကို ကြားရပြီးနောက် တိတ်ဆိတ်သွားလေသည်။ နောက်ထပ် မည်သည့်အသံကိုမှ ကြားရခြင်းမရှိတော့ပါ။ ပို၍ ထူးဆန်းသည်မှာ တစီစီမြည်နေသော တောတိရစ္ဆာန်ကလေးများ၏ မည်သည့်အသံကိုမှ မကြားရခြင်းဖြစ်သည်။

တိတ်ဆိတ်ခြင်းသည် အသံတစ်ခုဖြစ်လိမ့်မည်။ ထိုအသံထဲသို့ ကျွန်တော်တို့ လိမ့်ကျသွားခဲ့ကြသည်။

နောက်တစ်နေ့ မိုးစင်စင်လင်းသောအခါ သစ်ခွနက်ကို အမြန်ဆုံးရှာဖွေရန်နှင့် အိမ်ပြန်ရန် ဆုံးဖြတ်လိုက်ကြရသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သုံးဦးစလုံး မမျှော်လင့်ဘဲ သစ်ခွနက်ကို တွေ့ခဲ့ကြသည်ဟုဆိုလျှင် မည်သူမှ ယုံကြည်ကြမည် မဟုတ်ပေ။ ထိုနေရာသည် ကျွန်တော်တို့ မူလကပင် တစ်ထစ်ချ ယူဆထားကြသည့်အတိုင်း ကညင်ပင်မြင့်မြင့်၏ ထိပ်ဖျားမှာပင် ဖြစ်လေသည်။ ပန်းရောင်အင်္ကျီ ဝတ်ဆင်ထားသော ကောင်မလေးကို တွေ့ခဲ့ရသည့် နေရာတစ်ဝိုက်ပင် ဖြစ်သည်။

သစ်ခွနက်သည် မှန်ဘီလူးမြင်ကွင်းထဲတွင် ဝင်ရောက်လာခြင်းဖြစ်သည်။ ကညင်ပင်ကြီးထိပ်ဖျား ခွဆုံနေရာတွင် လုံးခြုံစိတ်ချစွာ ပေါက်ရောက်နေသော သစ်ခွနက်သည် စောဂေးမိုးပြောသကဲ့သို့ပင် မီးသွေးကဲ့သို့ နက်မှောင်နေသော ပန်းပွင့်ပွင့်နေသည်။ ခပ်ဝေးဝေး ချောက်ကမ်းပါးထိပ်မှ မြင်ရသဖြင့် အရွက်များက စိမ်းမှောင်ကာ ထူထဲဟန်ရှိပါသည်။ ပင်စည်တွင် အနီရောင် သန်းနေသည်မှာ ထင်ရှားပြီး အရွက်၏ အနားတွင် အနက်ရောင်အနားကွပ်ရှိသည်။ အဝေးမှ မြင်ရသည်ကိုပင် အလွန်လှပသော ပန်းဖြစ်ကြောင်း ထင်ရှားလှပေသည်။ ထိုအပင်သည် ညှို့ငင်မှုများစွာဖြင့် ကျွန်တော်တို့ကို ဖမ်းစားနေလေသည်။

သို့သော် ထိုအပင်ပေါ်ရောက်ဖို့ တော်တော်ခက်ခဲပေလိမ့်မည်။ ပထမဦးစွာ အပင်ပေါ်တက်ဖို့ ချောက်ထဲသို့ အလျင်ဆင်းရမည်။ ခက်ခက်ခဲခဲ ဆင်းရမည်။ ထို့နောက် အပင်ပေါ်တက်ရမည်။ ထိုနေရာများတွင် မည်သည့်အန္တရာယ်များရှိကြောင်း မည်သူ



www.burmeseclassic.com

www.burmeseclassic.com



မှ မခန့်မှန်းနိုင်ချေ။

ကျွန်တော်တို့သုံးဦးစလုံး မှန်ဘီလူးတစ်လက်ဖြင့် ကညင်ပင်ကြီးကို အတွေးကိုယ်စီဖြင့် ငြိမ်သက်ရင်း ကြည့်နေမိကြသည်။ ထိုသစ်ခွန်က်အပင်ကို ရရှိဖို့ အခက်အခဲပေါင်းများစွာဖြင့် ရင်ခုန် ဖြတ်သန်းရဦးမည်ဆိုသော အသိတစ်ခုက ကျွန်တော်တို့၏ အတွေးထဲတွင် ထူထဲသော နံရံကြီးသဖွယ် ကာဆီးနေခဲ့သည်။

ထိုသို့ သစ်ခွနက်ပင်ရှိရာသို့ မချိတင်ကဲဟန်ဖြင့် သတိ လက်လွှတ်ငေးမောကြည့်ရှုနေကြစဉ်တွင် တစ္ဆေ့ရွှေ့သော ခြေ လှမ်းများဖြင့် ဖြတ်သွားသော ကျားသစ်တစ်ကောင်ကို ဆီး၍ မြင်လိုက်ရလေရာ ချောက်ထဲသို့ ဆင်းရမည့်အရေးကို လက်တွန့် မိကြသေးသည်။ ချောက်ထဲတွင် မည်သည့် အန္တရာယ်တွေက ကျွန်တော်တို့ကို ဆီးကြိုနေဦးမှာလဲ။

တန်ဖိုးကြီးရှားပါးသော ပစ္စည်းမှန်သမျှအရာ မှန်သမျှ လွယ်လွယ်ကူကူ ရလိမ့်မည်မဟုတ်ဟူသော အသိက ကျွန်တော့် ဦးနှောက်ထဲသို့ ဝင်လာသည်။ ကျွန်တော့်အဖို့ ချောက်ထဲသို့ ဆင်းသက်နိုင်ဖို့အရေး စဉ်းစားနေစဉ် တင်မျိုးဆွေသည် ကျွန်တော် ၏ပခုံးကို အရေးတကြီး ပုတ်လိုက်သည်။

"ဘုန်းမြင့်…ကညင်ပင်ကြီး ပင်စည်အခြေကို ကြည့် လိုက်စမ်း။ လက်ဖက်ရည် အကြမ်းပန်းကန်လောက်ရှိတဲ့ အကောင်တွေကွ။ ရွစိရွစိနဲ့ အများကြီးပဲဟ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တအံ့တကြီး လေသံဖြင့်…

"ဘာကောင်တွေလဲ"

ကျွန်တော်သည် မှန်ဘီလူးကိုယူပြီး ပင်ခြေမှာ နွယ်ပင်၊ သစ်ပင်ငယ်များဖြင့် ရှုပ်ထွေးနေသော ကညင်ပင်ကြီး၏ ပင်စည်အောက်ခြေကို လှမ်းကြည့်မိလိုက်ပါသည်။ မှန်ဘီလူးဆုံခွက်တွင် မြင်လိုက်ရသည့်အရာများကား…

ဝိုင်းဝိုင်းပြားပြား လက်ချောင်းများစွာဖြင့် အကောင်ငယ် ပေါင်း ရာပေါင်းများစွာသည် ပင်စည်အောက်ခြေနှင့် ပေအထက် အနည်းငယ်တွင်လည်းကောင်း တရွေ့ရွေ့သွားနေသည့်အကောင်က တွားသွား၊ တွဲလောင်းခိုသည့် အကောင်များက တွဲလောင်း ခိုနေကြလေသည်။ တင်မျိုးဆွေက -

"ပြစမ်းပါ။ သေသေချာချာ ပြန်ကြည့်မယ်"

တင်ထွန်းအောင်က မျက်မှောင်တစ်ချက် ကျုံ့ကာ…

"ဂဏန်းက အမဲရှိလို့လား တင်ထွန်းအောင်"

"အမွေးတွေလည်း ပါတယ်။ လက်တံတွေ တော်တော် ရှည်တယ်။ ကောင်…"

တင်မျိုးဆွေ တစ်ချက်ရယ်မောလိုက်လေသည်။ သူသည် သတ္တဗေဒဖြင့် မဟာသိပ္ပံဘွဲ့ရထားသူတစ်ယောက် ဖြစ်သည်။ တိရစ္ဆာန်များကို စိတ်ဝင်စားသူဖြစ်ပြီး ငှက်ကြည့်အသင်းဝင်တစ်ယောက်ဟုဆိုကလည်း မမှားပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပင့်ကူတွေ"

"ဟင်…ဟုတ်လား၊ ပင့်ကူ"

"ဟုတ်တယ်၊ တောကြီးပင့်ကူတွေ။ သေသေချာချာကြည့်။ ခြေဖျား၊ လက်ဖျားတွေမှာ အနီအစက်ကလေးပါတယ်။ လှတာတော့ တော်တော်လှတဲ့ ပင့်ကူတွေပဲ။ ဒါပေမဲ့ အဆိပ်ကတော့ မြွေပွေး၊ မြွေဟောက် အဆိပ်နီးနီးပြင်းထန်တယ်။ တော်ရုံတန်ရုံ ဆင်တစ်ကောင်လောက်တော့ မိနစ်ပိုင်းအတွင်းမှာ ဆန့်ငင်ဆန့်ငင် အကြောဆွဲပြီး သေသွားနိုင်တဲ့ အဆိပ်ပိုင်ရှင်တွေကွ။ ကမ္ဘာပေါ်မှာ အာဖရိကတောနက်ကြီးထဲမှာ တွေ့ရတတ်တယ်။ ခု ငါတို့တွေ့နေရတာ အဲဒီလိုအကောင်မျိုးပဲ ထင်တယ်။ တော်တော်တူတယ်ကွ။ ဘာပဲဖြစ်ဖြစ်ကွာ၊ အဆိပ်ရှိတာတော့ သေချာတယ်"

တင်ထွန်းအောင်သည် ကညင်ပင်ကြီးဆီသို့ လှမ်းမျှော်ကြည့်ပြီး…

"တန်ဖိုးကြီးမားတဲ့ အရာဝတ္ထုဆိုတာ လွယ်လွယ်ကူကူနဲ့ မရနိုင်ဘူးလေ။ လွယ်လွယ်ကူကူ ပေါပေါရရင် ဘယ်လိုလုပ်အဖိုးတန်တော့မှာလဲကွာ။ သစ်ခွနက်ကိုရဖို့ တော်တော်ခက်ခက်ခဲခဲလုပ်ရဦးမယ်။ အပင်နားမှာ အန္တရာယ်တွေက ပတ်လည်ဝိုင်းနေကြတာပဲကွ။ ငါတို့အားလုံး အန္တရာယ်တွေဆီကို တိုးဝင်နေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့သတ္တိကောင်းလှသော တင်ထွန်းအောင်သည် ငေးငေး ရီရီဖြင့် ပြောလေသည်။ သူတကယ်ပင် သစ်ခွနက်ကို ရရှိဖို့ စိတ်ပျက်သွားပြီလား မဆိုနိုင်။ စကားဆက်မပြောတော့ပေ။

ကျွန်တော်သည် လာလမ်းအတိုင်း နေးကွေးလေးလံသော ခြေလှမ်းများဖြင့် ထွက်ခွာသွားသော တင်ထွန်းအောင်နှင့် တင်မျိုးဆွေတို့ကို လှမ်းကြည့်နေမိသည်။ ထို့နောက် ကျွန်တော်သည် ကညင်ပင်ကြီးရှိရာ သစ်ခွနက်ပင်ရှိရာသို့ နှမြောတသစွာ ငေးနေမိသည်။

သစ်ခွနက်သည် ယခုအချိန်မှာတော့ ကညင်ပင်၏ အမြင့်ဆုံးနေရာ ခွကြားတွင် အန္တရာယ်ကင်းရှင်းစွာ ရှိနေဆဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အပင်၏ ပတ်လည်နေရာတွင် ကျားသစ်နှင့် တောရိုင်းတိရစ္ဆာန်၊ အဆိပ်ရှိပင့်ကူများက သဘာဝအရံအတားအဖြစ် ကာကွယ်ပေးထားသကဲ့သို့ ရှိလေသည်။

ထိုအချိန်တွင် ကျွန်တော်၏ စိတ်ကူးထဲတွင် အတွေးဆန်း တစ်ခု ပေါ်လာလေသည်။ ထိုအတွေးဆန်းမှာ တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် အခြား မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်များကို တိုင်တည်ကာ သစ်ခွနက်ကို မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်လိုက်မည်ဆိုပါက မည်မျှ ကုသိုလ်ထူးလိုက်မည်နည်းဟူသော ကုသိုလ်စိတ်ပင် ဖြစ်လေသည်။ ထိုလှူဒါန်းပူဇော်လိုသော စိတ်သည် သဒ္ဒါကြည်ဖြူစွာ ရုတ်တရက် ပေါ်ပေါက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ဒါနစိတ်ပင် ဖြစ်ပါသည်။ တခြား မည်သည့်ရည်ရွယ်ချက်မှ မပါချေ။

ထို့ကြောင့် ကျွန်တော်သည် ဘုမ္မစိုး၊ အာကာသစိုး၊ မြင်အပ် မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းကို တိုင်တည်ကာ လှပစိမ်းစိုသော ကညင်ပင်ကြီးနှင့်တကွ သစ်ခွနက်အား အရှိမေတ္တာယျ ဘုရားရှင်အား ပူဇော်ပါကြောင်း အသံကျယ်ကျယ်ဖြင့် လက်အုပ်ချီမိုးကာ လှူဒါန်းပူဇော်လိုက်ပါသည်။

× × ×

ကျွန်တော်သည် သစ်ခွနက်ကို ရယူမည့်အကြံကို စွန့်ပယ်ပြီး မြတ်စွာဘုရားရှင်အား လှူဒါန်းပြီးချိန်မှစ၍ ထူးဆန်းသော အသိများ၊ အထိအတွေ့များ ကပ်ငြိနေသည်ကို နဖူးတွေ့ ဒူးတွေ့ ရှိလာရလေတော့သည်။

တောတောင်အတွင်း လှည့်သည်စဉ်တွင် ထူးဆန်းသော လိပ်ပြာကြီးများ၊ ဂမုန်းပင်များ၊ ပန်းများကို လှည့်လည်ရှူးဆွတ်ရင်း အချိန်တွေကို ကုန်လွန်စေခဲ့လေသည်။

အထူးသဖြင့် ကျွန်တော်သွားလေရာ တောတွင်းနေရာအနှံ့အပြားတွင် နောက်ကျောဘက်မှ ခြေသံလိုလို ကြားနေရခြင်းဖြစ်သည်။ သစ်ရွက်ကြွေသံလည်း မဟုတ်၊ လေတိုးသံလည်း မဟုတ်။ သစ်ရွက်ခြောက်တွေကို ခပ်ဖွဖွနင်းလာသော ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) လူတစ်ယောက်၏ ခြေသံကိုပင်။ ထို့ပြင် ချုံပုတ်များ၊ သစ်ပင်များ၏ နောက်ကွယ်မှနေ၍ လူရိပ်လိုလို တွေ့မြင်နေရခြင်းကြောင့် ကျွန်တော့်မှာ အလိုလို သံသယစိတ် ဝင်နေမိလေသည်။

ထို့ပြင် ကျွန်တော့်အနီးတွင် တင်ထွန်းအောင်နှင့် တင်မျိုးဆွေတို့သာမက အခြားလူတစ်ယောက်ပါ ရှိနေသလို ခံစားနေရခြင်းသည် ငြိမ်းချမ်းနေသော ကျွန်တော်၏စိတ်ကို ပို၍ ယိမ်းထိုင်စေပါသည်။ ထိုစိတ်များ၏ လွှမ်းမိုးမှုကြောင့်လားမသိ။ ထိုညတွင် ကျွန်တော်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို ပထမဦးဆုံးအကြိမ်အဖြစ် မြင်မက်လေသည်။

× × ×

ထူထပ်နက်မှောင်သော တောအတွင်းသို့ လျင်မြန်စွာ ရွေ့လျားသွားနေသော တင်ထွန်းအောင်နှင့် တင်မျိုးဆွေတို့သည် ကျွန်တော်၏ မျက်မှောက်မှာပင် လိုက်၍မမီအောင် ပျောက်ကွယ်သွားကြလေပြီကော။ သူတို့နှင့် အုပ်စုကွဲသွား၍ မဖြစ်။ မျက်ခြည်မပြတ်စေရန် လိုက်ရတော့မည်။

ကျွန်တော်သည် လက်ထဲမှာ ကိုင်ဆောင်ထားသော ကိုင်းခုတ်ဓားဖြင့် ရှေ့တူရူရှိ ချုံနွယ်များကို ရှင်းလင်းရင်း 'တင်ထွန်းအောင်' နှင့် 'တင်မျိုးဆွေ' တို့၏ အမည်နာမများကို အသံကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဟာစ်အော်ရင်း ရှေ့သို့ တိုးဝင်လာသော်လည်း သူတို့၏ ပြန်လည်ထူးသံကို မကြားရတော့ချေ။

ထိုစဉ် ကျွန်တော်၏ အသိအာရုံထဲသို့ ဝင်ရောက်လာသော မွေးရန့်တစ်ခုကြောင့် တစ်စုံတစ်ခုကို သွား၍ သတိရမိလိုက်လေသည်။ ဆွတ်ပျံ့ဖွယ် မွေးရနံ့ကို ကျွန်တော်ခံစားနေရချိန်တွင် ကျွန်တော်၏ ရှေ့ချုံပုတ်တစ်ခုမှ လှုပ်ရှားမှုနှင့်တူ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရပါသည်။ ကောင်မလေးကို တွေ့လိုက်ရပုံမှာ ဘွားခနဲရုတ်တရက် ပေါ်လာပုံမျိုး ဖြစ်ပါသည်။

ကောင်မလေးသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်အတိုင်း တည့်တည့်မတ်မတ် လမ်းလျှောက်လာခြင်း ဖြစ်ပါသည်။ ကျွန်တော်တိုးဝင်နေသော လမ်းအတိုင်း လေးလံသော ခြေလှမ်းများဖြင့် လျှောက်လှမ်းလာသော သူမ၏ မျက်နှာမှာ အရိုးရှည်ရှည် ပန်းတစ်ပွင့် ငေးရီငိုက်ကျနေသည်နှင့် သဏ္ဌာန်တူပါသည်။ ကျောအလယ်ထိ ဖြန့်ဝဲထားသော ဆံနွယ်များကတော့ နွယ်ရိုင်းများသဖွယ် ဖွာရရာ လွင့်ကြဲနေခဲ့သည်။

သူမကို ကျွန်တော်မှတ်မိသွားသည်က ရှည်လျားသော ဆံနွယ်များနှင့်အတူ သူမ ဝတ်ဆင်လေ့ရှိသော ပန်းနုရောင်ဝတ်စုံပင်ဖြစ်သည်။ သူမကို ဟောသည်တောကြီး၏ မည်သည့်နေရာတွင် တွေ့ဖူးပါလိမ့်။

ကျွန်တော် စဉ်းစားနေဆဲမှာပင် သူမသည် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နှီးရာသို့ တည့်တည့်မတ်မတ်ပင် ညင်သာသော ခြေလှမ်းများဖြင့် လျှောက်လာဆဲဖြစ်ပါသေးသည်။ သူမလျှောက်လှမ်းလာပုံမှာ လမ်းလျှောက်လာသည်နှင့်မတူဘဲ လေထဲမှာ ပဝါတစ်စ လွင့်လာသည်နှင့် တူပါသည်။ ဒါမှမဟုတ် အဆုံးအရှုံးတစ်ခုကို ပွေ့ပိုက်ထားသလိုမျိုး ထိုင်းမှိုင်းလေးလံစွာ ရွေ့လျားလာခြင်းဖြစ်သည်။

သူမကို ငေးကြည့်နေဆဲ လက်တစ်ကမ်းအကွာသို့ အရောက်တွင်…

“ရှင့်ကြောင့် ကျွန်မ နေစရာမရှိတော့ဘူး”

ဘုရားရေ…။

ကျွန်တော့်ကြောင့် သူမမှာ နေစရာမရှိတော့ဘူးတဲ့။ သူမ ဘာကို ဆိုလိုပါလိမ့်။ ကျွန်တော် အံ့သြတကြီး ငေးကြည့်နေမိသည်။

ကျွန်တော် ဘာများကျူးလွန်မိပါလိမ့်။

တစ်ကြိမ်တစ်ခါသာ တောတွင်းတစ်နေရာတွင် မျက်နှာချင်းဆိုင်တွေ့မိလေသော သူမနှင့် ကျွန်တော် ထိုစကားကြောင့် ကျွန်တော့်အသိအာရုံများ ထွေပြားနှောက်ကျိသွားခဲ့ရပါသည်။

“ကျွန်တော့်ကြောင့် ဟုတ်လား။ ကျွန်တော် ဘာများလုပ်မိလို့ပါလဲ။ ဘယ်လိုများ ကျွန်တော်နဲ့ ပတ်သက်…”

သူမ၏ မျက်နှာကို လှမ်းကြည့်ရင်း လေးလံစွာ ပြောလိုက်ပါသည်။ သူမ၏ မျက်ဝန်းများက အရှုံးကို ရင်ဆိုင်ရသူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး (သို့မဟုတ်) ကြောက်ခွဲမှုကို ဖွံ့ပိုက်ထားသူတစ်ဦး၏ မျက်ဝန်းများ ဖြစ်နေပါသည်။ ကျွန်တော်၏ အသိအာရုံထဲမှာ အံ့ဩတွေပြားမှုနှင့်အတူ ကျွန်တော့်ကြောင့် သူမမှာ နေစရာမရှိ ဖြစ်နေရခြင်းဟူသော စကားက သူမအပေါ် ပိုမို၍ ကရုဏာ သက်စေပါသည်။

ကျွန်တော့်စကားဆုံးတော့ သူမ၏ မျက်ဝန်းများ ပိုမိုမှုန်မှိုင်းအေးစက်သွားသည်ဟု ခံစားရသည်။ ကျွန်တော့်ကြောင့် သူတစ်ပါး နစ်နာဆုံးရှုံးရသည်ကို မလိုလားပါ။

"ဒီလိုပါ…ကျွန်မပြောတာ သေသေချာချာ နားထောင်ပါ။ ရှင့်အတွက် အမှတ်တမဲ့ပေမဲ့ ကျွန်မအဖို့ အမှန်တကယ်ကို ဒုက္ခရောက်ရတာပါရှင်။ (သူမသည် ချိုင့်ဝှမ်းအောက်မှ ကညင်ပင်ကြီးရှိရာသို့ ငုံ့ကြည့်ရင်း) ကျွန်မ အဲဒီကညင်ပင်ကြီးမှာ နေပါတယ်။ ပြီးတော့ ဒီတောဒီတောင်မှာ တန်ဖိုးအကြီးမားဆုံး သစ်ခွနက်အပင်ကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ တာဝန်ကိုပါ ယူ ထားရတာပါ။ ဒါပေမဲ့ ရှင်တို့အုပ်စုက တောလည်ရင်း သစ်ခွနက်ကို အဓိက ရှာဖွေနေကြတာပဲ မဟုတ်လား။ ဒါပေမဲ့ ရှင်က သစ်ခွနက်ကို လိုချင်ပေမယ့် ဘယ်လိုမှ ယူလို့မရနိုင်တော့တဲ့ အချိန်အခြေအနေကို ရောက်လာတယ်မဟုတ်လား။ ဒါကြောင့် အလဟဿဖြစ်မှာစိုးတာနဲ့ မြတ်စွာဘုရားရှင်ကို ကြည်ညိုသဒ္ဓါပွားများပြီး သစ်ခွနက်နဲ့တကွ သစ်ခွပင်ကြီးကို ဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com



ကို လှူလိုက်တယ်။ အလှူအတန်းကို ကျွန်မ မပိတ်ပင်ပါဘူး။ သာဓုတောင် ခေါ်ပါသေးတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဘုရားရှင်ကို လှူဒါန်းပြီးရင် လှူဒါန်းထားတဲ့ ပစ္စည်းဆီမှာ မှီတွယ်နေလို့ မရတော့ဘူးလေ''

သူမအသံသည် တိုးတိမ်လျက်ရှိလေသည်။ သူမ စကားဆုံးတော့...

''ဟုတ်ကဲ့၊ ကျွန်တော့်စိတ်ထဲမှာ သစ်ခွနက်ပင်ကို တွေ့တော့ မြတ်စွာဘုရားရှင်ကို ကြည်ညိုသဒ္ဓါပွားစိတ်နဲ့ လှူဒါန်းမိပါတယ်''

သူမ ဆတ်ခနဲတုန့်ရီသွားပါသည်။ ကျွန်တော် ကရုဏာဖြင့် ပြုံးပြတော့ ခပ်နွမ်းနွမ်းအပြုံးတစ်ခုဖြင့် တုံ့ပြန်ပါသည်။ သူမကို အားနာမှုဖြင့် မည်သို့တုံ့ပြန်ပြောဆိုရမည်ကို စဉ်းစားနေဆဲမှာပင် သူမက စတင်၍ စကားပြောပါသည်။

''ရှင်...အဲဒီလို လှူဒါန်းလိုက်တော့ ကျွန်မ အဲဒီအပင်ကြီးက ဖယ်ပေးလိုက်ရပါတယ်။ ဒါကြောင့် ကျွန်မမှာ နေစရာမရှိတော့ဘူးလေ။ ဒါကြောင့် တောထဲမှာ လျှောက်သွားရင်းရှင့်နောက်က တကောက်ကောက်လိုက်နေတယ်ရှင့်။ ကျွန်မ နေစရာမရှိတော့ဘူးရှင့်။ ကျွန်မကို နေထိုင်စရာလေး ပြန်ပေးတဲ့အနေနဲ့ ရှင့်ဆုတောင်းကို ပြန်ပြင်ဆုတောင်းပေးမယ်ဆိုရင် ဘုရားရှင်ကို ရှင်ဆက်လှူဖို့ တောထဲကပန်းတွေ ကျွန်မ ရှာဖွေပေးပါ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ အင်ကြင်းတွေ ပေါ်တယ်ရှင့်"

"ဩော်..."

"ကျွန်မကို သနားရင် လိုက်လျှောပေးပါ။ ကျွန်မ နေစရာမရှိတော့လို့ပါနော်။ ရှင့်ကို ကျေးဇူးကို မမေ့ပါနဲ့။ ရှင့်ရဲ့ဘာသာတရား ကြည်ညိုမှုကိုလည်း အသိအမှတ်ပြုပါတယ်"

သူမအသံက မဝံ့မရဲ တိုးညက်လှပါသည်။ ဟင်...ဒါဆို သူမဟာ ကညင်ပင်ကြီးမှာ တွယ်နေသည့် အစောင့်အရှောက် ပရလောကသားများလား။ ကျွန်တော် , အတွေးနက်နက်ဖြင့် စဉ်းစားရင်း မှတ်ဉာဏ်ကို တူးဆွနေမိတော့သည်။

"ကျွန်မကို ကူညီပါနော်။ ဩော်...ရှင်လှူလိုက်တဲ့ သစ်ခွပန်းမှာ ရနံ့လုံးဝမရှိဘူးရှင့်။ သစ်ခွနက်မှာ ကျွန်မ ရနံ့မထည့်ရသေးဘူး။ အို...သစ်ခွနက်တင်မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ ပွင့်နေသမျှ သစ်ခွပန်းတွေမှာ ရနံ့မရှိတာ များတယ်ရှင့်။ အလုပ်ရှိတယ်"

"သစ်ခွပန်းတွေမှာ ဘာဖြစ်လို့ ရနံ့မရှိရတာလဲဗျ။ ပန်းဆိုတာ ရနံ့ရှိရင် ပိုအဓိပ္ပာယ်ပြည့်စုံမယ် မဟုတ်လား"

သူမ မဝံ့မရဲပြုံးလိုက်သည်။ လေအသွေးတွင် သူမ၏ ဆံနွယ်ရှည်ရှည်များက နွယ်ရိုင်းများသဖွယ် လွင့်ကြဲဝေရီလျက်။

"ဘဒ္ဒကမ္ဘာမှာ နောက်ဆုံးပွင့်မယ့် ဘုရားက... အရိမေတ္တေယျဘုရားရှင်ပါ။ အဲဒီ ဘုရားရှင်ပွင့်ရင် အနံ့လုံး



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့ သစ်ခွပန်းပင်တွေက ပန်းပွင့်တွေ အင်မတန်ထူးခြားတဲ့ ရနံ့တွေ ပိုင်ဆိုင်လာပြီး ထူးခြားတဲ့ ရနံ့တွေနဲ့ ဘုရားရှင်ကို ပူဇော်ကြလိမ့်မယ်။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ သစ်ခွပန်းတွေက ရနံ့တွေနဲ့ ဘုရားရှင်ကို ပူဇော်ကြလိမ့်မယ်"

ကျွန်တော် အံ့သြတကြီး ငေးကြည့်နေမိသည်။ ရင်ထဲမှာ ဖြန်းခနဲ ဖြစ်သွားသည်။

"ဒါဆို ခင်ဗျားက ရနံ့မရှိတဲ့ သစ်ခွပန်းတွေထဲကို ရနံ့တွေ ထည့်ပေးဖို့ မွှေးရနံ့တွေ ရရှိဖို့ ပန်းတွေ ရနံ့တွေ ပိုင်ဆိုင်ကိန်းဝပ်လာစေဖို့ ပန်းတွေထဲကို ရနံ့ထည့်ဖို့ တာဝန်ယူရတဲ့သူ ဆိုပါတော့"

သူမ မဖြေပါ။ အနည်းငယ်တော့ ရယ်မောပါသည်။ ကျွန်တော် ကြားဖူးသော ဂရိပုံပြင်ထဲရှိ အိုလံပီယာတောင်ထိပ်တွင် နေထိုင်သည့် ဇုနတ်မင်းကြီး၏ စေခိုင်းချက်အရ ပန်းပွင့်များကို ရနံ့သွင်းပေးရသည့် တာဝန်ကို ယူထားရသည့် ရနံ့နတ်သမီးတစ်ပါး ရှိခဲ့ဖူးပါသည်။ သူမသည် အဆိုပါ ဇုနတ်မင်းကြီး၏ ရနံ့နတ်သမီးတစ်ပါးပေလား။ ကျွန်တော်၏ အတွေးအခေါ်က ရယ်စရာဖြစ်နေပြီလား မသိ။

အကယ်၍ သူမသာလျှင် ရနံ့နတ်သမီးဖြစ်ခဲ့ပါက ရနံ့တွေမရှိသော သစ်ခွပန်းတွေကို ရနံ့သွင်းပေးခိုက်တွင် သူမနှင့် ဆုံချင်ပါသည်။ သူမ ဘယ်လိုများ ပန်းတွေကို ရနံ့သွင်းမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင်မရှိသေးသည့် အလွန်မွှေးကြိုင်ချိုအီသော ရနံ့ဖြင့် ဘုရားရှင်ကို သူမနှင့် အတူတကွ ပူဇော်ချင်ပါသည်။ သံသရာတစ်ကွေ့မှာ သူမနှင့် တစ်ကြိမ်တော့ ဆုံချင်ပါသည်။

"အရိမေတ္တေယျဘုရားရှင်ပွင့်ဖို့ဆိုတာ နှစ်ကာလပေါင်း မြောက်မြားစွာ၊ ကမ္ဘာပေါင်းများစွာ ကြာဦးမှာ မဟုတ်လား။ တကယ့်ကို အကြာကြီးပါဗျာ"

"ကျွန်မ အရိမေတ္တေယျဘုရားရှင်ကို စောင့်မျှော်ဖူးမြော်ဖို့ ဆုတောင်းထားတယ်။ အဲဒီအတွက် တာဝန်တွေလည်း လေးလံများပြားလှပါတယ်ရှင်။ အန္တရာယ်တွေ များလှပါတယ်"

ကျွန်တော် သူမကို အံ့သြတကြီး ကြည့်လိုက်မိသည်။ ရင်ထဲမှာ လေးစားနေမိသည်။

"နှစ်ပေါင်း ကုဋေကုဋာကြာမှာပဲနော်။ တရားတော်အရ ကျွန်တော်တို့အားလုံး နိဗ္ဗာန်မရခင် ဘဝပေါင်းများစွာကို ကျင်လည်ကြရဦးမှာ။ ကျွန်တော်...ကျွန်တော်"

ကျွန်တော် စကားမဆက်နိုင်ဘဲ သူမကို တစ်ချက်မျှ ငေးစိုက်ကြည့်လိုက်ပါသည်။ ထို့နောက်...

"ခင်ဗျားက ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ ကျွန်တော် ချီးကျူးပါတယ်ဗျာ။ ခင်မင်ဖို့လည်း ကောင်းပါတယ်။ ပြီးတော့ ပန်းတွေကို ရနံ့ထည့်ပေးရတဲ့ တာဝန်အတွက် ဂုဏ်ယူပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတော့ သူမ ရယ်မောလိုက်ပါသည်။ ရယ်သံသည် သူမ၏ ပစ္စက္ခအခြေအနေကို မေ့ပျောက်လိုဟန် ရှိသည်။

"အရိုမေတ္တေယျဘုရားရှင်ကို ဖူးမြော်ဖို့ စောင့်မျှော်ရင်း၊ နိဗ္ဗာန်ဆုကို စောင့်မျှော်ရင်း ဘဝပေါင်းများစွာ ကျင်လည်ရဦးမှာပါရှင်။ ဘဝတစ်ခုခုမှာ ရှင်နဲ့ကျွန်မ တွေ့ဆုံကြရဦးမှာပါ။ ကျွန်မလည်း ရှင်လိုလူမျိုးနဲ့ တွေ့ဆုံချင်ပါတယ်။ ကျွန်မရဲ့ အစ်ကို ဖြစ်ဖြစ်၊ ဒါမှမဟုတ် မောင်ငယ်ဖြစ်ဖြစ်ပေါ့"

ရှည်လျားသော မျက်တောင်ကော့များအောက်မှ မျက်ဝန်း အစုံသည် မျှော်လင့်ချက်တစ်ခုခုဖြင့် ရွှန်းပြက်နေဟန်ရှိသည်။ ကျွန်တော်၏ ဆုတောင်းတစ်ခုကြောင့် သူမ စိတ်အနှောင့်အယှက် ဖြစ်နေရသည်ကို ကြေကွဲထိခိုက်ရပါသည်။ ကျွန်တော့်ကို ခွင့်လွှတ်လိမ့်မည် ထင်ပါသည်။

သူမသည် လူယောင်ဖန်ဆင်းထားသော နတ်မိန်းမတစ်ပါး (ဒါမှမဟုတ်) တခြားပရလောကသားတစ်ဦးဦး ဖြစ်သည်ကို သိရှိခံစားနေရပါပြီ။

"ကျွန်တော် ခင်ဗျားနာမည်လေးတော့ သိခွင့်ရှိမယ် ထင်ပါတယ်"

ကျွန်တော့်စကားဆုံးတော့ တစ်ချက်ပြုံးပါသည်။ ခေါင်း ညိတ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မနာမည် နန်းကြာနွဲ့ပါ။ ကျွန်မ သစ်ခွနက်ပင်ကို စောင့်ရှောက်နေရတဲ့ နန်းကြာနွဲ့ဖြစ်ပါတယ်။ ရှင့်အတွက် မြတ်စွာဘုရားရှင်ကို ကပ်လှူပူဇော်ဖို့ ဟောဒီနေရာမှာ အင်ကြင်းပန်းတွေ ထားပေးပါ့မယ်။ မနက်စောစော ရှင်လာခဲ့ပေါ့။ ရှင်တစ်ယောက်တည်း လာနော်”

“ဟုတ်ကဲ့…ကျွန်တော် အင်ကြင်းပန်းတွေ ဘုရားလှူပြီး ကျွန်တော့်ဆုတောင်းကို ပြန်ပြင်ပြောင်းပြီး ပြောပါ့မယ်။ စိတ်ချပါ နန်းကြာနွဲ့”

ကျွန်တော့်စိတ်ထဲမှာ ဘာမှန်းမသိရသေးသော ခံစားမှုတစ်ခုဖြင့် လေးလံညှတ်ကိုင်းသွားမိပါသည်။ သူမသည် ခြောက်သွေ့သော နွေဦးရာသီဖြစ်ဖြစ်၊ စွတ်စိုထိုင်းမှိုင်းသော မိုးရာသီဖြစ်ဖြစ်၊ အေးမြသော ရာသီဖြစ်ဖြစ် သင်းပျံ့သော ရနံ့များနှင့်အတူ သူမဖြစ်တည်နေသော ဘဝအတွင်း လုံခြုံစေချင်ပါသည်။ ငြိမ်းချမ်းစေချင်ပါသည်။

မမြင်နိုင်သော ကံကြမ္မာအတွက် ဘဝသည် ဘယ်လိုမှ ရှေရှာမှုမရှိနိုင်ပါ။

“ဩော်…ရှင့်ကို ကျေးဇူးတင်စရာ စကားတစ်ခွန်း ထပ်ပြောရဦးမယ်။ ရှင် သတ္တဝါတစ်ကောင်ရဲ့အသက်ကို ကယ်လိုက်တာလေ။ တကယ်လို့ ရှင်သာ မကယ်ရင် တစ်သက်မက ဘူးရှင့်။ အဲဒီတုန်းက ရှင့်အနားမှာ ကျွန်မရှိနေတယ်။ အဲဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျေးဇူးပဲ''

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် တောတွင်းတစ်နေရာမှ အဖြစ်အပျက်တစ်ခုသည် ကျွန်တော်၏ တစ်ဘဝစာ အမှတ်တရ ဖြစ်ခဲ့ရပါသည်။ ကျွန်တော်နှင့် သူမ ကြားရှိ တိတ်တဆိတ်တွေ့ဆုံမှုသည် ထက်ရှသော ဓားတစ်လက် မဖြစ်စေဘဲ ပန်းပွင့်တစ်ပွင့်သာ ဖြစ်စေချင်ပါသည်။ ရနံ့မွှေးသော ပန်းကလေးပဲ ဖြစ်ချင်ပါသည်။

သူမ၏ အပြုံးသည် ရုတ်တရက် တောက်ပသွားလေ သည်။ ထို့နောက် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ပျောက် ကွယ်သွားပုံမှာ အခိုးအငွေ့ဆန်လှပါသည်။

ကျွန်တော် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားမိသည်။ ကျွန်တော့်စိတ်ထဲက လေးလံမှုတစ်ခုဖြင့် လစ်ဟာလျက်ရှိ၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နန်းကြာနွဲ့ချိန်းဆိုထားသည့် နေရာသို့ မတွန့်မဆုတ် သွားရောက်ရပါမည်။

× × ×

''ဘုရားရေ…ကြည့်စမ်းပါဦး၊ အင်ကြင်းပန်းတွေ တကယ်ပါလား''

လင့်စင်ပေါ်မှ တိတ်တဆိတ်ဆင်းလာသော ကျွန်တော် သည် နန်းကြာနွဲ့ချိန်းဆိုထားသော နေရာသို့ ခပ်သွက်သွက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းများဖြင့် လျှောက်လာမိသည်။ ကျွန်တော်သည် တင်ထွန်း အောင်တို့ အိပ်ရာမှမနိုးခင် အလင်းရောင်မရောက်မီမှာပင် လင့်စင် ပေါ်မှ ဆင်းလာခြင်းဖြစ်သည်။ အကယ်၍ တင်ထွန်းအောင်တို့ သာ သိရှိသွားပါက ကျွန်တော့်ကို မည်ကဲ့သို့ မှတ်ချက်ပေးမည်ကို မသိရချေ။ ကျွန်တော်၏လုပ်ရပ်ကို ကန့်ကွက်ကြမည်လား၊ ဒါမှ မဟုတ် လှောင်ပြောင်သရော်ကြမည်လား မသိပါ။

မှန်ပါသည်။ အိပ်မက်ထဲတွင် သူမနှင့် ကျွန်တော် တွေ့ ဆုံစကားပြောသည့် ချောက်ကမ်းပါးထိပ်ရှိ ကမူစွန်းပေါ်တွင် လတ်လတ်ဆတ်ဆတ် အင်ကြင်းပန်းများကို တစ်ပွေ့တစ်ပိုက်မျှ ကျွန်တော်တွေ့လိုက်ရပါသည်။ ရန့်တွေက မွှေးအီလှပါသည်။

"ဩော်…နန်းကြာနွဲ့ရယ်၊ အိပ်မက်ထဲကအတိုင်းပါပဲ လား။ မင်း တကယ်ရှိနေပါလား။ နန်းကြာနွဲ့…မင်းဟာ မြင်အပ်၊ မမြင်အပ်တဲ့ လောကသား…ပရလောကသား"

ကျွန်တော် ဝမ်းသာကြေကွဲစွာဖြင့် အင်ကြင်းပန်းတစ်ပွေ့ တစ်ပိုက်ကြီးကို ပွေ့ယူလိုက်မိပါသည်။ ထို့နောက် ကျွန်တော် သည် တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ဆိုင်ရာပိုင်ရာ အစောင့်အရှောက်တို့ကို သက်သေထူလျှောက်ထားပြီး ဘုရားရှင် အား လေးမြတ်စွာ ကပ်လှူပူဇော်လိုက်ပါသည်။

ကျွန်တော်၏ မြတ်စွာဘုရားရှင်အား ကပ်လှူပူဇော်ခြင်း လျှောက်ထားချက်များ ဆုံးသည်နှင့် သစ်ခွနက်အား ကပ်လှူ



www.burmeseclassic.com

www.burmeseclassic.com



မှုတော်ခြင်းအပေါ် ခွင့်လွှတ်ပါရန် တောင်းပန်စောင့်နတ်၊ တောင်စောင့် နတ်တို့ကို ထပ်မံဝန်ချတောင်းပန်မိပါသည်။

ကျွန်တော်၏ ဆုတောင်းစကားသံ ဆုံးသည်နှင့် ယဉ်ပါး ခြဲဖြစ်သော၊ စကားလုံးများဖြင့် အဓိပ္ပာယ်ဖော်ယူရန် ခက်ခဲလှ သော ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ပန်းရနံ့တစ်မျိုးသည် ရင်ထဲသို့ စူးစူးနင့်နင့် ဝင်ရောက်လာသည်။ ကျွန်တော့်အနားမှာ ထိုရနံ့ ဆော့ဝဲလွင့်မျောနေခြင်းဖြင့် နန်းကြာနွဲ့ ရှိနေလိမ့်မည်ကို အလိုလို သိနေသည်။

ထို့ကြောင့် လင်းအရုဏ်ဦး၏ မှုန်ဝါးဝါးအလင်းရောင် ဖြင့် မြင်နေရသော ပတ်ဝန်းကျင်ကို လှည့်လည်ရှာဖွေသော်လည်း မည်သည့်အရိပ်အရောင်မှ မတွေ့ရချေ။ ကျွန်တော်တစ်ယောက် တည်းသာ ရနံ့တွေအောက်မှာ နစ်မြုပ်လျက်။ ထိုရနံ့သည် တစ် တောလုံး တစ်တောင်လုံး မွှေးပျံ့ချိုအီသွားစေသည့် ရနံ့ဖြစ်သည်။ မိနစ်အနည်းငယ်ကြာသောအခါ ထိုရနံ့သည် နံနက်ခင်း ဆောင်း နှင်းလေထုထဲတွင် တဖြည်းဖြည်းလွင့်ပါးကာ ဖျော့တော့ပျောက် ကွယ်သွားလေသည်။ ရင်ထဲမှာတော့ နှမြောတသမှုလား၊ သတိရ မှုလား မသိနိုင်ပြီဖြစ်သော ဝေဒနာတစ်ခုဖြင့် စူးစူးနစ်နစ် လစ်ဟာ သွားခဲ့ရသည်။

ကျွန်တော်ကတော့ ကညင်ပင်ကြီးထိပ်ရှိ သစ်ခွနက်ရှိ ရာသို့ လွမ်းမောစွာ လှမ်းငေးရင်း တည်ငြိမ်စွာဖြင့် "သံသရာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အရှည်ကြီးပါ နန်းကြာနဲ့။ နိဗ္ဗာန်မရခင် ကျွန်တော်တို့ ဘဝပေါင်းများစွာ ဖြတ်သန်းရဦးမှာပါ။ သံသရာတစ်ကွေ့ကွေ့မှာ ကျွန်တော်တို့နှစ်ယောက် ကြည်နူးဝမ်းမြောက်စွာနဲ့ ဆုံတွေ့ချင်ပါတယ်''ဟု နှုတ်မှ တီးတိုးရေရွတ်ရင်း ရေရွတ်နေမိရင်း . . .။

◆ ◆ ◆

မင်းဘုန်းသိခ်သူ



အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်လေလား တစ္ဆေလား

## မောင်မောင်မိုးအောင်

နံနက်စောစော အိမ်ရှေ့ခြံထဲတွင် ကျွန်တော် တံမြက်စည်းလှဲနေစဉ် အိမ်ရှေ့ခြံဝမှ ကျွန်တော့်အမည် ခေါ်သံကြားလိုက်ရသည်။

"မောင်မိုး…ဟေ့…မောင်မိုး အိမ်ပေါ်မှာ ဖထီးရှိလား"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမည်ကိုခေါ်ရင်း ဦးစိုးနှင့် သူစိမ်းငှည့်သည် တစ်ဦးတို့ ခြံထဲဝင်လာကြသည်။

"ဒီက ဦးစောထွန်းနဲ့ တွေ့ချင်လို့လာခဲ့တာ"

မျက်နှာစိမ်းဧည့်သည်က ကျွန်တော့်ကိုပြောရင်း အိမ်ပေါ်သို့ လှမ်းကြည့်နေသည်။

"ဖထီးရှိတယ်။ အပေါ်ထပ်မှာအိပ်နေတုန်းထင်တယ်။ ခေါ်ပေးမယ်"

ဖထီးအမည်မှာ ဦးစောထွန်းဖြစ်သည်။ ကရင်တိုင်းရင်းသားဖြစ်သည်။ ရင်းနှီးသူများက ဖထီးဟုသာခေါ်ကြသည်။ စောဘထွန်းအမည်ထက် ဖထီးဟူသောအမည်က ပိုမိုထင်ရှားနေသည်။ ကျွန်တော် အိမ်အပေါ်ထပ်သို့တက်သွားပြီး ဖထီးကိုနှိုးလိုက်သည်။ ဖထီးလည်း အိပ်ရာမှ နိုးစပြုချိန်ဖြစ်သည်။ ဖထီးအောက်ထပ်သို့ ဆင်းလာသည်။

"စောစောစီးစီး မောင်စိုးတို့ပါလား။ ဧည့်သည်လည်းပါလာတယ်။ ထိုင်ကြပါ။ ဘာကိစ္စရှိလို့လဲကွယ့်"

"ဖထီးနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက စက်လှေပိုင်ရှင် ဦးထွေးအောင်လို့ခေါ်တယ်။ ပင်လယ်ပြင် ငါးဖမ်းတစ်ခေါက်ထွက်ဖို့ ဖထီးဆီလာခဲ့ကြတာ'

ဖထီးက ဦးထွေးအောင်ဆိုသူ၏မျက်နှာကို စေ့စေ့ကြည့်ပြီးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာငါးမျိုး လိုချင်တာလဲ"

"ပလာတူးငါးမျိုးပါ။ လှေတစ်စီးစာလောက်ရနိုင်မယ့် ငါးဖမ်းကွက်သွားချင်လို့ ဖထီးဆီ လာခဲ့တာပါ"

"ပလာတူးငါး လိုချင်တာတော့ ဟုတ်ပါပြီ။ ရာသီက မိုးဦးကျတော့မယ်။ မုန်တိုင်းသတင်းလည်း ကြေငြာထားတယ်။ ပင်လယ်ပြင်ထွက်ဖို့ မသင့်တော်ဘူးထင်တယ်"

"ဒီအချိန် တခြားလှေတွေမထွက်မှန်းသိလို့ လာခဲ့တာ။ ဒါမှ တစ်ခေါက်တည်းနဲ့ လိုချင်တဲ့ပိဿာချိန် ရနိုင်မယ်လေ"

"ရနိုင်တယ်ပဲထား။ အန္တရာယ်ရှိနိုင်တဲ့ အချိန်ရာသီဖြစ်နေပြီ"

"ကျွန်တော့်လှေက လှေသစ်စက်သစ်ပါ။ ဖထီးတောင်းသလောက် ပေးပါ့မယ်။ ကတိပေးထားတာရှိလို့ပါ။ ဖထီးသာ ကျွန်တော်တို့လှေနဲ့ လိုက်ခဲ့ဖို့ တောင်းပန်ပါတယ်"

"ဒီက မောင်စိုးမျက်နှာလည်း ရှိသေးတယ်။ စဉ်းစားပါ့မယ်။ သန်ဘက်ခါ ပြန်လာခဲ့ပါလား"

"ကျေးဇူးပဲ ဖထီး။ လှေအတွက် လိုအပ်တာတွေ ပြင်ထားလိုက်တော့မယ်။ ဖထီး လိုက်ဖြစ်အောင် လိုက်ခဲ့ပါနော်"

ညှော်သည်နှစ်ဦး နှုတ်ဆက်ပြီးပြန်သွားကြသည်။ သူတို့နှင့်ဖထီးပြောစကားအားလုံး ကျွန်တော်ကြားရသည်။

ဖထီးမှာ အသက်ခြောက်ဆယ်ကျော်ပြီဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးကောင်းမွန်ပြီး ဖျတ်လတ်သန်မာနေဆဲဖြစ်သည်။ ဖထီးမှာ တစ်ယောက်တည်းသမား လူပျိုကြီးဖြစ်သည်။ ကျွန်တော်နှင့် ဆွေမျိုးမကင်းသူလည်းဖြစ်သည်။ ကိုယ်ပိုင်နေအိမ်တွင် တစ်ဦးတည်းနေထိုင်ပြီး တစ်ချိန်က ငါးလှေပဲ့နင်းမှူးဖြစ်ခဲ့သည်။ ဖထီးစားသောက်ရေးကို ကျွန်တော်တို့မိသားစုက တာဝန်ယူထားသည်။ ဖထီးကို အနီးကပ် ကျွေးမွေးစောင့်ရှောက်သူမှာ ကျွန်တော်ဖြစ်သည်။ ဖထီးမှာ ငယ်စဉ်က မြိတ်ကျွန်းစုတစ်ဝိုက်တွင် ငါးဖမ်းခြင်းဖြင့် အသက်မွေးခဲ့သည်။ ပြီးနောက် ငါးဖမ်းစက်လှေ ပဲ့နင်းမှူးဖြစ်လာသည်။ နှစ်ပေါင်းများစွာ ပင်လယ်ပြင်အတွေ့အကြုံရှိသူဖြစ်သည်။ ဖထီးဘဝတစ်လျှောက်လုံး ပင်လယ်ပြင်တွင်သာ အချိန်ကုန်ခဲ့သည်။ ပင်လယ်သည် ဖထီး၏ဘဝဖြစ်သည်။ ပင်လယ်ပြင်မှ ရေ၏အရောင်၊ ရေ၏အရသာ၊ လှိုင်းကွက်၊ လှိုင်းဂယက်များကို ကြည့်ရုံမျှဖြင့် ရေအောက်တွင် မည်သည့်ငါးအမျိုးအစား အုပ်စုလိုက်ရှိနေသည်ကို အတိအကျသိသူဖြစ်သည်။ ထို့ပြင် မြန်မာ့ရေပြင် မည်သည့်ဒေသတွင် မည်သည့်ငါးမျိုး ကျက်စားနေထိုင်သည်ကိုလည်း အတွေ့အကြုံများအရ သိရှိထားသူဖြစ်သည်။ ထိုမျှသာမကသေးပါ။ ဖမ်းဆီးရရှိနိုင်မည့် ငါးအလေးချိန်ကိုပါ ခန့်မှန်းတတ်သူဖြစ်သည်။ ဖထီးခန့်မှန်းချက်များက အနီးစပ်ဆုံး မှန်ကန်သည်ချည်းဖြစ်သည်။ ဖထီးမှာ ဤသို့ အတွေ့အကြုံရှိသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ငါးဖမ်းစက်လှေပိုင်ရှင်များ ဖထီးကို အားကိုးအားထားပြုကြရသည်။ ဖထီးအမည်က ရေလုပ်ငန်းလောကတွင် ထင်ရှားခဲ့သည်။ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းနှင့် ကျွန်းများအထိ ဖထီးကို မသိသူမရှိသလောက်ပင်ဖြစ်သည်။ နေ့လည်စာ ထမင်းချိုင့်ပြင်ပေးချိန်တွင် ဖထီးကို ကျွန်တော်မေးလိုက်သည်။

"ဖထီး မနက်ကလာတဲ့ ဦးထွေးအောင်လှေနဲ့ လိုက်သွားမှာလား"

"ပိုက်ဆံ တောင်းသလောက်ပေးမယ်ဆိုလို့ လိုက်သွားဖို့စဉ်းစားနေတာ။ နောက်ဆို တစ်မိုးတွင်းလုံး နားရတော့မယ်လေ"

"ဖထီးသွားရင် ကျွန်တော့်ပါခေါ်သွားပါ။ ဖထီးနဲ့အတူ ကျွန်တော်လည်းလိုက်ချင်တယ်။ ဖထီးဆီက ပညာယူရမယ်။ ပြီးတော့ ပင်လယ်ပြင်အတွေ့အကြုံလည်း ရချင်လို့ပါ"

"မလိုက်ချင်ပါနဲ့ မောင်မိုးရယ်။ ဒီရာသီက အန္တရာယ်ရှိနိုင်တယ်။ ပင်လယ်ပြင်က သိပ်ပြီး မာယာများတတ်တာ။ တောင်း သလောက်ပေးမယ်ဆိုလို့ ဖထီးလိုက်ဖို့ စဉ်းစားနေတာ"

"ဖထီးတောင်မှ သွားရဲသေးတာပဲ။ ကျွန်တော် မကြောက်ပါဘူး။ အဲဒီဦးထွေးအောင်ကို ပြောပေးပါနော်"

"အေးလေ မောင်မိုးအောင် ဒီလောက်လိုက်ချင်နေရင်တော့ ဖထီး ခေါ်သွားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် ဖထီး၊ ဝမ်းသာလိုက်တာ"

ချိန်းဆိုထားသောနေ့တွင် ဦးထွေးအောင်တစ်ဦးတည်း ဖထီးထံရောက်လာသည်။ ဖထီးနှင့် အတန်ကြာကြာစကားပြော သည်။ ဦးထွေးအောင်က ငွေစက္ကူများ ဖထီးထံပေးလိုက်သည် ကိုလည်း သတိထားမိသည်။ ဦးထွေးအောင်ပြန်သွားသည်နှင့် ဖထီးက ကျွန်တော့်ကိုပြောလိုက်သည်။

"ကဲ...မောင်မိုး၊ မောင်မိုးပါလိုက်ဖို့ ဖထီးပြောပြီးပြီ။ မနက်ဖြန် ဝေလီဝေလင်းအချိန်မှာ စထွက်မယ်။ လိုအပ်တဲ့အိပ်ရာ လိပ် နှစ်ယောက်စာ ပြင်ဆင်ထားပေတော့။ အနည်းဆုံး တစ်ပတ် လောက်တော့ ကြာမယ်ထင်တယ်"

ဖထီးစကားကြောင့် ဝမ်းသာပျော်ရွှင်စွာဖြင့် အိပ်ရာလိပ် နဲ့ ဖထီးသုံးနေကျ ဆေးဝါးများပါ ပြင်ဆင်စီစဉ်ထားတော့သည်။

"မောင်မိုးက လွိုင်းမွှးလိမ့်မယ်။ လွိုင်းမူးပျောက်ဆေး 'ရီတာပင်' လည်း ဝယ်ဦး"

အချိန်ကာလမှာ ၁၉၆၀ ခုနှစ် နှစ်လယ်ပိုင်းကာလဖြစ် သည်။ နံနက် ဝေလီဝေလင်းအချိန်တွင် ကျွန်တော်တို့လိုက်ပါလာ သည့် ငါးဖမ်းစက်လှေ မြိတ်မြို့နောက်လည်ရပ် ဆိပ်ကမ်းစပ်မှ စတင်ထွက်ခွာခဲ့သည်။ ဖထီးနှင့်အတူ ပွဲစင်ထက်မှ လိုက်ပါခွင့်ရ ခဲ့သည်။ ဤခရီးစဉ်တွင် ပွဲနင်းနှင့် ဖထီးတို့နှစ်ဦးသာ ဦးဆောင် ကြသည်။ ဦးထွေးအောင်က အတူလိုက်ပါလာသော်လည်း ဖထီး



www.burmeseclassic.com

www.burmeseclassic.com



တို့ကိစ္စ ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့ပေ။

လှေပေါ်တွင် ကျွန်တော်အပါအဝင် လူဆယ့်ငါးဦး လိုက်ပါလာသည်။ အလင်းရောင်ရချိန်တွင် ကျွန်တော်တို့စက်လှေ ဗလီကျွန်းအနီးသို့ရောက်ရှိနေပြီဖြစ်သည်။ ဖထီးက ရှေ့တွင်လှမ်းမြင်နေရသော ဗလိကျွန်းတောင်ထိပ်ကို လှမ်းကြည့်နေသည်။ ဗလိကျွန်းပေါ်ရှိ တောင်တန်းမှာ ဆင်ကြီးတစ်ကောင်ဝပ်နေသည့် ပုံစံမျိုးလှမ်းတွေ့နေရသည်။ ဒေသခံအချို့က ဗလိကျွန်းကို ဆင်ခေါင်းတောင်ဟု ခေါ်ကြသည်။

"အင်း ...ဆင်ခေါင်းတောင်ထိပ်မှာ မိုးတွေညို့မှိုင်းနေပါလား။ မကြာခင် လေမိုးကျနိုင်တယ်ကွယ့်"

ဖထီးစကားကြောင့် အနီးတွင် အိပ်ငိုက်ရင်းလိုက်ပါလာသော ဦးထွေးအောင် ခေါင်းထောင်လာသည်။ ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်ပြီး ပြောလိုက်သည်။

"ဒီလောက်ရာသီတော့ဖြစ်ပါတယ်။ သိပ်ပြီး စိတ်ပူမနေပါနဲ့ ဖထီးရယ်"

ဦးထွေးအောင်စကားအဆုံးတွင် ပတ်ဝန်းကျင်ကို ကျွန်တော် ဝေ့ဝဲကြည့်လိုက်သည်။ ဗလိကျွန်းကြီး ကာဆီးထားသဖြင့် အတွင်းဘက် ကျွန်တော်တို့ဦးတည်ရာလမ်းကြောင်းတွင် လှိုင်းလေ မြှင်းထန်မှု မရှိလှသေးပါ။ ဖထီးက ဆက်ပြောလိုက်သည်။

"အေးပေါ့လေ။ ခုလောက်အခြေအနေမှာတော့ စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



စရာမရှိဘူးလို့ ပြောနိုင်မှာပေါ့။ ခုသွားနေတဲ့လမ်းက အတွင်းလမ်းလေ။ မကြာခင် အပြင်ဘက်ရောက်တော့မှာ။ အပြင်ဘက်ရောက်တာနဲ့ လှိုင်းလေတွေနဲ့ ,တွေ့ရမယ်ထင်တယ်''

ဖထီးပြောစကား မှန်ကန်ကြောင်း နာရီပိုင်းအတွင်း သိလာရသည်။ ဗလိကျွန်းလွန်သည်နှင့် ရေယာဉ်က ဝဲဘက်သို့ ချိုးကွေ့ဦးတည်လိုက်သည်။ ပင်လယ်ပြင်သို့ ဦးတည်လိုက်ခြင်းဖြစ်သည်။ နောက်ထပ် တစ်နာရီခန့် ခုတ်မောင်းပြီးချိန်တွင် လှိုင်းလုံးများနှင့် ရင်ဆိုင်လာရတော့သည်။ စက်လှေက လှိုင်းများကို ထိုးခွဲပြီး ဦးတည်ရာသို့ ဆက်လက်ခုတ်မောင်းနေသည်။ စက်လှေမှာ ယိမ်းထိုးလှုပ်ခါလာသည်။ အိပ်ငိုက်နေသောလှေသားများ ခေါင်းထောင်လာကြသည်။ ယခုကဲ့သို့ ရာသီမျိုးနှင့် ဆုံတွေ့နိုင်ကြောင်း ဖထီးက ဦးထွေးအောင်သို့ ပြောပြထားပြီးဖြစ်သည်။ ဦးထွေးအောင်မှာ လောဘသမားဖြစ်ပုံရသည်။ တစ်ခေါက်တည်းနှင့် လှေဝမ်းများအပြည့် ငါးလိုချင်ပုံရသည်။ လှေမှာ ဝန်ပေါ့နေသဖြင့် ဦးမော့ပြီးပြေးနေသည်။

ဖထီး ပဲ့စင်ထက်မှဆင်းလာပြီး ပဲ့ပိုင်း အနိမ့်ဆုံးနေရာထိ ဆင်းသွားသည်ကို တွေ့ရသည်။ ရေပြင်နှင့် အနီးဆုံးနေရာတွင် လက်တန်းကိုင်ပြီး ကျန်သည့်လက်တစ်ဖက်လက်ဝါးဖြင့် ပင်လယ်ရေကို ခပ်ယူလိုက်သည်။ ပါးစပ်ဖြင့် မြည်းကြည့်လိုက်သည်။ "အင်း ...လိုသေးတယ် ဆက်မောင်းဦး" ဟု စက်ခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောလိုက်သည်။ ဖထီးအပြုအမူက ထူးဆန်းနေသည်။ ရေပြင်ကို ဂရုတစိုက် ကြည့်ရှုသာမက ရေ၏အရသာကိုလည်း မြည်းစမ်းနေသည်။ လည်ပင်းတွင် စွပ်၍လွယ်ထားသောမှန်ပြောင်းဖြင့် အဝေးသို့ လှမ်းကြည့်နေသည်။ ဖထီးက ရေယာဉ်အသွားနှုန်းကို တွက်ဆပြီးပြောလိုက်သည်။

"နောက်ထပ် တစ်နာရီကျော် နှစ်နာရီလောက်မောင်းရင် ပိုက်ချရမယ့်နေရာကိုရောက်ပြီ" ဟု ပြောလိုက်သည်။ ဖထီးစကားကို ကျွန်တော် အသေအချာ မှတ်သားထားလိုက်သည်။ ကျွန်တော်တို့စက်လှေသည် ဗလီကျွန်းအနောက်ဘက်တည့်တည့် ပင်လယ်ပြင်ထဲရောက်နေသည်။ ထိုအခိုက်မှာပင် မိုးက တဖွဲဖွဲရွာလာသည်။ ပတ်ဝန်းကျင်ကိုပင် ရှင်းရှင်းလင်းလင်း မမြင်ရတော့ပေ။

"အခု တို့သွားနေတဲ့လမ်းကြောင်းဟာ ရေကြောင်းပညာစကားနဲ့ ပြောရရင် ၉၇ ဒီဂရီ လောင်ဂျီတွဒ်မျဉ်းတစ်ပိုင်ပဲ။ နောက်ဘက်တည့်တည့်သာ ဆက်မောင်းကွယ့်"

ဖထီးစကားဆုံးသည်နှင့် ပဲ့နင်းမှူးက စက်ရှိန်မြှင့်လိုက်သည်။ စက်လှေမှာ အရှိန်ဖြင့်ပြေးနေသည်။ လှိုင်းလုံးများ ပိုကြီးလာသည်။ ကျွန်တော်တို့စက်လှေ အနောက်ဘက်တွင် ဗလီကျွန်းကြီးက မှုန်ဝါးစွာ ကျန်ရစ်ခဲ့သည်။ ခုတ်မောင်းချိန် နောက်ထပ်နှစ်နာရီသာသာတွင် ဖထီး ပဲ့ပိုင်းသို့ဆင်းသွားပြီး ပင်လယ်ရေကိုလက်ခုပ်ဖြင့် ခပ်ယူမြည်းစမ်းပြန်သည်။ ခေါင်းတညိတ်ညိတ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ လှိုင်းထန်နေသောရေပြင်မှ လှိုင်းဂယက်ကိုကြည့်လိုက်ပြန်သည်။

"စက်အရှိန် လျှော့လိုက်တော့။ ဒါနဲ့ မင်းတို့လေ့ ဟိုးဘယ်နှစ်ပေါက်ရှိလဲ"

ဖထီးက ပဲ့နင်းကိုမေးလိုက်ခြင်းဖြစ်သည်။ ဟိုးဆိုသည်မှာ အင်္ဂလိပ်စကား (Hole) ကို ဆိုလိုခြင်းဖြစ်သည်။ လှေဦးပိုင်းငါးသိုလှောင်သည့်အခန်းကို မေးခြင်းဖြစ်သည်။ လှေဦးပိုင်းတွင်ငါးသိုလှောင်ခန်း အခန်းသုံးခန်းပါသည်ကို တွေ့ရသည်။

"သုံးဟိုးရှိတယ် ဖထီး"

"တစ်ဟိုးကို နှစ်ထောင်ဆန့်မယ်ထင်တယ်"

"ဖထီးမှန်းတာ ကွက်တိပဲ"

"ဒါဆို ခြောက်ထောင်လောက် ဆန့်မယ်ပေါ့။ ငါ့တွက်ကိန်းမှန်ရင် မင်းတို့လိုချင်တဲ့ငါးတွေ လေးငါးရက်လောက်နဲ့ ဟိုးတွေအားလုံး ပြည့်သွားမယ်ထင်တယ်။ ရေနားရောက်ရင် ပိုက်ချဖို့ပြင်တော့"

ဦးထွေးအောင်တို့လှေပေါ်တွင် ငါးဖမ်းပိုက် သုံးဖုံပါလာသည်ဟု သိရသည်။ ဖထီးစကားကို ဦးထွေးအောင်နှင့် ပဲ့နင်းမျိုးတို့ လွန်စွာ အရေးထားကြောင်း သတိထားမိသည်။ တက်ညီလက်ညီ ပိုက်ချရန် ပြင်ဆင်နေကြသည်။ ရေယာဉ်မှာ ဖြည်းညင်းစွာသာ ရွေ့လျားနေသည်။ နေမွန်းတိမ်းစအချိန်သို့ ရောက်လာပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့အားလုံး ဖထီးအမိန့်ကို စောင့်နေကြသည်။

"ကဲ…ကဲ ပိုက်ချလိုက်တော့ ငါနားတော့မယ်"

စကားဆုံးသည်နှင့် ဖထီးက ပဲ့စင်ပေါ်တက်သွားတော့သည်။ ဖထီးတာဝန်က ပြီးဆုံးပြီဖြစ်သည်။ ကျန်သည့်လုပ်ငန်းစဉ်များကို ဦးထွေးအောင်နှင့် ပဲ့နင်းမှူးတို့ဦးဆောင်ပြီး ဆက်လုပ်နေကြသည်။ လှေသားများ ပိုက်ချနေကြပြီ။ လှေပေါ်မှလူများ လှုပ်ရှားနေသကဲ့သို့ စက်လှေမှာလည်း လှိုင်းလေကြောင့် ယိမ်းထိုးလှုပ်ခါနေသည်။ ပဲ့နင်းမှူးက လှေသားများကို အော်ဟစ်ညွှန်ကြားနေသည်။ လှိုင်းသံကြောင့် အော်ဟစ်သတိပေးနေရခြင်းဖြစ်သည်။ ပိုက်တစ်ဖုံချပြီးချိန်တွင် နေမွန်းတိမ်းသွားပြီ။ နေဝင်စပြုလာသည်။ မှောင်စပြုလာပြီ။ မီးဆလိုက်များပင် ဖွင့်ထားရသည်။ ထိုစဉ် အနောက်တောင်ဘက်မှ လေပြင်းများ ပြင်းပြင်းတိုက်လာသည်။ လေပြင်းကြောင့် လှိုင်းများ တဝုန်းဝုန်းနှင့် ကြွလာသည်။ ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် လှေသားများ စိုးရိမ်စိတ်ဝင်လာကြသည်။ အနောက်တောင်ဘက်သို့ အားလုံးနီးပါး လှမ်းကြည့်နေကြသည်။ သူတို့သည်လည်း ပင်လယ်ပြင် အတွေ့အကြုံရှိသူများဖြစ်သည်။ သူတို့ကြည့်ရာဘက်တွင် မည်းမှောင်နေပြီး လှိုင်းလုံးကြီးများ ထကြွနေသည်။

"ပဲ့နင်းကြီး အခြေအနေမကောင်းတော့ဘူး။ မုန်တိုင်းလာနေပြီထင်တယ်။ ပိုက်တစ်ဖုံချပြီးသွားပြီ။ ပိုက်ဆွဲဖို့ပဲ ကျန်



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ ဘယ်လိုဆက်လုပ်မှာလဲ။ ဟော…ပြောရင်းဆိုရင်း ဟိုမှာကြည့်ပါဦး''

အနောက်တောင်ဘက်မှ ကြီးမားသော လေမုန်တိုင်းကြီးက စက်လှေရှိရာဘက်သို့ ဦးတည်လာနေသည်ကို တွေ့ရသည်။

''ဘယ်လို ဆက်လုပ်ရမှန်းမသိတော့ဘူး။ လှိုင်းတွေက ကြီးလိုက်တာ။ ဖထီးကို မေးပါဦး''

''မင်းတို့မြင်သလို ငါလည်းမြင်တယ်။ မမျှော်လင့်ဘဲ ထင်တာထက် ရာသီဥတုက ပိုဆိုးနေတာ။ မုန်တိုင်းလမ်းကြောင်း ကလွတ်အောင် မောင်းပြေးမှဖြစ်မယ်''

''ပိုက်ချထားပြီးပြီ ဘယ်နည်းနဲ့ မောင်းပြေးမှာလဲ''

''မင်းတို့ရဲ့ ပိုက်တွေလှေတွေက လူ့အသက်ထက် ပို အရေးကြီးသလား''

ဖထီးစကားမဆုံးခင် လှိုင်းလုံးကြီးများက တစ်လုံးပြီး တစ်လုံး စက်လှေပေါ် ဖုံးလွှမ်းရောက်ရှိလာသည်။

''အသက်မသေချင်ရင် ပိုက်တွေဖြတ်ချလိုက်တော့''

အားလုံး သေမှာကြောက်ကြသူချည်းများသာဖြစ်သည်။ နီးရာလူများက ပိုက်ကြိုးများကို ခုတ်ဖြတ်ကြသည်။ ပိုက်ကြောင့် နစ်မြုပ်လုမတတ် တိမ်းစောင်းနေသောစက်လှေမှာ ပြန်လည်တည့် မတ်လာသည်။ စက်နိုးထားသော်လည်း စက်လှေကို မထိန်းနိုင် တော့ပါ။ စက်လှေမှာ လှိုင်းလုံးလမ်းကြောင်းအတိုင်း မျောပါသွား



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"လှိုင်းကို ဖင်ပေးထား။ ဘေးတိုက်မခံမိစေနဲ့။ အဲဒီ လှိုင်းလေအတိုင်း အလိုက်သင့်ဦးတည်ထား"

အမှောင်ထုက ကြီးစိုးနေပြီဖြစ်သည်။ တိုင်ပင်မထားပါဘဲ အားလုံး အသက်ကယ်အင်္ကျီကိုယ်စီ ဝတ်ဆင်ပြီးဖြစ်နေသည်။ တည်ငြိမ်လှပါသော ဖထီးကိုယ်တိုင်ကပင် အသက်ကယ်ဘောကွင်းအဝိုင်းတစ်ခု ကိုင်ထားလျက်ရှိသည်။ ကျွန်တော့်ကိုလည်း သူ့အနီးသို့ခေါ်ထားပြီး အသက်ကယ်ဘောကွင်း ကိုင်ထားစေခဲ့သည်။

မိုးက သဲသဲမဲမဲရွာနေသည်။ စက်လှေမှာ ဦးတည်ရာမဲ့ လှိုင်းလေပင့်ရာသို့ မျောပါနေသည်။ ပဲ့ပိုင်းမှ အမိုးများ ပြုတ်ထွက်သွားခဲ့ပြီ။ ပန်းကန်ခွက်ယောက်အိုးများ ပင်လယ်ထဲသို့ လွင့်စင်ကျ၍ုန်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။ စက်လှေ မည်သည့်အရပ်ဘက်သို့ ဦးတည်မျောပါနေသည်ကို မည်သူမျှမသိတော့ပေ။ အားလုံး ဘုရားတနေကြသည်။ တတ်သမျှမှတ်သမျှဂါထာများ ရွတ်ဖတ်သူက ရွတ်ဖတ်နေကြသည်။ မုန်တိုင်းနှင့် မိုးက ပြင်းထန်နေဆဲဖြစ်သည်။ စက်လှေမှာ အလူးလူးအလိမ့်လိမ့်ဖြင့် မျောပါနေသည်။ တိမ်းမှောက်လုမှောက်ခင်ဖြစ်နေသည်။ အချိန်မည်မျှကြာအောင် မျောနေသည်ကိုပင် မသိတော့ပေ။ စက်လှေပေါ်မှ ပြုတ်မကျစေရန် နီးစပ်ရာ ဖက်တွယ်ထားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဆလိုက်များလင်းနေသော်လည်း ရှေ့ဘက်သို့ သဲသဲကွဲကွဲမမြင်ရပေ။ ထိုအခိုက် ရှေ့ခပ်လှမ်းလှမ်းတွင် မီးရောင်လိုလို အလင်းတန်းတစ်စ လှမ်းတွေ့လိုက်ရသည်။ မှုန်ဝါးဝါးသာတွေ့ရသည်။

"ဟာ…ဟိုရှေ့မှာ မီးရောင်တွေ့တယ်။ ကျွန်းထင်တယ်။ ဖြစ်ချင်ရာဖြစ်စေတော့။ အဲဒီမီးရောင်မြင်တဲ့ဘက်ကို ဦးတည်လိုက်ပေတော့"

ဖထီးစကားကြောင့် ပဲ့နင်းက မီးရောင်တွေ့ရာဘက်သို့ လှေကိုဦးတည်လိုက်သည်။ မီးရောင်ရှိရာဘက်သို့ ခဲရာခဲဆစ် ဦးတည်ရသည်။ လှိုင်းလေပင့်ရာ မျောပါနေသည့်လမ်းကြောင်းမှ မီးရောင်ရှိရာဘက်သို့ လမ်းကြောင်းပြောင်းသွားသည်။ ကျွန်းဖြစ်နိုင်သည်ဟု မှန်းဆကြသော်လည်း မည်သည့်ကျွန်း မည်သည့်နေရာမှန်း မသိကြပေ။ မီးရောင်မှာ တဖြည်းဖြည်း ပိုပြင်လာသည်။ ရေယာဉ်မှာ မီးရောင်ရှိရာနှင့် တဖြည်းဖြည်းနီးလာသည်။ ကမ်းပေါ်တွင် လူရိပ်များလိုလိုတွေ့ရသည်။ လူနှစ်ဦးသုံးဦးကို မီးရောင်ဖြင့် မသဲမကွဲလှမ်းတွေ့ရသည်။ ပဲ့နင်းက ရေယာဉ်စက် ရပ်လိုက်သည်။ ထိုစဉ်မှာပင် ရေယာဉ်မှာ သဲသောင်ခုံတစ်နေရာတွင် သဲသောင်ကိုဦးတိုက်လျက် ရပ်တန့်သွားတော့သည်။ သောင်စပ်တွင် ထိုးရပ်သွားခြင်းဖြစ်သည်။ မိုးလေက ပြင်းထန်နေဆဲဖြစ်သည်။ သဲသောင်နှင့် ရွှံ့နွံပေါ်တွင် ရေယာဉ်က တစောင်းအနေအထားဖြစ်နေသည်။ ကျွန်တော်တို့စက်လှေ သောင်စပ်တွင် ထိုး



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားချိန်တွင် ကမ်းပေါ်မှ လူသုံးဦး မီးအိမ်ကိုယ်စီကိုင်လျက် ကျွန်တော်တို့ဆီ ဆင်းလာကြသည်။ ဦးထွေးအောင်နှင့် ဖထီးတို့က အရင်ဆုံးဆင်းသွားကြသည်။

"မီးရောင်မြင်လို့ ဒီဘက်ရောက်လာတာမဟုတ်လား။ သိပ်ကံကောင်းတယ်မှတ်ပါ။ ရှိုင်းနဲ့ လေကြောင်းအတိုင်း ပါသွားလို့ကတော့ ကျောက်ဆောင်ကျောက်တန်းနဲ့တိုက်ပြီး နစ်မြုပ်ပြီမှတ်ပေတော့။ ဟိုဘက် မလှမ်းမကမ်းမှာ ကျောက်တန်းကြီးရှိနေတယ်။ ခင်ဗျားတို့သင်္ဘောက မီးရောင်ကို မုန်တိုင်းကြားထဲ မြင်နေရတာ။ သာမန်အချိန် ဒီဘက်ကို ဘယ်စက်လှေမှမလာဘူး။ မုန်တိုင်းကြောင့် မျောပါလာတာသိလို့ ကျုပ်တို့ မီးပြခဲ့ကြတာ"

မည်းသည့်လူမျိုးမှန်း ခန့်မှန်းရခက်ခဲသော အသံဝဲဝဲဖြင့် ကျွန်းပေါ်မှလူကြီးက ပြောလိုက်သည်။

"ခုလို လမ်းပြပေးတာ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး။ ဒီတစ်ညတော့ ဒီမှာပဲ တည်းခိုပါရစေ"

"ခင်ဗျားတို့စက်လှေက အမိုးတွေမရှိတော့ဘူး။ ဒီကျွန်းပေါ်မှာ တဲလေးလုံးပဲရှိတယ်။ ဒီက လူအုပ်နဲ့တည်းချင်ရင်တော့ ကျွန်းစပ်မှာ အိမ်ကြီးတစ်လုံးရှိတယ်"

"ဘယ်မှာပဲဖြစ်ဖြစ် ရပါတယ်။ အဲဒီအိမ်မှာပဲ ဒီညအိပ်ကြမယ်။ ကဲ… အိပ်ရာလိပ်တွေယူပြီး ဆင်းလာခဲ့ကြ။ အအေးမိပြီး ဖျားနာနေဦးမယ်။ ပွဲနင်းမှုနဲ့သုံးယောက်တော့ စက်လှေမြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်စစ်ဆေးဖို့ လှေပေါ်မှာပဲနေခဲ့ကြ။ အခုက ရေဝင်မှုရှိမရှိ စစ်ဆေးပါ"

ဖထီးနှင့်ဦးထွေးအောင်တို့ ဦးဆောင်ကာ ကျွန်းပေါ်မှလူကြီးများနောက်သို့ လိုက်သွားကြသည်။

"ကျွန်းစပ်က နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာပဲ ဒီတစ်ညတည်းကြပေါ့။ အဲဒီအိမ်ကြီးမှာ လူမနေဘူး။ အဲဒီအိမ်အကြောင်းလည်း ပြောပြထားမှဖြစ်မယ်"

"အဲဒီအိမ်က ဘာဖြစ်လို့လဲ"

ဦးထွေးအောင်က မေးလိုက်ခြင်းဖြစ်သည်။

"ဒီကလူတွေ မိုးချုပ်တာနဲ့ အဲဒီအိမ်ဘက် မသွားကြတော့ဘူး"

"အိမ်ရှင်တွေရော ဘယ်မှာနေလို့လဲ"

"လူမနေတာကြာပြီ။ အိမ်ရှင်တွေလည်း မရှိကြဘူး။ ခုမှတော့ မထူးတော့ပါဘူး။ အဖြစ်မှန်ကို ပြောပြမယ်။ အဲဒီအိမ်မှာ ဝိညာဉ်လိုလို၊ တစ္ဆေလိုလိုနဲ့ မိန်းကလေး မကျွတ်မလွတ်ဘဲရှိနေတယ်လို့ ဒီကလူတွေ ယုံကြည်နေကြတယ်။ အဲဒီမိန်းကလေးဟာ တစ်ချိန်က အဲဒီအိမ်ရှင်ရဲ့ တစ်ဦးတည်းသောသမီးပေါ့။ သူတို့လည်း ငါးလုပ်နေ်းလုပ်ကိုင်ကြတာပဲ။ ဒီဒေသပတ်ဝန်းကျင်တံငါသည်တွေဆီက ငါးတွေစုဝယ်ပြီး တစ်ဆင့်ပြန်ရောင်းကြတာ။ ပထမတော့ တဲအိမ်လေးပါပဲ။ နောက်တော့ ဒီကျွန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



စီးပွားဖြစ်လာတော့ အခြေချနေမယ်ဆိုပြီး ဒီအိမ်ကြီးဆောက်ခဲ့တာ။ အိမ်ဆောက်ပြီး တစ်နှစ်ခောင်မရှိသေးဘူး။ အပျိုပေါက်သမီးလေး ရုတ်တရက် ဆုံးသွားခဲ့တယ်။ ငှက်ဖျားပိုး ဦးနှောက်ထဲရောက်သွားတာတဲ့။ ကယောင်ကတမ်းတွေပြောပြီး ဆုံးသွားရှာတယ်။ အိမ်က သမီးစိတ်ကြိုက်ပုံစံ ဆောက်ထားတာ။ နောက်တော့ သူတို့မိသားစု ဒီကပြောင်းသွားကြတယ်။ ပထမတော့ တံငါသည်တွေ အဲဒီအိမ်မှာ သွားနေကြသေးတယ်။ ဝိညာဉ်လိုလို တစ္ဆေလိုလို မိန်းကလေးကို မကြာခဏ တွေ့နေရလို့ မနေရဲကြတော့ဘူး။ တွေ့တဲ့လူတိုင်းက အဲဒီမိန်းကလေး မကျေမနပ်ပုံစံနဲ့ စိမ်းစိမ်းကြီးကြည့်နေတော တွေ့ရတယ်တဲ့"

"ဒါတွေ ကျွန်တော်တို့ မယုံပါဘူး။ ဒီတစ်ည တည်းလို့ရရင် တော်ပါပြီ။ အဲဒီအိမ်ကိုသာ လိုက်ပို့ပေးပါ"

ဦးထွေးအောင်နှင့် ကျွန်းပေါ်မှလူကြီးများ ဦးဆောင်ရာနောက်သို့ ကျွန်တော်တို့အုပ်စု လိုက်သွားကြသည်။ ခဏအကြာတွင် ကျွန်းထိပ်မှ အိမ်ကြီးကိုတွေ့ရသည်။ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ ရေနံဝအောင် သုတ်ထားသဖြင့် အိမ်ကြီးက မည်းမှောင်နေသည်။

"ဒီအိမ်ကြီးပဲ။ စိတ်ကြိုက်သာ တည်းကြပေတော့။ လိုရမယ်ရ မှန်အိမ်တွေပေးခဲ့မယ်။ သွားပြီ"

ကျွန်းပေါ်မှလူကြီးများ အိမ်အနီးသို့ပင် မကပ်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြန်သွားကြသည်။ ကျွန်တော်တို့အုပ်စု အိမ်အတွင်းသို့ ဝင်ခဲ့ကြသည်။ လူမနေသောအိမ်ဖြစ်သော်လည်း အမှိုက်သရိုက်များ ထွေထွေထူးထူး မတွေ့ရပေ။ လှည်းကျင်းပြီး သန့်ရှင်းရေးလုပ်ထားပုံမျိုး တွေ့ရသည်။

"ငါနဲ့ဖထီး အပေါ်ထပ်မှာအိပ်မယ်။ ကျန်တဲ့သူတွေ အောက်ထပ်မှာအိပ်ကြ"

"အေး…ဒါဆိုလည်း ကောင်းသားပဲ။ လူငယ်တွေနဲ့ မအိပ်ချင်ပါဘူး။ လာ မောင်မိုး ဖထီးနဲ့အတူ အပေါ်ထပ်မှာလိုက်အိပ်"

ဖထီးခေါ်၍ ကျွန်တော် အပေါ်ထပ်သို့လိုက်သွားသည်။ အောက်ထပ်တွင် ဖယောင်းတိုင်မီးများထွန်းပြီး အိပ်ရာအတွက် လှည်းကျင်းနေကြသည်။ ထိုစဉ် မောင်တင့်၏ပြောစကား ကြားလိုက်ရသည်။

"ဒီအိမ်မှာ ဝိညာဉ်လိုလို တစ္ဆေလိုလို မိန်းကလေးရှိတယ်တဲ့။ တွေ့ချင်လိုက်တာ။ တော်တော်ချောမယ်ထင်ပါရဲ့"

မောင်တင့်စကားကို လှေသားဘမောင်ဆိုသူက ထောက်ခံသလိုနှင့် ပြောလိုက်ပြန်သည်။

"အေးဟာ မောင်တင့်ရယ်။ မင်းတွေ့ပြီးရင် ငါလည်း တွေ့ချင်တယ်။ မင်းတွေ့ပြီးရင် ငါ့ဆီပို့လိုက်ပါကွာ။ ဟား…ဟား ဒါတွေ မယုံပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တွင် အိပ်ရာခင်းရင်း တစ်ယောက်ကစ် ပေါက် ဆူညံနေတော့သည်။ အချိန်မှာ သန်းခေါင်ယံနီးသည့်အချိန် ဖြစ်သည်။ ဖထီးနှင့်ဦးထွေးအောင် ယှဉ်တွဲအိပ်ကြသည်။ ဖထီး ဘေးတွင် ကျွန်တော်အိပ်သည်။ အောက်ထပ်မှ အသံဗလံများ လည်း တိတ်ဆိတ်သွားပြီဖြစ်သည်။ ကျွန်တော် အိပ်ပျော်လုဆဲ အချိန်တွင် အောက်ထပ်မှ အလန့်တကြားအော်သံ ကြားလိုက်ရ သည်။

"ဟော့ကောင်တွေ ထကြပါဦး။ ငါ အိမ်သာဘက်အသွား မှာ မိန်းကလေးလိုလို ပုံရိပ်တစ်ခု တွေ့လိုက်ရတယ်။ မသင်္ကာ လို့ မီးခြစ်ပြီးကြည့်လိုက်တာ မကျေနပ်တဲ့ပုံစံနဲ့ ငါ့ကို စိမ်းစိမ်း ကြီးစိုက်ကြည့်နေတာ တွေ့လိုက်ရတယ်။ ငါလည်းကြောက်ပြီး အပေါ်တောင် မသွားဖြစ်တော့ဘဲ ပြန်ပြေးလာခဲ့တာ"

မောင်တင်မှာ စကားပြောရင်း မောနေပုံရသည်။ အကြောက်ပြေဟန် မတူသေးပါ။

"ဘယ်မှာလဲ။ အိမ်သာနားမှာလား။ လာ...သွားကြည့် ကြမယ်"

ဆူညံနေသော အသံများကြောင့် ကျွန်တော်တို့ အောက် ထပ်သို့ ဆင်းလာကြသည်။ ဦးထွေးအောင်က အကြောက်မပြေ သေးသော မောင်တင့်ကို မေးလိုက်သည်။

"မိန်းကလေးတစ်ယောက် တွေ့ခဲ့တယ်ဆို။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့တာလဲ ပြောပါဦး”

“အပေါ့အပါးသွားချင်လို့ အိမ်သာဘက် တစ်ယောက်တည်းသွားခဲ့တာ။ အဲဒီမှာ မိန်းကလေးလိုလို တွေ့လိုက်ရတယ်။ စိတ်ထဲထင်တာ ဖြစ်မယ်လို့တွေးပြီး မီးခြစ်ပြီးကြည့်လိုက်တာ မကျေနပ်တဲ့ပုံစံနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေတာတွေ့လို့ ကြောက်ပြီး ပြန်ပြေးလာခဲ့တာ”

“အိမ်သာဘက်မှာ မိန်းကလေးတစ်ယောက်တွေ့တယ်ဆိုလို့ သွားကြည့်တာ ဘာမှမတွေ့ခဲ့ပါဘူး”

“မောင်တင့်တော့ တွေ့ပြီးပြီ။ ငါနဲ့တွေ့ဖို့ပဲ ကျန်တော့တယ်။ ငါနဲ့ တွေ့လို့ကတော့ကွာ”

ဘမောင်က နောက်ပြောင်သလိုနှင့် ပြောလိုက်ပြန်သည်။

“ဘာမှမတွေ့ရင်လည်း အိပ်ကြတော့။ မနက်ရေအမီထကြရဦးမယ်”

ဦးထွေးအောင်က ပြန်အိပ်ရန် လှေသားများကိုပြောပြီး အပေါ်ထပ် ပြန်တက်သွားသည်။ မကြာမီ ဖယောင်းတိုင်မီးများငြိမ်းသတ်ပြီး အိပ်ရာဝင်ခဲ့ကြသည်။ ကျွန်တော်ဘေးတွင် ဖထီးရှိနေသော်လည်း ကြောက်စိတ်ကြောင့် အိပ်မပျော်နိုင်ဘဲဖြစ်နေသည်။ အပေါ်ထပ်တွင် ကျွန်တော်တို့သုံးဦးသာရှိသဖြင့် ပိုမိုတိတ်ဆိတ်နေသည်ဟု ထင်ရသည်။ ဟိုတွေးသည်တွေးဖြင့် ကျွန်တော်မေးခနဲ အိပ်ပျော်သွားစဉ် ဖထီးကိုခေါ်သံ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖထီး ... ဖထီး ထပါဦး"

"ဘာဖြစ်လို့လဲ ထွေးအောင် ဘာဖြစ်လို့လဲ"

"ကျွန်တော် အိပ်မက်မက်ပြီး လန့်နိုးလာလို့ပါ"

"ဘယ်လိုအိပ်မက်လည်း ပြောပါဦး"

"ကျွန်တော့်ခြေရင်းဘက်ကို မိန်းကလေးတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကိုပြောတယ်"

"ဘာတွေပြောတာလဲ"

"သူ့အိမ်မှာ လာအိပ်ကြတာ သူမကျေနပ်ဘူးတဲ့။ ပြီးတော့ သူ့ကိုလည်း စော်ကားမော်ကား ပြောသေးတယ်တဲ့။ ကျွန်တော့်ကို စိမ်းစိမ်းကြီးကြည့်ပြီးပြောတာ။ ခုချက်ချင်း ဒီအိမ်က ထွက်သွားကြပါတဲ့။ ထွက်မသွားရင် သူ့အကြောင်း သိမယ်လို့ ပြောတာ"

"အောက်ထပ်ကမောင်တင့် အိမ်သာဘေးမှာ မိန်းကလေးတစ်ယောက်တွေ့ခဲ့တာ စိတ်ထဲစွဲနေပြီး အိပ်မက်မက်တာ ဖြစ်မယ်ထင်တယ်။ မင်း ဒါတွေမယုံဘူးဆို"

"ဟုတ်တယ် မယုံဘူးလို့ပြောခဲ့တယ်။ ခုတော့ အိပ်မက်က ထူးဆန်းပြီး တိုက်ဆိုင်နေတာ။ ကျွန်တော့်ခြေရင်းမှာရပ်ပြီး စိမ်းစိမ်းကြည့်ပြီးပြောနေတာ"

"ကဲပါကွာ ဘုရားအာရုံပြုပြီး အိပ်လိုက်ဦး။ ဖယောင်းတိုင်မီးထွန်းပြီးအိပ်ပေါ့။ လင်းနေရင်တော့ မိန်းကလေး လာရဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူး”

ညဉ့်ဦးပိုင်းက အယုံအကြည်မရှိဟုပြောခဲ့သော ဦးထွေးအောင် ကြောက်နေပုံရသည်။ ဖယောင်းတိုင်မီးထွန်းပြီး ပြန်အိပ်သည်။ အိမ်အပေါ်ထပ်တွင် မီးလင်းနေသော်လည်း အောက်ထပ်တွင် မှောင်မည်းနေသည်။ ဟောက်သံများပင် ကြားနေရသည်။ ထိုစဉ် လေပြင်းတစ်ချက်အဝှေ့တွင် ခြေရင်းမှ ဖယောင်းတိုင်မီး ဖုတ်ခနဲငြိမ်းသွားသည်။ တစ်အိမ်လုံး မှောင်နဲ့မည်းမည်းဖြစ်သွားတော့သည်။ ထိုစဉ် အောက်ထပ်မှအသံကြောင့် ကျွန်တော်တို့ လန့်နိုးသွားရပြန်သည်။ ဘမောင်၏အသံဖြစ်ကြောင်း ကျွန်တော်သိသည်။ အိပ်ရာမဝင်မီ နောက်နောက်ပြောင်ပြောင်ဖြင့် ဘမောင်က မောင်တင့်ကို ပြောခဲ့သေးသည်။ မင်းတွေ့ပြီးရင် ငါလည်းတွေ့ချင်တယ်။ ငါ့ဆီ ပို့လိုက်ပို့လိုက်ဟု ပြောခဲ့သည်။ ယခု ဘမောင်အသံကြားရသည်။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

“မလာနဲ့။ မတွေ့ချင်ပါဘူး။ မလာပါနဲ့ ကြောက်ပါပြီ။ အနားမလာနဲ့။ ခြင်ထောင်ထဲဝင်မလာပါနဲ့။ လုပ်ကြပါဦး။ ဒီမှာ ကျွန်တော့်ကို လာဆွဲနေတယ်။ လုပ်ကြပါဦး ကဲဟာ…ကဲဟာ”

တိတ်ဆိတ်နေချိန် ဘမောင်အသံက ကျယ်လောင်နေသည်။ ကျွန်တော်တို့ အောက်ထပ်ဆင်းလာပြီး ဘမောင်ခြင်ထောင်အနီး ရောက်နေသည့်တိုင် ဘမောင် ခြင်ထောင်ထဲမှ အော်[illegible]နေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲဖြစ်သည်။

"မလာနဲ့လို့ပြောနေတာ ကဲကွာ…သေပြပတော့…ကဲကွာ…ကဲကွာ"

"ဘမောင် ဘာတွေဖြစ်နေတာလဲ။ ဖယောင်းတိုင်မီးထွန်းကြပါဦး"

ဦးထွေးအောင်စကားကြောင့် ဖယောင်းတိုင်မီးများ လင်းလာသည်။ ဘမောင်ခြင်ထောင်အနီး ရောက်လာကြသည်။ ဘမောင်ခြင်ထောင်မှာ ပတ်ပတ်လည်စုတ်ပြဲနေပြီး အပေါက်များဖြစ်နေသည်ကို တွေ့ရသည်။ ဘမောင်လက်ထဲတွင် ပိုက်ဖြတ်သည့် ဓားချွန်ငယ်တစ်ချောင်း ကိုင်ထားလျက်သား တွေ့လိုက်ရသည်။ တစ်ထွာခန့်ရှိသော ဓားချွန်ဖြစ်သည်။

"ဘမောင် ငါတို့ပါကွ။ ဘာတွေအော်ပြီး ခြင်ထောင်ကိုဓားနဲ့လိုက်ထိုးနေရတာလဲ။ ဘမောင် သတိထားဦးလေ"

အော်ဟစ်ပြီး ခြင်ထောင်ပတ်ပတ်လည်ကို ဓားဖြင့်လိုက်ထိုးနေသော ဘမောင်ကို ဝိုင်းဝန်းထိန်းချုပ်ပြီး ဖက်ထားလိုက်ကြသည်။ ဘမောင်တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေသည်ကိုတွေ့လိုက်ရသည်။ အပိုင်းပိုင်းစုတ်ပြတ်နေသော ခြင်ထောင်ထဲမှ ဘမောင်ပုံစံမှာ အသိမဲ့သလိုဖြစ်နေသည်။

"ဘမောင်…သတိရပြီလား။ သတိထားလေ။ ငါတို့မင်းအနားမှာရှိတယ်။ ဘာမှမကြောက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ …ဆရာတို့ပါလား။ ကျွန်တော်ကြောက်တယ်။ သုပ်ကြပါဦး ဟိုမိန်းကလေး"

ဘမောင်မှာ ပုံမှန်အနေအထား ပြန်ရောက်လာသည်။ ဦးထွေးအောင်က ဘမောင်ပခုံးကိုဖက်ရင်း မေးလိုက်သည်။

"ဘယ်လိုဖြစ်ပြီး ခြင်ထောင့်ပတ်လည်ကို ဓားနဲ့လိုက်ထိုးနေရတာလဲ။ ဘာတွေ့လို့လဲ ပြောပါဦး"

"ပြောပါ့မယ်။ ကျွန်တော် အိပ်ပျော်သွားတုန်း အိပ်မက်ထင်ပါတယ်။ ကျွန်တော့်ခြေထောက်ကို တစ်ယောက်ယောက်က လှုပ်နှိုးလိုက်သလိုပဲ။ ကျွန်တော်နိုးလာတော့ ခြင်ထောင်ဘေးမှာ မိန်းကလေးတစ်ယောက် တွေ့လိုက်ရတာ။

"ဘာ …မိန်းကလေးတစ်ယောက်ဟုတ်လား။ မင်းအိပ်မက်ကို ဆက်ပြောပါဦး"

"ညဦးပိုင်းက ကျွန်တော်ကမယုံလို့ မောင်တင့် မင်းတွေ့ပြီးရင် ငါ့ဆီပို့လိုက်လို့ ပြောခဲ့မိတာ။ ခု ကျွန်တော့်ဆီရောက်လာတာဖြစ်မယ်"

"အေးလေ။ မင်းစကားအတိုင်း မင်းကတွေ့ချင်တော့ ရောက်လာတာဖြစ်မယ်"

"တော်ပါတော့ကွာ။ မိန်းကလေးက ငါ့ကို စိမ်းစိမ်းကြီးကြည့်နေတာ။ ငါ့ခြင်ထောင်ထဲ ဝင်မယ်လုပ်ပြီး ငါ့ခြင်ထောင်ကို သှမ်းဆွဲတာ။ ငါလည်း ကြောက်ကြောက်နဲ့ လိုရမယ်ရဆောင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပိုက်ဖြတ်ဓားနဲ့လိုက်ထိုးပြီး အော်နေတာ။ ငါ့အသံ လည်ချောင်းထဲက ထွက်မလာဘူးထင်တယ်။ ဘယ်ဘက်ကို ဓားနဲ့လှမ်းထိုးလိုက်ရင် မိန်းကလေးက ညာဘက်ရောက်သွားတယ်။ ညာဘက်ကိုလိုက်ထိုးရင် ခြေရင်းဘက် ရောက်သွားပြန်ရော။ ပတ်ချာလည်လိုက်ထိုးနေတာ။ ခြင်ထောင်လည်း မင်းတို့မြင်တဲ့အတိုင်းပဲ။ စုတ်ပြတ်နေပြီ။ ဘယ်လောက်ကြာကြာ ဓားနဲ့လိုက်ထိုးနေမှန်းမသိတော့ပါဘူး။ ကြောက်လွန်းလို့ တအားကုန်အော်လိုက်မိတာပဲ နောက်ဆုံးသိရတယ်။ မင်းတို့အသံတွေကြားပြီး မီးတွေလင်းလာမှ အဲဒီမိန်းကလေး ပျောက်သွားတာ"

"မောင်တင့်အဖြစ်က အိပ်မက်မဟုတ်တော့ဘူးထင်တယ်။ မယုံနိုင်စရာပဲ။ ငါလည်း ယုံတဲ့သူမဟုတ်ဘူး။ ငါ့ကိုလည်း အိပ်မက်ပေးခဲ့သေးတယ်"

"ဟင် ...ဟုတ်လား။ ဘယ်လိုအိပ်မက်ပေးတာလဲ ဦးထွေးအောင်"

"အဲဒီမိန်းကလေးပဲထင်တယ်။ သူ့အိမ်မှာလာအိပ်တာမကျေနပ်ဘူးတဲ့။ အားလုံး ချက်ချင်းထွက်သွားဖို့ ငါ့ကိုပြောတယ်။ ငါ့ကိုလည်း စိမ်းစိမ်းကြီးကြည့်နေလိုက်တာ မင်းတို့ကြောက်မှာစိုးလို့ ငါမပြောခဲ့ဘူး။ ဖထီးတစ်ယောက်ကိုပဲ ပြောခဲ့တာ"

ထိုစဉ် မောင်တင့်က ဦးထွေးအောင်မျက်နှာကိုကြည့်ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညဉ့်ဦးပိုင်းက အိမ်သာနားမှာ ကျွန်တော်တွေ့ခဲ့သေးတယ်။ အဲဒီတုန်းကလည်း စိမ်းစိမ်းကြီးစိုက်ကြည့်နေသလိုပဲ"

"ဒီအတိုင်းဆို မှောင်နေလို့ မဖြစ်တော့ဘူး။ ဖယောင်းတိုင်မီးတွေထွန်းထား။ အရုဏ်တောင်မလာသေးဘူး။ ပြန်အိပ်ချင်အိပ်လိုက်ကြဦး"

ဦးထွေးအောင်က ပြန်အိပ်ကြဦးဟုဆိုသော်လည်း မည်သူမျှ မအိပ်ကြတော့ပေ။ အိပ်ရာများ သိမ်းဆည်းနေသည်ကို တွေ့ရသည်။

"မိုးတော့မလင်းသေးဘူး။ မိုးလင်းမှရေပြည့်မယ်။ အလင်းရောင်လာတာနဲ့ တို့စက်လှေဆီသွားကြမယ်။ ဒီမှာ ကြာကြာနေလို့ မဖြစ်တော့ဘူး။ ဒီလောက် တစ္ဆေခြောက်တဲ့အိမ် တစ်ခါမှ မကြုံဖူးသေးဘူး"

"ဒါကြောင့်ထင်တယ်။ ဒီကျွန်းကလူတွေ မိုးချုပ်မှောင်တာနဲ့ ဒီအိမ်နား မလာရဲကြတော့တာကိုး"

အားလုံး တိုင်ပင်ထားသည့်အလား ပူးပူးကပ်ကပ်ထိုင်နေကြသည်။ အိပ်ငိုက်သူ တစ်ယောက်မျှ မတွေ့ရတော့ပေ။ စကားပြောသံပင် မကြားရတော့ပေ။ ကြောက်စိတ်ကြောင့်ထင်သည်။ တိတ်ဆိတ်နေကြသည်။

"အိပ်လိုက်ဦးဟုပြောတာ ဘယ်သူမှမအိပ်ကြတော့ပါလား။ မအိပ်ကြတော့ဘူးဆိုရင် စက်လှေဆီသွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com


ဦးထွေးအောင်စကားအဆုံးတွင် အားလုံး အိမ်ဖေါ်မှ အလုအယက် အလျင်အမြန် ဆင်းလာကြသည်။ မလှမ်းမကမ်း သောင်ပေါ်တွင် ကျွန်တော်တို့စက်လှေကို တစောင်းအနေအထား ဖြင့် လှမ်းတွေ့ရသည်။ ရွာဘက်သို့လှမ်းကြည့်သော်လည်း တစ် ယောက်မျှ မတွေ့ရသေးပေ။ ရောင်နီပေါ်စပြုလာပြီဖြစ်သည်။ အိပ်မောကျနေသော တဲအိမ်လေးငါးလုံးကို မှုန်ဝါးဝါးအလင်း ရောင်ဖြင့် လှမ်းတွေ့ရသည်။

"သူတို့ပေးထားတဲ့မှန်အိမ်တွေ ကမ်းစပ်ပေါ်မှာထားခဲ့ မယ်။ မိုးလင်းရင် သူတို့တွေ့မှာပါ"

'ကျွန်တော်တို့အုပ်စု သောင်ပြင်ကိုဖြတ်ပြီး စက်လှေရှိရာ ဆင်းလာကြသည်။ ရေတက်စပြုနေပြီဖြစ်သည်။ ပွဲနှင်းမှူး စက် လှေပေါ်မှဆင်းလာသည်။

"ရေဝင်သေးလား။ စက်အခြေအနေရော ဘယ်လိုလဲ"

"ရေမဝင်ပါဘူး။ စက်အခြေအနေလည်း ကောင်းပါ တယ်။ ကံကောင်းတာက ကျွန်တော်တို့စက်လှေ သောင်နဲ့နှံ့ထိ ထိုးဝင်ပြီးရပ်သွားလို့ ဘာအပျက်အစီးမှ မဖြစ်ခဲ့ဘူး"

ဦးထွေးအောင်အမေးကို ပွဲနှင်းက ပြန်ဖြေလိုက်ခြင်းဖြစ် သည်။

"ဒါဆို တော်သေးတာပေါ့။ မုန်တိုင်းလည်းစဲသွားပြီ။ ရေမြှည့်လို့ လှေပြန်တည့်သွားတာနဲ့ ပြန်ထွက်ကြမယ်"


www.burmeseclassic.com

www.burmeseclassic.com



"စက်လှေပေါ်မှာတော့ လေကြမ်းနေလို့ ဘယ်လိုမှအိပ်လို့မရဘူး။ ဆရာတို့ ကျွန်းပေါ်ကအိမ်ကြီးမှာ ကောင်းကောင်းအိပ်ခဲ့ကြရတယ်ထင်တယ်"

"အေး ...တို့တွေ ကျွန်းပေါ်ကအိမ်ကြီးမှာ အိပ်လို့ရမရ မောင်တင့်နဲ့ဘမောင်တို့ကိုသာ မေးကြည့်ပေတော့"

ထိုအခိုက်မှာပင် တက်ရေပြည့်လာပြီး တစောင်းဖြစ်နေသောစက်လှေမှာ တည့်မတ်သွားပြီး သောင်မှလွတ်သွားသည်။ တဝေါဝေါနှင့် ဒီရေအတက်ကြမ်းသည်ကို တွေ့ရသည်။

ခဏအတွင်းမှာပင် သောင်ပြင်ကို ဒီရေလွှမ်းသွားတော့သည်။

"ပွဲနှင်း စက်နှိုးကြည့်ပါလား။ ထွက်လို့ရရင် ထွက်ကြမယ်"

"ဆရာ ဘာကိုလောနေတာလဲ။ တစ်ခုခု စိုးရိမ်နေသလိုပဲ။ စက်လှေ ဘာမှမပျက်စီးပါဘူး။ အားလုံး ကျွန်တော်စစ်ဆေးထားပြီးပြီ"

"စက်လှေ ဘာမှမဖြစ်တာ ငါသိတယ်။ ငါစိုးရိမ်နေတာက..."

ဦးထွေးအောင်က ကျွန်းပေါ်မှအိမ်ကြီးကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ဆရာ စကားမဆက်တော့ပါလား။ ဘာကို စိုးရိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

''ဘာမှမဟုတ်ပါဘူး။ စက်ရရင်ထွက်မယ်။ အက်စ်တန်း(Astern) နဲ့ထွက်မှဖြစ်မယ်ထင်တယ်''

ဦးထွေးအောင်က ရေယာဉ်နောက်ဆုတ်ပြီး ထွက်ခွာရန် မှဲ့နင်းကို ပြောလိုက်သည်။

''ဆရာပြောတာမှန်တယ်။ အဟက်ဒ် (Ahead) နဲ့ထွက်ဖို့ မလွယ်ဘူး။ ကျွန်တော်သိပါတယ်''

ရှေ့ဘက်သို့ဦးတည်ပြီး ထွက်၍မရကြောင်း မှဲ့နင်းက ဦးထွေးအောင်ကိုပြောလိုက်သည်။ (Ahead) မှာ ရှေ့ဘက်သွားရန်ဖြစ်ပြီး (Astern) မှာ နောက်ဆုတ်ထွက်ရန်ဖြစ်သည်။ ရေပြည့်လာပြီး အလင်းရောင်လည်း ကောင်းစွာရနေပြီဖြစ်သည်။ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲမြင်ရပြီဖြစ်သည်။ ဖထီးက နောက်ဘက်သို့လှည့်ကြည့်ရင်း ပြောလိုက်သည်။

''ဟိုမှာ ကျောက်တန်းကျောက်ဆောင်တွေပါလား။ ရေပြည့်ချိန်တောင် တွေ့နေရတယ်။ ဒီဘက်ကို တစ်ခေါက်မှ မရောက်ဖူးသေးဘူး။ ဒီကျွန်းကလူတွေ ညကပြတဲ့မီးရောင်ကိုသာ မတွေ့လို့ကတော့ တို့စက်လှေ ကျောက်တန်းနဲ့ဝင်ဆောင့်ပြီး မြုပ်သွားမှာပဲ''

''ဖထီးပြောမှ သတိရတော့တယ်။ မီးပြပေးတဲ့သူတွေကို ကျေးဇူးတင်ရမယ်''



www.burmeseclassic.com

www.burmeseclassic.com



"မီးပြပေးပြီး တည်းခိုဖို့ပါမစ်စဥ်ပေးတဲ့ သူတို့ကို ကျေးဇူးတင်ရမယ်။ ဒါပေမယ့်ကွာ"

"ဘာဒါပေမယ့်လည်း ဆက်ပြောလေ ဖထီး"

ဦးထွေးအောင်က ဖထီးကိုပြောလိုက်သည်။ ဖထီး၏ ဒါပေမယ့်ကွာဟူသည့် စကားဆိုလိုချက်ကို ကျွန်တော်သိနေသည်။ မရောက်ဖူးသောရေလမ်းမို့ ပဲ့နင်းက slow ဖြင့်သာ စက်ကို မောင်းလာသည်။ မကြာမီ ကျွန်းစပ်သို့ရောက်လာသည်။ ညက တည်းခိုခဲ့တဲ့အိမ်ကြီးကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ ထိုအခိုက် ကျွန်တော့်နှုတ်မှ 'ဟာ' ခနဲ အသံထွက်သွားသည်။

"ဖထီး ဖထီး အိမ်ကြီးအပေါ်ထပ် ပြတင်းပေါက်ကို ကြည့်လုက်ပါဦး"

ကျွန်တော့်စကားကြောင့် ဖထီးနှင့်ဦးထွေးအောင်တို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

"ဟင်"

"ဟာ"

"ညကမိန်းကလေးထင်တယ်...ဟိုမှာ...ဟိုမှာ"

ဖထီးနှင့်ဦးထွေးအောင်တို့ "ဟင်" "ဟာ" တွေဖြစ်ကုန်သည်။ အိမ်ကြီးအပေါ်ထပ် ပြတင်းပေါက်တွင် မိန်းကလေး ရုပ်သွင်လိုလို မပီဝိုးတဝါး တွေ့လိုက်ရသည်။ ကျွန်တော်တို့လှေကို စိုက်ကြည့်နေသည်လား မပြောတတ်တော့ပါ။ ဦးထွေးအောင်



www.burmeseclassic.com

www.burmeseclassic.com



က အိမ်ကြီးပေါ်လှမ်းကြည့်နေရင်း ဆက်ပြောလိုက်သည်။

"ညက အိပ်မက်ထဲမှာ ကျွန်တော့်ကို စိမ်းစိမ်းကြီးကြည့်ခဲ့သလို ခုလည်းပဲ ကျွန်တော်တို့စက်လှေကို ကြည့်နေတာထင်တယ်"

ညက စက်လှေပေါ်တွင်ကျန်ခဲ့သော ပဲ့နင်းက ကျွန်တော်တို့ပြောနေသော မိန်းကလေးအကြောင်း သိနိုင်မည်မဟုတ်ပေ။ ကျွန်းကိုလွန်လာ၍ ပဲ့နင်းက ဖူးလ်အဟက်ဒ်(Full Ahead) ဖြင့် စက်ရှိန်မြှင့်လိုက်သည်။ ညက ဝုန်းဒိုင်းကြဲပြီး မုန်တိုင်းထန်သော ပင်လယ်ပြင်သည် ယခုအချိန် သူမဟုတ်သလိုပင် ငြိမ်သက်နေသည်။ မာယာများလှသောပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာတွေ့ရသည်။ ကျွန်တော် နောက်သို့လှည့်ပြီး ကျန်ရစ်ခဲ့သော အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။ ထိုညအဖြစ်များက ကျွန်တော့်တစ်သက် မေ့ပျောက်နိုင်တော့မည် မထင်ပါ။

◆ ◆ ◆

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



# ဆယ့်နစ်ကြိုး ဖွားငွေမျှင်နှင့် ဖိုးသူတော်ဦးရွှေသီး

ဘိုးသာဒင်

"ဒိန်းချမ်း ...ဒိန်းချမ်း ...ဒိန်းချမ်း"

မန်ကျည်းကုန်းရွာလေး၏ ရွာလယ်မန်ကျည်းပင်ကြီး အရိပ်ကောင်းကောင်းဝယ်မြေဝိုင်းမျက်လှည့်ဝိုင်းလေးမှ ဘင်သံနှင့် လက္ကွင်းသံပေးကာ တဒိန်းဒိန်း တချမ်းချမ်းနှင့်လူစုနေသည်။ ရွာရှိ လူကြီးလူငယ်၊ ယောက်ျားမိန်းမတို့သည် ရွာလယ် မန်ကျည်း

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com



ပင်ကြီးအရိပ်အောက်မှ မျက်လှည့်ဝိုင်းလေးဆီသို့ တဖွဲဖွဲ ရောက်ရှိလာကြသည်။

မျက်လှည့်ကြိုးဝိုင်းအတွင်းတွင် ဆရာဟု ယူဆရသော ရှမ်းဘောင်းဘီအနက်၊ ရှမ်းတိုက်ပုံအနက်၊ ခေါင်းပေါင်းအနီနှင့် အသားဖြူဖြူ လူကြီးတစ်ယောက်က မျက်လှည့်ပြကွက်တွင် သုံးရမည့် ပစ္စည်းပစ္စယများ နေရာချထားမှုမှန်ကန်စေရန် တပည့်တစ်ယောက်ကို အမိန့်ပေးခိုင်းစေနေသည်။ ကျန်တပည့်တစ်ယောက်ကဘင်နှင့်လကွင်းကို တဒိန်းဒိန်းတချမ်းချမ်း တီးနေလေသည်။

ပရိသတ်လည်း အတော်များလာပြီမို့ ရှမ်းဘောင်းဘီဝတ်ထားသူမှာ သူ၏ပညာစွမ်းပြတော့မည်ဖြစ်၍ ဘင်နှင့်လကွင်းတီးနေသော သူ့တပည့်ကို လက်ကာပြပြီး ရပ်ခိုင်းလိုက်လေသည်။ ထို့နောက် အဝတ်နက်ခင်းထားသည့် ခြေတံရှည်လေးချောင်းထောက်ခုံကလေးပေါ်ကို တစ်ချက်ကြည့်လိုက်သည်။ ခုံကလေးပေါ်တွင် အရုပ်ခပ်ဆိုးဆိုးနှင့် အမည်မသိ အရုပ်ကလေးနှစ်ရုပ်၊ လူရိုးဦးခေါင်းခွံမှာစ်ခု၊ ပလွေလေးတစ်ချောင်း၊ သေတ္တာငယ်လေးတစ်ခု၊ ကြိုးနီလေးတစ်ထွေး၊ ပဝါနီလေးတစ်ထည်၊ ရေအပြည့် ဖန်ခွက်ကလေးတစ်ခွက်၊ ဖယောင်းတိုင်တစ်ချောင်းတို့က သူ့နေရာနှင့်သူ ရှိနေကြသည်။ သူက ခုံလေး နားကိုသွားကာ လူရိုးဦးခေါင်းပေါ်ရှိ ဖယောင်းတိုင်အား မီးတွန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ရေဖန်ခွက်ကိုယူလိုက်ကာ ပါးစပ်မှ ပွစိပွစိဖြင့် ခဏကြာမန်းလိုက်ပြီး မျက်လှည့်စည်းဝိုင်းဒေါင့်လေးထောင့်အား ရေအနည်းငယ် လိုက်လောင်းလိုက်သည်။

"ကဲ…ဒါ ငါ့စည်း။ ငါဆရာ၊ ငါ့စည်း။ ငါ့နာမည် ပန္နဝ။ ပန္နဝဆရာ၊ ဆရာပန္နဝ။ စုန်းကဝေ၊ ဆယ့်နှစ်ကြိုး၊ တာရွှေ၊ သရဲ၊ သဘက် ငါဆရာပန္နဝတဲ့ စမ်းလိုကစမ်း ပြိုင်လိုကပြိုင် နိုင်မယ်ထင်သလား"

ဤသို့ ဆရာပန္နဝက ဟိတ်လုပ်လိုက်ပြီး စည်းအလယ်သို့ ပြန်သွားကာ ဖနောင့်တစ်ချက်ပေါက်လိုက်ရာတွင် ထောင့်လေးထောင့်မှ မီးထတောက်လေသည်။

"ဟာ …ဟင်"

ပရိတ်သတ်ထဲမှ အာမေဋိတ်သံအမျိုးမျိုး ထွက်ပေါ်လာပြီး နောက်သို့ အနည်းငယ်ရှဲသွားကြသည်။ ဆရာပန္နဝကတော့ ရှမ်းသံဝဲဝဲနှင့် ဆက်ပြန်သည်။

"ငါဆရာပန္နဝ ပြိုင်ရဲရင်ပြိုင်။ စမ်းရဲရင်စမ်း။ မဝံ့ရဲရင် နောက်ကို ရှဲကြ။ ရှောင်ကြ ရှားကြ။ စုန်းကဝေ ဆယ့်နှစ်ကြိုး ဘာမျိုးဖြစ်ဖြစ် ငါဆရာပန္နဝအမိန့် အာခံမယ်မကြံနဲ့။ နာခံ ရမယ်"

ဆရာပန္နဝကပြောရင်း ခုံပေါ်ရှိသေတ္တာငယ်ကလေးကိုယူလိုက်သည်။ သူ၏ပြကွက်ကို စတော့မည်။ သေတ္တာငယ်လေးကို ဖွင့်လိုက်ကာ ပရိသတ်အားပြသရင်း



www.burmeseclassic.com

www.burmeseclassic.com



"သေတ္တာလေးထဲမှာဘာရှိလဲကြည့်ကြပါ၊ ဘာမှမရှိပါနော်"

ပရိသတ်ကိုမြင်သာအောင် သေတ္တာလေးကို လှည့်ပြသည်။ ထို့နောက် သေတ္တာလေး အဖုံးပြန်ပိတ်လိုက်ပြီး တစ်ဖက်က ကိုင်ထားလိုက်သည်။ လက်တစ်ဖက်က ခုံပေါ်က လူရိုးခေါင်းကြီးကို မယူလိုက်ကာ လေပေါ်မြှောက်လိုက်သည်။

"ငါ့ဆရာပန္နဝအမိန့် အာခံမယ်မကြံနဲ့။ နာခံရမယ်"

ဟုပြောပြီး လူရိုးခေါင်းကြီးကို ခုံပေါ်ပြန်ထားလိုက်သည်။ သေတ္တာလေးအဖုံးကိုဖွင့်ပြီး လက်ဖြင့်နှိုက်လိုက်ရာ ငွေစက္ကူများထွက်လာလေသည်။ ငွေစက္ကူများမှာ ယူလို့မကုန်အောင်ပင်များလှသည်။ ပရိတ်သတ်လည်း တသောသောနှင့် ပွဲကျသွားတော့သည်။ ထိုပြကွက် တစ်ကွက်ပြီးသွားသောအခါ သေတ္တာငယ်ကလေးကို ခုံပေါ်ပြန်တင်လိုက်ပြီး ပဝါနီလေးကို ယူလိုက်သည်။ ပရိသတ်ရှေ့တွင် လက်နှစ်ဖက်နှင့် ပဝါကိုခါ၍ပြသည်။ ပဝါနီလေးက တစ်ထည်တည်းဆိုတာသေချာပြီဆိုမှ

"ငါ့ဆရာပန္နဝ စမ်းချင်ရင်စမ်း၊ ပြိုင်ချင်ရင်ပြိုင်။ စုန်းကဝေဆယ့်နှစ်ကြိုး ဘာမျိုးဖြစ်ဖြစ် မဝင်ရင် နောက်ကိုရှိ။ ရှောင်ကြ ရှားကြ။ အာခံမယ်မကြံနဲ့။ ငါ ဆရာပန္နဝအမိန့်ကို နာခံရမယ်"

အသံကျယ်ကြီးနှင့်ပြောရင်း ပဝါနီကလေးကို ခပ်ဖွဖွဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လက်သီးဆုပ်ထဲသို့ တစ်ဖက်လက်နှင့် ထိုးသိပ်ထည့်နေသည်။ ပဝါနီလေး လက်သီးဆုပ်ထဲရောက်သွားပြီဆိုမှ တစ်ဖက်ကနေပြန်ဆွဲထုတ် လိုက်ရာ အဝါ၊ အပြာ၊ အစိမ်း၊ ခရမ်းရောင်စသည့် ပဝါလေးများ တစ်ထည်ပြီးတစ်ထည် ဆက်ခါဆက်ခါထွက်လာလေသည်။ ရုတ်တရက် ရောင်စုံပဝါလေးများကို လက်သီးဆုပ်ထဲကို ပြန်ထိုးသိပ်ထည့်ပြီး ပရိသတ်ရှေ့သို့ပစ်လိုက်သည်။ ပဝါနီကလေး တစ်ထည်တည်း ထွက်လာပြီးလွင့်ပျံသွားလေသည်။ ပရိသတ်မှာ အံ့သြသဘောကျခြင်းများစွာဖြင့် လက်ခုပ်တီးကာ အားပေးလျက်ရှိတော့သည်။

ထမ်မံ၍ ဆရာပန္နဝသည် စားပွဲပေါ်မှ ကြိုးနီလေးတစ်ချောင်းကို လိုက်သည်။

"ယခုပြကွက်က ကျွန်တော့်အတွက် အတော်အန္တရာယ်များပါတယ်။ ဒါကြောင့် ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ"

ရေအပြည့်ထည့်ထားသည့် ဖန်ခွက်ကလေးကို ကောက်ယူလိုက်ပြီး ပွစိပွစိနှင့်မန်းလေသည်။ စည်းဝိုင်းထောင့်လေးထောင့်ကို ရေလေးနည်းနည်းစီလိုက်လောင်းရင်း အသံကျယ်ကြီးဖြင့်

"ငါဆရာပန္နဝ အမိန့်…ဇော်ကာနီ၊ ဇော်ကာနက်၊ စောင့်စေ၊ ဆီးစေ၊ တားစေ၊ စုန်းတစ္ဆေ၊ ကဝေ၊ သရဲသဘက်၊ ဘီလူး မကြူးစေရ။ မကျော်စေရ။ ငါဆရာပန္နဝအမိန့် မနာခံဘဲ အောခံ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင်တော့ ပရိသတ် ဒီမှာကြည့်ပါ''

ဆရာပန္နဝက တစ်တောင်ခန့်ရှည်သော ကြိုးနီလေးတစ်ချောင်းကို ဆွဲဆန့်၍ပြလေသည်။ ကြိုးလေးက အဆက်မပါ။ အထုံးမပါ။ အပြတ်မပါ။ ပကတိ ကြိုးလေးတစ်ချောင်းပင်။ ဆရာပန္နဝက ကြိုးကလေးကိုခွေခေါက်ကာ လက်တစ်ဖက်နှင့် ဆုပ်ထားလိုက်ပြီး

''စုန်းတစ္ဆေ ကဝေဆယ့်နှစ်ကြိုး၊ ဘာမျိုးဖြစ်ဖြစ် ငါ့အမိန့်ကိုနာခံ။ အာခံပါက ဟောသည့် ငါ့လက်ထဲကကြိုးကလေးလို အဖြစ်ဆိုး သေချင်းဆိုးနဲ့ သေသွားမယ်''

ဟုဆိုကာ လက်ထဲတွင်ဆုပ်ထားသော ကြိုးကလေးကို ပရိတ်သတ်ရှေ့မှောက်သို့ လွှင့်ပစ်လိုက်ရာ ကြိုးကလေးမှာ တစ်စစီ အပိုင်းပိုင်းပြတ်ပြီး ပြန့်ကျဲလျက်ကျသွားလေသည်။ တစ်ခါ ဆရာပန္နဝက ကြိုးပြတ်ကလေးများကို ပရိသတ်ရှေ့မှပြန်ကောက်ယူကာ လက်ထဲသို့ဆုပ်ထားလိုက်ပြီး ထွက်နေသော အစကလေးအား ဆွဲထုတ်ပြလိုက်ရာ ယခင် ကြိုးကလေးအတိုင်း အဆက်မပါ၊ အထုံးမပါ၊ အပြတ်မပါပဲ ကြိုးနီလေးက ပကတိ အတိုင်းရှိနေလေသည်။ ပရိသတ်က ပြကွက်များကိုကြည့်ပြီး အောက်လမ်းလား၊ အထက်လမ်းလား တီးတိုးဝေဖန်သူက ဝေဖန်ရင်း၊ ဆရာပန္နဝ ကြိမ်းမောင်းသံကို ကြောက်ကြောက်နှင့် စိတ်ဝင်တစားအားပေး လျက်ပင်။ ဆရာပန္နဝက စကားကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြန်လေသည်။

"ကဲ..အခုပြမယ့်ပြပြကွက်အတွက်ပရိသတ်ထဲက တစ်ယောက်လောက်အကူအညီပေးပါ။ ဟဲ..ဟဲ..ဟဲ ပြောနေကြတယ်၊ ငါ့တူ ဘကြီးကို ကူညီပါ"

ဟုဆိုကာရယ်မောရင်း ပရိတ်သတ်ထဲမှ ဆယ်ကျော် သက်အရွယ် ကလေးတစ်ယောက်ကို လက်ဆွဲကာစည်းဝိုင်းထဲ သို့သွင်းလိုက်သည်။ ထိုကလေးမှာ ဘုမသိဘမသိနှင့် စည်းဝိုင်း ထဲသို့ ရောက်လာလေသည်။

"ငါ့တူနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် သာဒင်ပါ"

"ဟားဟားဟား...ကြိုက်တယ်ကွာ။ သာဒင်ကိုဘာ ထင်သလဲပေါ့၊ ဟုတ်လား။ ဒီပြကွက်က ဘကြီးအတွက် အ တော် အန္တရာယ်ရှိတယ်ကွ။ ငါ့တူ ကြောက်နေသလား။ ဟဲဟဲ... မကြောက်ပါနဲ့"

သာဒင်ကတော့ တုတ်တုတ်မျှ မလှုပ်။

"ဘာမှ မကြောက်ပါနဲ့ကွ"

ဆရာပန္နဝကပြောပြောဆိုဆို ရေအပြည့်ထည့်ထားသော ဖန်ခွက်ကလေးကို ယူလိုက်ကာ

"အခု ကျွန်တော်ပြမှာက တိုက်မြွေလား၊ ကိုက်မြွေလား ဆိုတဲ့ ပြကွက်ဖြစ်ပါတယ်။ အဲသည်တော့ ကျွန်တော် ညွှာဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီကလေး ယခုပြပွဲမှာ အန္တရာယ်ဖြစ်ခဲ့ပါမူ ပြကွက်ထဲက မြွေကိုက်လို့ ကျွန်ုပ်သေရပါစေသား"

ဟုကျိန်ဆိုကာ ဖန်ခွက်ထဲမှရေကို အကုန်သောက်လိုက်လေသည်။

"ငါ့တူ ကြောက်သလား"

"မကြောက်ပါဘူး"

"အေး ...သည်လိုဖြစ်ရမှာပေါ့ကွ။ ကဲ...ဒါဖြင့်ရော၊ ဒီအုပ်ဆောင်းကလေးကို အလယ်ကောင်မှာ သွားမှောက်ထားလိုက်"

သာဒင်က ဆရာပန္နဝပြောသည့်အတိုင်း သံအုပ်ဆောင်းလေးကို စည်းဝိုင်းအလယ်သို့ သွားမှောက်ထားလိုက်သည်။

"ကဲ...ငါ့တူက အုပ်ဆောင်းလေးကို မှောက်ပြီးပြီဆိုတော့၊ ရော့...ဒီကြိုးနီလေးကို အုပ်ဆောင်းအောက်သွားထားလိုက်"

သာဒင်က ကြိုးနီလေးကို အုပ်ဆောင်းလေးအောက် သွားထားလိုက်ပြန်သည်။

"ကဲ...ကြိုးနီလေးကို ထားပြီးပြီရင် ရော့ ဒီတုတ်ရှည်လေးကိုကိုင်ထား။ ဆရာက ငါ့တူရေ... အုပ် ဆောင်းကို လှန်လိုက်တော့ဆိုရင် အုပ်ဆောင်းကို တစ်ချက်တည်းနဲ့ ထိုးလှန်လိုက်တော့။ ကြားလား။ အဲဒီ နေရာမှာထိုင်နေ"



www.burmeseclassic.com

www.burmeseclassic.com



သာခင်က ဆရာပြသောနေရာသို့ သွားထိုင်နေလေသည်။ ဆရာပန္နဝက ခါးကြားမှ ပလွေလေးတစ်ချောင်း ထုတ်လိုက်ပြီး ပလွေမှုတ်ရင်း သံအုပ်ဆောင်းဘေားသို့ သုံးလေးပတ်လောက်ပတ်လိုက်သည်။

"ကဲ…ငါ့တူ အသင့်ပြင်ထား။ ဘကြီးက ဖွင့်ဆိုတာနဲ့ တစ်ပြိုင်တည်း မင်းကိုင်ထားတဲ့တုတ်ရှည်နဲ့ တစ်ချက်တည်း ထိုးလှန်ဖွင့်လိုက် ကြားလား။ အေး…ဟုတ်ပြီ၊ ငါဆရာ ပန္နဝအမိန့်။ အာခံမယ်မကြံနဲ့။ နာခံရမယ်။ စုန်းတစ္ဆေကဝေဆယ့်နှစ်ကြိုးအမျိုးမျိုး ငါ့အမိန့်ကိုမနာခံရင် အသေဆိုးနဲ့သေသွားမယ်"

ဟုဆိုကာ ဖနောင့်တစ်ချက်ပေါက်လိုက်သော် စည်းဝိုင်းထောင့်လေးထောင့်မှ မီးထတောက်ပြန်လေသည်။ ဆရာပန္နဝကအားရသည့်ဟန်နှင့်

"ဟား ဟား ဟား"

ဟုရယ်လိုက်ကာ

"ငါ့တူ အသင့်… ဖွင့်…..”

ဆရာပန္နဝ အော်သံဆုံးသည်နှင့် တစ်ပြိုင်တည်း သာခင်က ကိုင်ထားသည့်တုတ်ရှည်နှင့် တစ်ချက်တည်း ထိုးလှန်ဖွင့်လိုက်ရာ ပရိသတ်အားလုံး နောက်သို့ ရှဲသွားကြလေသည်။ ပေါ်လာသည်က လူကြီးတစ်ယောက် လက်မောင်းလောက်ရှိသော မြွေဟောက်ကြီး။ ပါးပြင်းကြီးထောင်လျက် အစွယ်ဖွေးဖွေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတကြီး တရှူးရှူးတရှဲရှဲ ခေါင်းကိုယမ်းထိုးကာ ပတ်ဝန်းကျင်ကို ကြည့်နေလေသည်။ မြွေကြီးအသွင်က လှုပ်ခနဲဆို တာနှင့် ပေါက်လိုက်ရန် အသင့်အနေအထား။ မြွေကြီးကို ကြည့် ပြီး သာဒင်လည်း ကြောက်လန့်တကြားဖြင့် ပရိသတ်ထဲဝင် ပြေးရာ မိန်းမကြီးတစ်ယောက် ကိုတိုက်မိပြီး ချော်လဲမလိုဖြစ် သွားလေသည်။ မိန်းမကြီးက သာဒင့်ကို ဆီး၍ထိန်းထားလိုက်၍သာ တော်တော့သည်။ ထိုမိန်းမကြီးမှာ ရွာမှ ဒေါ်ငွေမျှင်ဆိုသူဖြစ်သည်။ ဒေါ်ငွေမျှင်က တိုးတိုးလေး ရှောင်ရယ်ရယ်လိုက်သည်။

"ဟင်း..ဟင်း..ဟင်း..ငါ့ပိုင်နက်ထဲလာပြီး ငါ့ကို စော်ကားတဲ့ကောင်။ ငါ့အကြောင်း သိရစေမယ်"

ဒေါ်ငွေမျှင်၏တိုးတိုး ကြိမ်းဝါးလိုက်သည့်အသံကို သာဒင် တစ်ယောက်သာ ကြားလိုက်သည်။ သာဒင်စည်းထဲမှ ထွက်ပြေးသွားသည့်အတွက် ဆရာပန္နဝမှာ မျက်နှာပျက်နေပြီး သာဒင့်ကို ပြန်ခေါ်သော်လည်း သာဒင်မှာ စည်းဝိုင်းထဲပြန်မဝင်တော့ပေ။ ဆရာပန္နဝလည်း သူ့တပည့်တစ်ယောက်နှင့်သာပွဲကွက်ကိုဆက်ပြရတော့သည်။ တကယ်တော့ပြကွက်မပြီးခင် သာဒင်ထွက်ပြေးသွားသည့်အတွက် စည်းပေါက်၊ စည်းကျိုးဖြစ်သွားရပြီဖြစ်သည်။ သို့သော် သိက္ခာဆယ်သည့်အနေဖြင့် ဆက်ပြရန်ကြိုးစားခြင်းဖြစ်သည်။

"ကဲ...ငါ့တပည့် လာဟေ့။ မင်းနဲ့ပဲ လုပ်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



တပည့်ဖြစ်သူလည်း မတတ်သာတော့ပဲ ဆရာ့အနားသို့ ထသွားရလေသည်။

"ကဲ…ငါ့တပည့်၊ ဒီမြွေက ဘာကဖြစ်လာတဲ့မြွေလဲ"

"ကြိုးကဖြစ်တဲ့မြွေပါ"

"အေး…အဲသည်တော့ ကြိုးကကြိုးပဲ။ အပိုင်းပိုင်း ပြတ်သွားချင်သလား။ အာခံမယ်မကြံနဲ့။ ငါ့အမိန့်ကို နာခံရမယ်"

မြွေဟောက်ကြီးက လျှာကိုပြူတစ်ပြူတ္တာစ်ထုတ် ကာ အရောင်များတောက်နေသည့် မျက်လုံးများနှင့် ဆရာပန္နဝကို အလစ်မပေးဘဲ စိုက်ကြည့်နေလေသည်။

"ကဲ…ငါ့တပည့်၊ အဲဒီပချုပ်ကိုဖွင့်လိုက်"

တပည့်ဖြစ်သူက ပချုပ်ကို ဖွင့်ထားလိုက်လေသည်။

"ငါ့အမိန့် ငါ့အာဏာ တည်ရမယ်။ အဲဒီပချုပ်ထဲကို ဝင်စမ်း"

မြွေဟောက်ကြီးက တုတ်တုတ်မျှ မလှုပ်ဘဲ ဆရာပန္နဝ ကိုသာ စူးစူးရဲရဲ စိုက်ကြည့်နေလေသည်။ ဆရာပန္နဝ မျက်နှာ တစ်ချက်ပျက်သွားသည်။ သူ့တပည့်ကို အနားသို့ခေါ်လိုက်သည်။ ထို့နောက် တစ်စုံတစ်ခုအား တပည့်ဖြစ်သူကို ခပ်တိုးတိုးပြောလိုက် သည်။ တပည့်ဖြစ်သူက စည်းဝိုင်းအလယ်သို့ လျှောက်သွားကာ မြွေဟောက်ကြီးအနီးရှိ သံအုပ်ဆောင်းကို လှမ်းယူလိုက်စဉ်

"ဖောက်"



www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်ကြီးက လျှပ်တစ်ပြက်ပေါက်ချလိုက်ရာ ဆရာပန္နဝ တပည့်လက်ကို ကျကျနနပေါက်မိသွားလေသည်။ ဆရာပန္နဝ မျက်လုံးပြူးပြီး နှုတ်ခမ်းမွေးပါ ကားသွားလေသည်။

"ဆရာပန္နဝ ခံရပြီဟေ့"

"ပယောဂနောင့်ယှက်ပြီနဲ့တူတယ်"

စကားသံတွေ အမျိုးမျိုးထွက်လာသည်။ ထို့နောက် ပရိသတ်မှာရုတ်ရုတ်သဲသဲဖြစ်ပြီး အလျိုလျိုထွက်သွားကြတော့သည်။ မျက်လှည့်ပွဲပျက်သွားလေပြီ။

◆ ◆ ◆

သာဒင်မှာ ဘုန်းကြီးကျောင်းတွင်နေသည့် ဘုန်းကြီးကျောင်းသားတစ်ယောက်ဖြစ်သည်။ မျက်လှည့်ပွဲပျက်သွားပြီးနောက် ရွာထဲတစ်ပတ်ပတ်ကာ ကျောင်းသို့ ပြန်လာခဲ့သည်။ ကျောင်းပေါက်ဝသို့ရောက်သော် မျက်လှည့်ဆရာ ပန္နဝနှင့် မိုးထိခံရသော သူ့တပည့်ကို မျှော်လင့်မထားဘဲ တွေ့လိုက်ရလေသည်။ ဆရာပန္နဝက သာဒင့်ကိုမြင်သည်နှင့်

"ဟာ…ငါ့တူ၊ ဦးလေးတို့ကို ကူညီပါဦးကွာ။ မိုးသူတော်ဦးရွှေသီးဆိုတာ ဒီကျောင်းမှာရှိလားကွဲ့"

သာဒင်က ထိုစကားကြားလိုက်ရသော် ဆရာပန္နဝတပည့် ဒုက္ခရောက်ပြီဆိုတာ ရိပ်မိလိုက်သည်။

"ဟာ…ရှိတာပေါ့။ မိုးထိတဲ့လူ မသက်သာဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



လာ...လာ...ဖိုးသူတော် ဦးရွှေသီးဆိုတာ ကျွန်တော့်ဆရာပဲ။ သူက ဟိုအဆောင်လေးမှာနေတယ်''

သာဒင်က ဖိုးသူတော်ဦးရွှေသီးနေသော ကျောင်းဆောင်လေးဆီသို့ ဦးဆောင်ကာ ခေါ်သွားလေသည်။ ကျောင်းဆောင်လေးထဲသို့ ဝင်လိုက်လေသော် စာဖတ်နေသည့် ဖိုးသူတော်ကြီးက 'ဘုတ်'ခနဲ စာအုပ်ကို ပစ်ချလိုက်ပြီး သာဒင်တို့ကို မျက်မှောင်ကြုတ်ကာ တစ်ချက်ကြည့်လိုက်သည်။

''ဘာလဲဟေ့...သာဒင်''

''မှန်ပါ့ဘုရား။ လူတစ်ယောက် ပိုးထိလာလို့ပါဘုရား''

သာဒင်က ပြောပြောဆိုဆို ဖိုးသူတော် ဦးရွှေသီးကို တရိုတသေ ဝတ်ချလိုက်သည်။ ဆရာပန္နဝတို့ ဆရာတပည့်နှစ်ယောက်ကလည်း ရှိသေစွာ ဝတ်ချလိုက်ကြသည်။ ဖိုးသူတော် ဦးရွှေသီးမှာ ကြေးကွမ်းအစ်ကြီးကိုဆွဲယူလိုက်ပြီး ကွမ်းယာတစ်ယာ ကောက်ယာလိုက်သည်။ တဆတ်ဆတ်နှင့် ခေါင်းကိုညိတ်လိုက်ပြီး

''ဩော်...လူတွေ အတော်သနားစရာတော့ ကောင်းတာပဲ။ ကိုယ်လုပ်တာကိုယ် အဟုတ်ထင်နေကြပြီး မာနထောင်လွှားကြတာကိုးကွ''

သည်လိုပြောလိုက်တော့ ဆရာပန္နဝမျက်နှာငယ်ကလေးနှင့်

''တပည့်တော် နောင်ဘာရပါပြီဘုရား။ တပည့်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကို ကယ်ပါဦးဘုရား"

"အေး…သည်လိုပါပဲ။ လူတွေဟာ ကိုယ်လုပ်တာ မဟုတ်တော့ဘူးဆိုရင်တော့ ဘုရားကိုသတိရကြပြီ။ ကဲလေ ထား ပါတော့။ တို့လို သူတော်စင်ဆိုတာ ဒုက္ခရောက်နေတဲ့ သတ္တဝါ အားလုံးကို ကယ်လည်းကယ်ကောင်းတယ်။ ကယ်လည်း ကယ်ရ မယ့် ဝတ္တရားလည်းရှိပါတယ်။ ကဲကဲ…အဲဒီမြွေပါ လာသလား"

ဆရာပန္နဝက အားကိုးသောအမူအရာနှင့် မြွေဟောက် ကြီးထည့်ယူလာသော မြွေပချုပ်ကို ဖိုးသူတော်အား ရိုသေစွာကမ်း ပေးလိုက်သည်။ ဦးရွှေသီးက ပချုပ်ထဲသို့ လက်နှိုက်၍ဆွဲထုတ် လိုက်သော် မြွေဟောက်ကြီးမဟုတ်ဘဲ ကြိုးနီကလေးသာပါလာ သည်ကိုတွေ့လိုက်ကြရသည်။

"ကဲ…ရော့။ မင်းကြိုးနီကလေးနဲ့ပချုပ် ပြန်ယူသွား တော့။ မင်းတပည့်လည်း ဘာမှမဖြစ်တော့ဘူး။ အန္တရာယ်ကင်း သွားပြီ။ ဒါပေမယ့် မင်းတို့ဆရာတပည့် ဒီရွာက အမြန်ဆုံး ထွက်သွားကြတော့"

"မှန်ပါ့ဘုရား။ ကျေးဇူးကြီးလှပါတယ်ဘုရား"

ဆရာပန္နဝတို့ဆရာတပည့်လည်း ဦးသူတော်ကို ရိုသေ စွာဝတ်ချပြီး အမြန်ဆုံးထွက်ခွာသွားကြလေတော့သည်။

◆ ◆ ◆

ဒေါ်ငွေမျှင်တစ်ယောက် အိမ်မှုကိစ္စတွေ အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေး လုပ်နေသည်။ သို့သော် မျက်နှာမှာတော့ ဒေါသရိပ်တွေ လွှမ်းမိုးနေသည်။ မျက်လုံးများလည်း အရောင်တွေတောက်နေသည်။ မျိုသိပ်ထားသည့်ဒေါသတွေက အပြင်သို့ထွက် ပေါက်ရှာကာ ထွက်လာလေတော့သည်။

"တောက်...ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ မဆိုင်တာဝင်ရှုပ်တဲ့ဦးသူတော် ငါနဲ့တွေ့ဦးမယ်"

ဤသို့ မြည်တွန်တောက်တီးနေစဉ်

"ဖွားငွေမျှင် ဆွမ်းအိုးဗျို့"

အသံလာရာသို့ ဒေါ်ငွေမျှင် တစ်ချက်ကြည့်လိုက်ရာ ဦးသူတော်၏ တပည့်ဖြစ်သူ သာဒင်မှာ ဆွမ်းချိုင့်ကိုဆွဲပြီး၊ ဖိုးတုတ်က ဆွမ်းအိုးလေးကိုထမ်းလျက် မြင်လိုက်သည်။ မျက်နှာသွင်ပြင်ကို ပြောင်းလိုက်ပြီး

"ဩော်...အေး...အေး၊ မောင်ကျောင်းသားတို့ ထားခဲ့ကြ၊ ထားခဲ့ကြ"

သာဒင်တို့လည်း ဆွမ်းအိုးကို ဒေါ်ငွေမျှင့် အိမ်ထဲဝင်ထားကာ ပြန်သွားကြလေသည်။

◆ ◆ ◆

နောက်တစ်နေ့နံနက် ဆရာတော်ဘုရား ဆွမ်းဘုဉ်းပေးချိန်နီးနေပြီမို့ ဖိုးသူတော်ဦးရွှေသီးက ဆရာတော်ဘုရားအတွက် ဆွမ်းပွဲပြင်နေလေသည်။ ထိုစဉ် သာဒင်က ဆွမ်းဟင်းချိုင့်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ခွဲပြီး ဖိုးတုတ်က ဆွမ်းအိုးလေးထမ်းကာ ဆွမ်းစားကျောင်းပေါ်သို့ တက်လာသည်ကို ဖိုးသူတော်ဦးရွှေသီးမြင်လိုက်သည်။

"မင်းတို့ ဒီနေ့နောက်ကျတယ်။ ဘယ်သွားဆော့နေကြတာလဲ"

"မဆော့ပါဘူးဘုရား"

"လာ...သည့်နေရာချ။ ဘယ်သူ့အိမ်က ဆွမ်းအိုးလဲ"

"ဒေါ်ငွေမျှင်အိမ်ကပါဘုရား"

ဖိုးသူတော်ဦးရွှေသီးက ဆွမ်းဟင်းချိုင့်နဲ့ ဆွမ်းအိုးကို ဖွင့်ကြည့်လိုက်သည်။

"ဟင်"

ဦးသူတော် မျက်လုံးပြူးသွားသည်။

"ဘာဟင်းတဲ့လဲဟေ့"

"အဲဒီမှာ ကြက်သားဟင်း၊ ချဉ်ရည်ဟင်းနဲ့ ငရုတ်သီးကြော်ဘုရား"

ဟုတ်ပါသည်။ ဖွင့်ထားသည့်ဆွမ်းဟင်းချိုင့်ကို သာဒင်နှင့် ဖိုးတုတ်လည်း မြင်သည်။ ကြက်သားဟင်း၊ ချဉ်ရည်ဟင်းနှင့် ငရုတ်သီးကြော်တွေ။ ဒါပေမယ့် ဦးသူတော်က

"သွား...ဒါတွေကို ကျောင်းစည်းရိုးအပြင်မှာ သွားသွန်ပစ်လိုက်"

ဦးသူတော်စကားကိုသာဒင်ရော၊ ဖိုးတုတ်ပါ နား



www.burmeseclassic.com

www.burmeseclassic.com



မလည်နိုင်သဖြင့် တွေဝေနေစဉ်

"ဘာလုပ်နေကြတာလဲ၊ မြန်မြန်သွားသွန်လိုက်ကြ။ ဆွမ်းအိုးပါယူသွား"

ဦးသူတော်က ဝေါက်လိုက်မှ သာဒင်ရောဖိုးတုတ်ပါ ဆွမ်းဟင်းချိုင့်နှင့်ဆွမ်းအိုးကို ယှားယှားသလဲယူပြီး ကျောင်းစည်းရိုးဆီ ပြေးသွားကြသည်။ သွန်လိုက်သည့်အခါ ကြက်သားဟင်း၊ ချဉ်ရည်ဟင်း၊ ငရုတ်သီးကြော်၊ ဆွမ်းတို့မဟုတ်ဘဲ ပိုးဟပ်၊ ပရစ်၊ ပလွေ၊ လောက်ကောင်များ၊ ပိုးနီသံကောင်များ ရှစ်ရှစ်နှင့် ဖျို့အန် ချင်စရာ ပိုးကောင်များ ဖြစ်နေလေသည်။ သာဒင်နှင့် ဖိုးတုတ် လည်း ဆွမ်းဟင်းချိုင့်ရော ဆွမ်းအိုးပါ ပစ်ထားခဲ့ပြီး ဦးသူတော်ထံ တစ်ချိုးတည်းပြေးကြလေတော့သည်။

ဦးသူတော်ထံရောက်တော့ အကျိုးအကြောင်းပြောပြ လိုက်သည်။

"သာဒင်နဲ့ဖိုးတုတ်…မင်းတို့ ဒီအကြောင်းကို ဘယ်သူ့ မှမပြောကြနဲ့ ကြားလား။ ငါ့တပည့်တို့အတွက် အန္တရာယ်ရှိလို့ တားရတာကွဲ့ ကြားလား"

"မှန်လှပါဘုရား"

ထိုနေ့က ဦးသူတော်တို့ ဆရာတပည့်တစ်သိုက် ထမင်း ကောင်းကောင်းစားလို့ မရကြ။ ခေါင်ငွေမျှင်ပို့လိုက်သော ပိုးကောင် မျိုးစုံကို မျက်စိထဲကမထွက် မြင်ယောင်နေမိကြလေသည်။

အဓရူးအက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်ကလေးကြောင့် သာခင်နှင့် ဖိုးတုတ်တာ ဖွားငွေမျှင်ကို သတိထားမိလာကြသည်။ တစ်နေ့ နေလယ်ချိန်မှာတော့ သာခင်နှင့်ဖိုးတုတ် ဦးသူတော်အလစ်တွင် လေးခွတစ်ချောင်းစီကိုင်ပြီး ငှက်ပစ်ရင်း ဒေါ်ငွေမျှင်၏ယာခင်းကလေးသို့ ရောက်လာကြလေသည်။ ဒေါ်ငွေမျှင်တစ်ယောက် ယာခင်းလေးထဲတွင် ဓားကုန်းကုန်းတကွကွဖြင့် အလုပ်လုပ်နေသည်ကို သာခင်တို့မြင်ကြရသည်။

"ဟာ…ဟိုမှာ ဒေါ်ငွေမျှင်ကြီး ဘာလုပ်နေတာလဲမသိဘူး"

"ဟော့ကောင်…သူ့ဟာသူ ဘာလုပ်လုပ် သွားမစပ်စုနဲ့လာ…ပြန်မယ်"

ဖိုးတုတ်မှာ ဒေါ်ငွေမျှင့်ကို အလိုလိုကြောက်နေသည်ဖြစ်ရာ သာခင့်ကိုခေါ်ပြီးပြန်ခဲ့ကြသည်။ ဒေါ်ငွေမျှင့်အိမ်နားမှ လမ်းသင့်၍ ဖြတ်လျှောက်လာစဉ်

"ဟာ…သာခင်၊ ဟိုမှာ ဒေါ်ငွေမျှင်ကြီး"

ဟုတ်သည်။ ဒေါ်ငွေမျှင်တစ်ယောက် အိမ်ထဲမှာ အလုပ်ရှုပ်နေသည်။

"အေ…အေး…ဟုတ်သား။ ဒေါ်ငွေမျှင်နှစ်ယောက်ဖြစ်နေတယ်။ ယာခင်းထဲမှာတစ်ယောက်။ သူ့ပညာနဲ့ ဖန်ဆင်းထားတာ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ...ဖြစ်နိုင်တယ်။ ငါ့အမေကပြောတယ်။ ဒေါ်ငွေမျှင်က စုန်းမကြီးတဲ့။ စုန်းမှ ဆယ့်နှစ်ကြိုးတဲ့။ လာလာ ဘာမှမပြောနဲ့။ တို့ပြောတာကို ကြားသွားနိုင်တယ်။ ကြားသွားရင် ပြုစားလိမ့်မယ်။ လစ်ကြစို့"

နှစ်ယောက်သား တစ်ချိုးတည်းလစ်ခဲ့ကြတော့သည်။

◆ ◆ ◆

ဦးသူတော်တစ်ယောက် ကျောင်းသားတွေရှေ့တွင် ခေါင်းတဆတ်ဆတ်ညိတ်ရင်း တောင်လျှောက်လိုက်၊ မြောက်လျှောက်လိုက်လုပ်နေပြီး ခဏအကြာတွင် ကျောင်းဆင်းပေးလိုက်သည်။

"သာဒင်နဲ့ ဖိုးတုတ် နေခဲ့ကြ"

ဦးသူတော်အမိန့်ကြောင့် ကျောင်းသားတွေ ကျောင်းပေါ်မှဆင်းသွားသော်လည်း သာဒင်နှင့် ဖိုးတုတ်မှာ ဦးသူတော်ပြောမည့် စကားကိုငံ့လင့်ရင်း ငုတ်တုတ်ကလေး ကျန်ရစ်ခဲ့ကြလေသည်။

"ဟဲ...ဟဲ...ဟဲ"

ဦးသူတော်က ဘာမှမပြောသေးဘဲ မရယ်ချင့် ရယ်ချင် ရယ်ရင်း သာဒင်တို့ရှေ့ ခေါက်တုံ့ခေါက်ပြန်လျှောက်နေလေသည်။ အတန်ကြာမှ

"မိစ္ဆာတစ်ကောင်တော့ ကျွတ်ချိန်တန်ပြီနဲ့တူတယ်။ ကဲ...ကဲ...ငါ့တပည့်တို့ သည်နေ့ည ငါနဲ့လိုက်ခဲ့ရမယ်"

"ဘယ်ကိုလဲဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"သင်္ချိုင်းကုန်းက ဇရပ်ပျက်ကြီးကို"

သာဒင်ရောဖိုးတုတ်ပါ မျက်လုံးပြူးသွားကာ

"ဘုရား"

"ဘုရား လုပ်မနေကြနဲ့။ မင်းတို့ ပွဲကြီးပွဲကောင်း ကြည့်ရမယ်"

"တင်ပါ့ ဘုရား၊ ဒီလိုဆိုလိုက်ပါ့မယ်"

"ဒါဆိုလည်း အသင့်ပြင်ထားကြ"

တောင်စွယ်နေကွယ်လေပြီ။ ဦးသူတော်တို့ ဆရာတပည့်သုံးယောက် ကျောင်းမှထွက်ခဲ့ကြလေသည်။ သင်္ချိုင်းထဲဝင်လိုက်သည်နှင့် ပုတ်အဲ့အဲ့ အနံ့ဆိုးတို့က တစ်ချက်တစ်ချက်နှာခေါင်းထဲသို့ တိုးဝင်လာလေသည်။ အမှောင်ရိပ်အောက်တွင် အုတ်ဂူဖွေးဖွေးလေးများက ဟိုတစ်စု၊ သည်တစ်စု။ မြေပုံမို့မို့ကလေးများပေါ်မှ မှတ်တိုင်ကလေးများကလည်း ယိုင်တချို့လဲတချို့။

"အု..ဝူး"

သင်္ချိုင်းအလယ် ဇရပ်ပျက်ကြီးဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သည့် ခွေးအူသံကြီးက သင်္ချိုင်းထဲတွင် ပို၍ချောက်ချားစရာကောင်းသွားစေသည်။ ဦးသူတော်တို့ ဆရာတပည့်သုံးယောက်လည်း မြေပုံများကို ကျော်လိုက်ခွလိုက်၊ ကွင်းလိုက်ရှောင်လိုက်ဖြင့်အုတ်ဂူ အကြိုအကြားမှ လျှောက်လာလိုက်ပြီး ဇရပ်ပျက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တက်လိုက်သည်။ သချိုင်းစောင့်ခွေးတစ်အုပ်က မလှမ်း ပေါက်မှ ထွက်ပြေးသွားသည်ကို မြင်ကြရသည်။

စရပ်ပျက်ကြီးပေါ်သို့ရောက်သော် -

"ကဲ…သာဒင်နဲ့ဖိုးတုတ် မီးထွန်းကွာ"

သာဒင်နှင့်ဖိုးတုတ်လည်း ပါလာသည့် ဖယောင်းတိုင် တချို့ကို ထွန်းညှိလိုက်သည်။ ထို့နောက် နေရာထိုင်ခင်းများ ပြုပြင်လိုက်ကြသည်။ နေရာတကျဖြစ်ပြီဆိုသည်နှင့် ဦးသူတော် က လက်ထဲမှမြေဖြူခဲနှင့် စရပ်အခန်းထောင့်တစ်နေရာကို စည်း ဝိုင်းဝိုင်းလိုက်ကာ

"ငါ့တပည့်တို့က ပွဲကြည့်ပရိသတ်ပေါ့ကွာ။ ဒီစည်း ဝိုင်းထဲကကြည့်ကြ။ ငါဘာဖြစ်ဖြစ်၊ ဘယ်သူဘာလုပ်လုပ် ဘယ် လောက်ကြောက်စရာမြင်မြင် ဒီစည်းဝိုင်းထဲက မထွက်ကြနဲ့။ ငါခေါ်မှထွက်။ ဒီစည်းဝိုင်းထဲနေသရွေ့ မင်းတို့ ဘာအန္တရာယ် မှမရှိဘူး မှတ်ထား"

ဦးသူတော်က သာဒင်တို့အား နေရာချပေးပြီး စရပ် ပျက်ကြီး၏ခေါင်းရင်းပိုင်းကို နေရာယူလိုက်ကာ ထိုင်ပြီး ကွမ်းဝါး နေလေသည်။

"ဂီး ဂီး ဂီး ဂစ် ဂစ်"

ခဏကြာတော့ သချိုင်းထဲရှိစရပ်ပျက်ကြီးဆီသို့ ငှက်ကြီး တစ်ကောင်က အသံပေးကာ ပျံသန်းလာသည်။ ငှက်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေပ်ပျက်ရှိပြတင်းပေါက်တွင်လာနားနေလေသည်။ လူတစ်ထိုင်လောက်အရွယ်ရှိသည့် လင်းတငှက်ကြီးတစ်ကောင်ကို မီးရောင်အောက်တွင် အတိုင်းသားမြင်လိုက်ရလေသည်။ လင်းတငှက်ကြီးက အတောင်ပံအစုံကို ယှက်သိုင်းခြုံပြီး အောက်သို့ခုန်ချလိုက်စဉ်

"ဟင်...ဟာ"

သာခင်နှင့်ဖိုးတုတ် မျက်လုံးပြူးကာ အံ့သြသွားလေသည်။ ခုန်ချလာသည့်လင်းတငှက်ကြီးမှာ ဒေါ်ငွေမျှင်ဖြစ်နေသည်ကို ချောက်ခြားဖွယ်ရာတွေ့လိုက်ရ၏။

"ဟဲ...ဟဲ...ဟဲ"

ဦးသူတော်က မရယ်ချင့်ရယ်ချင် ရယ်လိုက်ကာ

"ကြွပါ ဒေါ်ငွေမျှင်"

ဒေါ်ငွေမျှင်၏မျက်လုံးများက အစိမ်းရောင်တွေ တောက်နေပြီး ဦးသူတော်အား စိုက်ကြည့်နေသည်။

"အဟိ..အဟိ..အဟိ"

ဒေါ်ငွေမျှင်က အူယားစရာအသံနှင့် ရယ်လိုက်ကာ ဦးသူတော်ရှေ့ တည့်တည့် နှစ်လံအကွာလောက်တွင် တင်ပျဉ်ခွေထိုင်လိုက်သည်။ သူ၏ ဦးခေါင်းကြီးကို လက်နှစ်ဖက်နှင့် ကိုင်မလိုက်ရာ ဦးခေါင်းကြီးက ပြုတ်၍ လက်ထဲသို့ပါလာလေသည်။ သာခင်တို့ လွန်စွာကြောက်သွားကြသည်။ ဦးသူတော်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလျက်။

"ကဲ…ဦးသူတော် စမယ်။ စမယ်ဆိုတော့ ကတိပြု ရအောင်"

ဒေါ်ငွေမျှင်၏ဦးခေါင်းပြတ်ကြီးက စကားပြောနေသလို ဦးခေါင်းမပါသည့် ဒေါ်ငွေမျှင့်ခန္ဓာကိုယ်ကြီးကလည်း လက်ဟန် ခြေဟန်လုပ်ပြနေသည်။ ဦးသူတော်က အပြုံးမပျက်ဘဲ

"ဘာကတိများလဲ ဒေါ်ငွေမျှင်"

"ဦးသူတော်ရှုံးခဲ့ရင် ဦးသူတော်တတ်တဲ့ပညာကို ဘယ် နေရာ ဘယ်အခါမှ မသုံးပါဘူးဆိုတဲ့ကတိလေ"

"ဟဲ.ဟဲ.ဟဲ…ပေးပါတယ်။ ဒေါ်ငွေမျှင်ရှုံးခဲ့ရင် ဒေါ်ငွေမျှင်တတ်တဲ့ပညာ ကျုပ်ကိုလှူရမယ်"

"ဟိဟိဟိ…ပေးပါတယ်"

ရှေ့တွင်ချထားသော သူ၏ဦးခေါင်းပြတ်ကြီးမှ ထန်းသီး မှုတ်လောက်ရှိသော ဆံထုံးတွင် ထိုးထားသည့် အရိုးကလေး တစ်ချောင်းကို နှုတ်ယူလိုက်ကာ ဦးသူတော်အား ရိုက်သည့်ဟန်ပြု လိုက်သည်။ ဦးသူတော်မှာ လူတစ်ယောက်မှ ဝါးရင်းတုတ်နှင့် ထိပ်ကိုရိုက်လိုက်သည့်အလား ဝုန်းခနဲ ပက်လက်လန်လဲကျသွား လေသည်။ ထို့နောက် ဦးသူတော်အား လူတစ်ယောက်ကလိုမ့် ရိုက်နေသလို လိမ့်၍ခံနေရလေသည်။ သာဒင်နှင့် ဖိုးတုတ်း မနေသာတော့ပေ။ဝုန်းခနဲထရပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တပည့်တို့…စည်းဝိုင်းထဲက မထွက်ကြနဲ့"

ဦးသူတော်က လူးလိမ့်နာကျင်နေသည့်ကြားမှ တပည့်များကို သတိပေးလိုက်သည်။ ထိုအခါမှ သာဒင်တို့သတိဝင်ပြီး စည်းဝိုင်းထဲပြန်ထိုင်လိုက်ကြသည်။ ဖိုးသူတော်လည်း ခါးမှခါးပန်းကြိုးကို ကြိုးစားပန်းစား ဆွဲဖြုတ်လိုက်ပြီး တစ်ချက်ဝှေ့ယမ်းလိုက်သည်။ ဒေါ်ငွေမှျင်တစ်ယောက် ကြိုးနှင့် တုပ်နှောင်ခံလိုက်ရသလို လက်နှစ်ဖက် ကျောသို့ကပ်ပြီး လှုပ်မရဖြစ်နေလေသည်။ ကန်ကျောက်ကာရုန်းသော်လည်းမရ။ အတော်မောဟိုက်လို့သွားလေသည်။

ထိုအခါမှ ဦးသူတော်က လက်ထဲမှ ခါးပန်းကြိုးကို တစ်ချက်ဝှေ့ယမ်းလိုက်ပြန်ရာ ဒေါ်ငွေမှျင်ပြန်လှုပ်ရှားလို့ ရလာလေသည်။ သို့သော် အတော်မောသွားသည်မို့ ခေါင်းမပါသည့် ဒေါ်ငွေမှျင့် ခန္ဓာကိုယ်ကြီးက ဖားဖိုကြီးလိုဖြစ်နေသည်။

ခဏမျှငြိမ်နေပြီးနောက် ဒေါ်ငွေမှျင်ကသူ့ ချုံထည်အနက်ကြီးကို ဆွဲဖြန့်လိုက်သည်။ သူ့ရှေ့မှ သူ့ခေါင်းပြုတ်ကြီးကို အုပ်လိုက်ပြီး ချုံထည်ကြီးကို ပြန်ရုပ်လိုက်သည်။ သူ့ ခေါင်းပြုတ်ကြီးက ဖားပြုပ်ကြီးတစ်ကောင်အဖြစ်ပြောင်းနေလေသည်။ ဖားပြုပ်ကြီး ကအာနီကြီး။ ပိန်လိုက်၊ ဖောင်းလိုက်နှင့် ကြောက်စရာကောင်း လှသည်။ တစ်ဖန် ဖားပြုပ်ကြီးကို ဝတ်ရုံနက်ကြီးနှင့် ဆတ်ကနဲ ပြန်အုပ်လိုက်ပြီး ဝတ်ရုံနက်ကြီး ပြန်ဖယ်လိုက်ပြန်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဖားပြုပ်ကြီးပျောက်ကွယ်သွားပြီး ဒေါ်ငွေမှုုင်၏ ခေါင်းပြတ်ကြီး ကိုပြန်မြင်တွေ့ကြရသည်။ ခေါင်းပြတ်ကြီးက မခိုးမခန့်ရယ် လိုက်ပြီး

"ကဲ…ဦးသူတော်၊ ဖားပြုပ်ကြီးကတော့ ဦးသူတော် ဗိုက်ထဲ ရောက်သွားပြီ။ အူတွေ၊ အသည်းတွေစားဖို့ အသင့်ပဲ။ အဲဒီတော့ အူတွေ၊ အသည်းတွေ အစားခံမှာလား၊ အရှုံးပေးမှာ လား"

ဦးသူတော်က သူ့ဗိုက်ကိုသူ စမ်းလိုက်သည်။

"ကွပ်…ကွပ်…ကွပ်"

စမ်းလိုက်တိုင်း ဝမ်းဗိုက်ထဲက ဖားပြုပ်ကြီးက အသံပေး နေလေသည်။

"ဟဲ…ဟဲ…ဟဲ…ဟဲ"

ဦးသူတော်က မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။ ပြီး နောက် သင်းပိုင်ခါးလိပ်ကြားမှ ဖန်ဗူးလေးတစ်ဘူးကို ထုတ် ယူလိုက်သည်။

"ဒါ ခင်ဗျားပြောတဲ့ ဖားပြုတ်ဟုတ်ပါလေစ"

ဖန်ဗူးကို ဒေါ်ငွေမှုုင့် ခေါင်းပြတ်ကြီးရှေ့သို့ ချပြလိုက် သည်။ ဖန်ဘူးထဲမှာတော့ ဖားပြုပ်ငယ်လေးတစ်ကောင်က လှုပ်ရှ လှုပ်ရှနှင့်။ ဦးသူတော်က သူ၏ဝမ်းဗိုက်ကို လက်ဖြင့်ပုတ်ပြ လိုက်သည်။ ဘာသံမျှ ထွက်မလာတော့။ ဒေါ်ငွေမှုုင့် ခေါင်းပြတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိ မျက်လုံးကြီးများပြူးလာပြီး အစ်ရှောင့်တွေတွေ [illegible]
လာသည်။

"အင်း…ဟင်း…ဟင်း"

ဒေါသ ပိုထွက်လာပြီး အံတစ်ချက်ကြိတ်လိုက်ရာ

"ဝီ…ဝီ…ဝီ"

ခြေမ၊ လက်မလောက်ရှိသော ပိတုန်းပျားကောင်တို့က တစီစီမြည်ကာ အုပ်စုလိုက်ဇရပ်ပေါ်သို့ ပျံသန်းကာ ဝင်လာကြလေသည်။ ဒေါ်ငွေမျှင်၏ ခေါင်းပြတ်ကြီးက

"အဲဒီ ဖိုးသူတော်ကို တုပ်ကြစမ်း"

ဟုအော်ဟစ်အမိန့်ပေးနေသည်။ ခေါင်းမပါသည့် ခန္ဓာကိုယ်ကြီးကလည်း လက်သီးလက်မောင်းတန်းလျက်။ သာဒင်နှင့် မိုးတုတ်သည် ဒေါ်ငွေမျှင်ပညာဖြင့် ဖန်ဆင်းလိုက်သော ပျားကောင်၊ ပိတုန်းကောင်များဖြစ်သည်ကို သိလိုက်ကြသည်။ ပျားပိတုန်းတို့မည်သည် နွေမှာသာကျင်လည်ကြသည်ကို သူတို့ကောင်းကောင်းသိထားကြသည်။

ဦးသူတော်မှာ လက်ထဲတွင်ကိုင်ထားသော ခါပန်းကြီးကို တစ်ချက်[illegible]လိုက်ပြီး အသာ[illegible]နေလိုက်ရာ ဦးသူတော်အနားသို့ ပျား[illegible]တုန်းတို့ မသိကြသလို သာဒင်တို့အနားလည်း မသိကြဘဲ ဇရပ်ပေါ်နေရာအနှံ့အပြားသော တစီစီမြည်၍ ဝဲပျံနေကြလေသည်။ ထို့ကြောင့်ဒေါ်ငွေမျှင်ပိုရှုံ့ အားမလိုအား[illegible]မရ

www.burmeseclassic.com



ဖြစ်လာပြီး ဒေါ်သထွက်ကာ ကြမ်းပြင်ကို လက်ဝါးဖြင့် ဖုန်းခနဲ တစ်ချက်ရိုက်လိုက် သည်။ ပျားပိတုန်းကောင်များကြမ်းပြင်ပေါ် သို့ တဖုတ်ဖုတ်ကျကာ သေကုန်လေသည်။

"ဟင်..."

ဦးသူတော်က မျက်လုံးပြူးသွားကာ

"ဒီမှာ ဒေါ်ငွေမှျင်၊ ခင်ဗျားနဲ့ကျုပ်ပြိုင်တာ ဒီသတ္တဝါ လေးတွေနဲ့ ဘာမှမဆိုင်ပါဘူးဗျာ။ ဒီလိုမလုပ်သင့်ပါဘူး"

"ဟော့...ငါခိုင်းတာမလုပ်ရင် သည်လိုပဲ သေရမယ်"

"ခင်ဗျား ရက်စက်လှပါလား။ အပါယ်ရောက်မှာမ ကြောက်ဘူးလား။ ခင်ဗျားကို ကျုပ်ချွတ်မှရကော့မှာပေါ့။ ကဲ... ကဲ...ခင်ဗျားလည်း ကျုပ်ကိုနိုင်ဖို့အရေး ကြံ မ်းရတာ အတော် မောသွားပြီ။ အနားယူပေဦးတော့။ ကဲ.... တပည့်တို့ ပြန်ကြ မယ်ဟေ့"

BURMESE CLASSIC

ဦးသူတော်က ထိုင်ရာမှ ထလိုက်ကာ ဇရပ်လှေကားဆီ သို့သွားလေသည်။ သာဒင်တို့လည်း နောက်မှလိုက်သွားကြသည်။ လှေကားထိပ်သို့ရောက်သော် ဒေါ်ငွေမှျင်အား သုံးယောက်သား လှည့်ကြည့်လိုက်ရာ ဒေါ်ငွေမှျင်တစ်ယောက် သူ့ ဦးခေါင်းကြီးနှင့် သူ့ခန္ဓာကိုယ်အား ပြန်ဆက်နေရာ ဆက်၍မရ ဖြစ်နေလေသည်။ ဒေါ်ငွေမှျင် သူ့အတတ်နှင့်သူ စူးလေပြီ။ ဦးသူတော်တို့ ဆရာ တပည့်သုံးယောက် ဇရပ်အောက်သို့ရောက်သော် ဖွားငွေမှျင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပြတ်ကြီးက လေထဲသို့ ပျံ့ဝဲလာကာ ဦးသူတော်၏ ရှေ့တည့်တည့်တွင်ရပ်လိုက်ပြီး

"ဦးသူတော်...တပည့်တော် အရှုံးပေးပါတယ်။ တပည့်တော်ကို သနားသောအားဖြင့် ကယ်တော်မူပါဘုရား"

"ဟဲ...ဟဲ...ဟဲ..."

ဦးသူတော်က ထုံးစံအတိုင်း မရယ်ချင့် ရယ်ချင်ရယ်လိုက်သည်။

"သည်လိုဖြစ်ရမှာပေါ့။ ပေးထားတဲ့ ကတိအတိုင်း ခင်ဗျားရဲ့ မကောင်းတဲ့ပညာကြီးကို ကျုပ်ကိုလွှဲပါတော့"

"လွှဲပါတယ်ဘုရား လွှဲပါတယ်"

"သာဓု...သာဓု...သာဓုပါဗျာ။ ကဲ...ကဲ...ခင်ဗျား ခန္ဓာကိုယ်ရှိရာကို ခင်ဗျားဦးခေါင်း သွားဆက်လိုက်ပါတော့။ ရပါပြီ"

ထိုအခါမှ ဦးခေါင်းပြတ်ကြီးက လေထဲပျံကာဝဲကာ ရေပေါ်သို့ တက်သွားလေသည်။ ဒေါင်ခွေမျှင်တစ်ယောက် တေတာင်းသည့် ပညာကြီးကို ဦးသူတော်အား အမှန်တကယ် လွှဲလိုက်လျှင်ဖြင့် အင်မတန်ကောင်းပေလိမ့်မည်။ တကယ်မလွှဲခဲ့လျှင်တော့ အပါယ်ငရဲသို့ ကျရောက်ပေလိမ့်မည်။

◆ ◆ ◆

ဘိုးသာခင်



www.burmeseclassic.com